

www.foreverspace.com.mm

www.foreverspace.com.mm

## ဒို့တာဝန်အရေးသုံးပါး

✪ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
✪ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
✪ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
✪ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

✪ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✪ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
✪ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✪ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

✪ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
✪ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
✪ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး
✪ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

✪ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
✪ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✪ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
✪ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အကြည်တော်

# ဆွေတစ်ရာ မောင်တစ်ကျိပ်

တော်ဝင်မြို့မစာအုပ်တိုက်
အမှတ်(၈၈)၊ ဒုထပ်(ညာ)၊ ၃၈-လမ်း။
ဖုန်း - ၂၄၅၂၈၄၊ ၃၇၉၄၈၇

www.foreverspace.com.mm

www.foreverspace.com.mm

# ပုံနှိပ်မှတ်တမ်း


အကြည်တော်၏ စာအုပ်အမှတ်စဉ်(၃၀)

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၈၅၄၀၇၀၇ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၀၄၈၀၉၀၇ |

| | | |
|---|---|---|
| အဖုံး ဒီဇိုင်း | - | ကိုဆန်း |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြဲ - ၀၃၉၀၀) |
| | | ၈၈၊ ၃ထပ်(ညာ)၊ ၃၃လမ်း၊ ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း (မုံရွေးပုံနှိပ်တိုက်) |
| | | ၈၀/၁၊ သံလွင်လမ်း၊ ဗဟန်း။ |
| အတွင်းပလင် | - | ကိုဦးနှင့် ညီများ |
| စာအုပ်ချုပ် | - | ကြူကြူမွေး |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၇ခုနှစ်၊ အောက်တိုဘာလ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၂၀၀၀ ကျပ် |

တော်ဝင်မြို့မစာအုပ်တိုက်

www.foreverspace.com.mm



# ဇာတ်၏အဖြေ

"အား. . . ကျွတ် ကျွတ် ကျွတ် . . ."

မွေးလူနာအမျိုးသမီးတစ်ဦးကိုဆေးရုံအတွင်းသို့ လူတစ်စု သယ်ပိုးရင်း ရောက်လာကြသည်။ အားလုံးထံတွင် အဝတ်ထုပ်များ။ ဖျာ၊ စောင်၊ ဓာတ်ဘူး၊ ကလေးကစား စရာများ၊ ချိုဘူး၊ ထမင်းအိုး၊ ဆွဲခြင်းများနှင့် မလွတ်တမ်း လွယ်ပိုးလာကြ၏။

"အောင်မလေး. . လုပ်ပါဦး. . ဗိုက်. . ဗိုက်နာလို့. . ."

မိန်းကလေး၏ နာကျင်စွာ အော်ဟစ်သံနှင့်အတူ. . .

"ဆရာဝန်. . ဆရာဝန်"

"ခွဲခန်း. . ခွဲခန်းကဘယ်မှာလဲ. . "

"ဟဲ့. . မွေးဖွားသန့်စင် အောင်မြင်တော်မူခန်းလို့ပြောလေ"

"အို. . မွေးလူနာခန်းလို့ပြောရင် ရပြီဟာကို. . ရှည်လိုက်

www.foreverspace.com.mm

သေး. . ."

"ဟော. . ဟိုမှာ. . တွန်းလှည်း. . တွန်းလှည်းလာပြီ. . "

ဆရာဝန်များက မွေးလူနာကို တွန်းလှည်းပေါ်တင်လိုက်သည်။ နောက် အုံခဲနေသော လူများကိုလှည့်ကြည့်ကာ. . .

"ဟင်"

သူ့ခမျာ ကလေးမွေးဖို့ ဒီလောက်လူအများကြီးလိုက်လာတဲ့လူနာမျိုး မမြင်ဖူး၍ထင့် အံ့အားသင့်စွာ ငေးကြည့်နေသည်။လိုက်လာကြသည့်သူများကလည်း အရွယ်စုံဆိုဒ်စုံ ပုပုရှရှ ဝေနေယှ နှစ်ဆယ်ခန့်ရှိသကိုး . . . ပြီးတော့ရိုးရိုးလိုက်လာတာလည်းမဟုတ် . . . ပါးစပ်ကတစ်ယောက်တစ်ပေါက် တရစပ်အော်ဟစ်လာကြပုံက . .

"ဟဲ့. . ဆရာဝန် အမြန်သွားတော့လေ. . ဟိုမှာ မွေးတော့မယ်. . ဟဲ့. . လမ်းမှာမွေးချတာ တို့မှာမျိုးရိုးရှိတယ်. . ဒီပုံအတိုင်းဆို လမ်းမှာပဲ မွေးမယ်နဲ့တူတယ်. . ."

"အို. . လမ်းမှာမွေးတော့လည်း ရာဇမတ်ကာ သဲဖြူခင်းပြီး. ."

"ဟယ်. . ဘာတွေလျှောက်ပြောနေတာလဲ. . တွန်းလှည်းကိုမြန်မြန်တွန်းပါ. ."

အားလုံး၏လောဆော်မှုကြောင့် ဆရာဝန်နှင့် သူနာပြုဆရာမလေးများ တွန်းလှည်းကို ကမန်းကတန်း တွန်းလိုက်ကြသည်။

"သေပါပြီအမေရဲ့. . ဒီလိုမှန်းသိရင် သမီး ယောကျ်ားမယူတော့ပါဘူး. . ကိုမြင့်ဆွေ. . ကိုမြင့်ဆွေ. . အဲဒါ . . . ရှင်. . ရှင့်ပယောဂ. ."

ဟူသော မွေးလူနာမိန်းမငယ်၏ အော်သံကလည်း စွာထွက်နေသည်။

www.foreverspace.com.mm

"အေးပါ မိန်းမရာ. . အစ်ကိုမှားမိပါတယ်. . ဝန်ခံပါတယ်. . သိပ်မအော်နဲ့နော်. . ဗိုက်ထဲက ကလေး လန့်နိုးသွားပါဦးမယ်. . "

ယောကျ်ားလူငယ်တစ်ဦး၏ နှစ်သိမ့်သံ. . .။ ဆရာဝန်က လက်တွန်းလှည်းတွန်းရင်း. . .

"နေကြပါဦး. . ဒီကလေးမရဲ့အုပ်ထိန်းသူက. . . "

ဆရာဝန်၏အမေးမဆုံးခင် သူတို့နောက် ပြေးလိုက်လာသော လူစုထံမှ. . .

"ကျွန်တော်ပါ. . . "

"ကျွန်မပါ. . . "

"ဟောဒီက ဘကြီးပါ. . . "

"ဦးလေးပါ. . . "

စသည်ဖြင့် တစ်ယောက်တစ်ပေါက် ဆူညံကုန်ပြန်၏။ ထိုအသံများကြားတော့ ဆရာဝန်မျက်လုံးပြူးသွားပြီး. . .

"ဟင်. . အုပ်ထိန်းသူတွေက များလှချည်လား. . ဘယ်လိုဖြစ်တာလဲ. . . "

ဟူသော အမေးကို အနောက်မှပြေးလိုက်လာသူများက. . .

"ကျွန်မက သူ့ရဲ့အဒေါ်ပါ. . . "

"ဘကြီးက သူ့ရဲ့ဘကြီးအရင်းပါကွယ်. . . "

"ဦးလေးက သူ့ယောကျ်ားရဲ့ဦးလေးမို့ပါ. . . "

"ကျွန်တော်က သူ့မောင်လေ. . ငယ်ငယ်ထဲက သူ့မုန့်အုပ်ကလေး ကျွန်တော်ထိန်းလာတာ. . ဒါကြောင့် သူ့ရဲ့အုပ်ထိန်းသူ. . "

"ကျွန်တော်က. . ကျွန်တော်က. . "

www.foreverspace.com.mm

အားလုံး၏ တစ်ယောက်တစ်ပေါက် အသံများကြောင့် ဆရာဝန်က စိတ်ရှုပ်စွာဖြင့်. . .

"နေကြပါဦး. . . နေကြပါဦး. . ."

အားလုံး အသံတိတ်သွား၏။ မီးဖွားခန်းရှေ့လည်း ရောက်နေပြီကိုး။

"သေပါပြီ အမေရဲ့. . ကိုမြင့်ဆွေ. . ဒါ. . ရှင့်ပယောဂ. . ရှင့်ပယောဂ. . ."

ဟူသော အော်သံလည်း စွာနေတုန်း. .။ ဆရာဝန်က အားလုံးကို ဝေ့ကြည့်ပြီး. . .

"ကဲကဲ . . . အုပ်ထိန်းသူထားတော့ . . . ဒီကလေးမရဲ့ အမျိုးသားက ဘယ်သူလဲ. . ."

ဆရာဝန်၏ အမေးဆုံးသည်နှင့် ခန္ဓာကိုယ်တောင့်တောင့်တင်းတင်းနဲ့ ဇောချွေးတွေသီးနေသော လူရွယ်တစ်ယောက် ရှေ့တိုးလာကာ. . .

"ကျွန်တော်ပါခင်ဗျာ. . ကျွန်တော်ပါ. . ကျွန်တော့်နာမည် မောင်မြင့်ဆွေပါ. . ."

လူရွယ်ကိုလည်းမြင်ရော ခုတင်ပေါ်တွင် ဗိုက်နာနေသော အမျိုးသမီးက မျက်လုံးကြီးပြူးပြီး လက်ညှိုးထိုးကာ

"သူ. . သူ. . အဲဒီ မြင့်ဆွေကြောင့်. . အား. ."

ဟူ၍ ထအော်သည်။

ဆရာဝန်က လူရွယ်ကိုကြည့်ပြီး. . .

"ဟုတ်ပြီ ကိုမြင့်ဆွေ. . ကိုမြင့်ဆွေရဲ့အမျိုးသမီးက ဗိုက်ခွဲမွေးရင် မွေးရမှာ. . အဲဒီတော့ သဘောတူကြောင်း လက်မှတ်ထိုးပေးပါ. . ."

ဆရာဝန်စကားကို လူရွှယ်က. . .

"ဟုတ်. . ဟုတ်ကဲ့. . ထိုးပေးပါ့မယ်. . ."

ဟူ၍ လက်မှတ်ထိုးပေးကာ မျက်နှာအပျက်ပျက် အယွင်းယွင်း ဖြစ်နေသော ခုတင်ပေါ်က မိန်းကလေးကို ကြင်နာစွာကြည့်ကာ. . .

"မိန်းမ. . ဘာမှအားမငယ်နဲ့သိလား. . အစ်ကို. . အပြင်ကနေ ကူညစ်ပေးနေမယ်. . ဩော်. . ပြောရဦးမယ်. . ပြောထားတဲ့ကတိအတိုင်းနော်. . ယောကျ်ားလေးရပြီဆိုမှ မွေးချလိုက်နော်. . မိန်းကလေးဆို အောင့်ထားဦး. . မမွေးနဲ့ဦး. . သိလား. . ."

ဟူ၍ ကပ်မှာနေသေးသည်။ ခုတင်ပေါ်က မိန်းကလေးကလည်း အံကြိတ်ကြိတ်ပြီး. . .

"ကိုမြင့်ဆွေ. . ရှင်ကြပ်ကြပ်သတိထား. . ရှင့်ကြောင့်ကျွန်မ ဒီလိုခံစားနေရတာ. . ကျွန်မကလေးမွေးပြီးရင် ရှင်နဲ့တွေ့မယ်. . ."

ဟူသော အော်သံကြားရသော် လူရွှယ်က ဘယ်လိုသဘောပေါက်သည်မသိ။ ပြုံးစေ့စေ့နှင့်. . .

"တွေ့မှာပါ. . တွေ့မှာပါမိန်းမရဲ့. . ကိုယ်ချင်း ကိုယ်ချင်းတွေပဲ. . ဟီဟိ. . အခန်းထဲမှာ အေးအေးဆေးဆေး ဝင်ညှစ်နော်. . ဆရာဝန်တွေအားမနာနဲ့ သိလား. ."

ဟူသော မှာကြားသံနှင့်အတူ မွေးဖွားခန်းကြီး ဂျိန်းဆိုပိတ်သွား၏။ ထိုတော့မှ ဘေးနားရှိနေသည့် အဒေါ်ကြီးက. . .

"ဒီကောင်မနှယ်အေ. . ကလေးလေးတစ်ယောက် မွေးတာဒီလောက်အော်နေရတယ်လို့. . ငါ့တုန်းကများ အပေါ့သွားရင်းနဲ့ကိုထွက်ကျခဲ့တာ. . သိတောင်မသိလိုက်ရဘူး. ."

www.foreverspace.com.mm

သူ့စကားမဆုံးမီ အနားမှ နောက်ထပ်အဒေါ်ကြီး တစ်ယောက်က. . .

"ဘယ်သိလိုက်မလဲ. . မွေးခဲ့တာကိုက တစ်ဒါဇင်ကျော်ကို. . ဟိုက. . သားဦး. . "

ဆိုတော့ နံဘေးနားရှိနေသောတစ်ယောက်က. . .

"ဟဲ့. . နင်. . ငါတို့အမျိုးကို မစော်ကားနဲ့. . . "

"အဖြစ်ပြောတာ. . ဘာလဲ. . နာတာလား ဘာလုပ်ချင်လို့လဲ တင်မေတဲ့နော်. . "

"ငါကလည်း မူမူတဲ့. . တစ်မူတည်းရှိတာ. . ဒါတောင်ရှေးမူ. . ရှေးဟောင်း ဈေးကောင်းတယ်နော့. . "

"ရှေ့မူတွေ ခေတ်မူတွေ လုပ်မနေနဲ့. . အားလုံးကို ဆွဲထုတ်ပြီး မီးရှို့ပစ်လိုက်မယ်. . တင်မေတဲ့. . "

"ဩော်. . . နင်ကပဲ ရှို့မလား. . ငါကပဲ ရှို့မလား. . ကြည့်ကြသေးတာပေါ့. . "

အခြေအနေက ရုတ်ချည်းတင်းမာသွား၏။ နှစ်ဖက်လုံးက ကုတ်ကြဖဲ့ကြတော့မယ့်အတိုင်း. . ဒါကို ခုနက မောင်မြင့်ဆွေကသာ ကြားဝင်၍. .

"တော်. . တော်ကြပါတော့ဗျာ. . ကျွန်တော့်မိန်းမ ငြိမ့်ငြိမ့် ညောင်းညောင်း ကလေးမွေးပါရစေဦး. . ခင်ဗျားတို့အော်သံကြောင့် ဟိုက ညှစ်မရဘဲနေဦးမယ်. . ခဏလေးငြိမ်နေပေးကြပါဗျာ. . "

သူ့စကားကြောင့် အားလုံးငြိမ်သက်သွား၏။ မောင်မြင့်ဆွေမှပင် ဆက်၍. . .

"ရန်ဖြစ်ချင် အိမ်ရောက်မှ ပြန်ဖြစ်ကြပါဗျာ. . ဟိုမှာ. . လေပြည်မျိုးက မွေးရလွယ်လား. . မလွယ်လားမသိ. . . "

www.foreverspace.com.mm

ဆိုမှ အားလုံး အခြေအနေမှန်ကို ပြန်သတိရသွားသည်ထင့်၊ မျက်နှာပေါ်တွင် စိုးရိမ်ရိပ်များ ပြန်သမ်းလာ၏။ အတန်ကြာမှ ဒေါ်တင်မေဆိုသူက. . .

"မောင်မြင့်ဆွေ. . "

"ဗျာ. . ကြီးကြီး. . "

"နင် အင်္ဂလိမာလသုတ်ရလား"

"အင်္ဂလိမာလသုတ်. . "

မောင်မြင့်ဆွေက မျက်မှောင်ကျုံ့ရင်း သံယောင်လိုက်သည်။

"အေးလေ. . အင်္ဂလိမာလသုတ်ရွတ်ရင် မွေးလူနာက မွေးရဖွားရ လွယ်သတဲ့. . "

"အင်္ဂလိမာလသုတ်ရွတ်ရုံနဲ့ မွေးရလွယ်ရောလား. . . "

မောင်မြင့်ဆွေ စောဒကတက်ပြန်၏။

"အေးလေ. . လူတိုင်း ကလေးမွေးရင် မွေးရလွယ်အောင် အင်္ဂလိမာလသုတ် ရွတ်ကြတာပဲ. . နင်ရွတ်ကြည့်ပါလား. . နင့် မိန်းမ လေပြည်မျိုး အမွေးရလွယ်အောင်. . "

"အင်္ဂလိမာလသုတ်က ဘယ်လိုလဲဟင်. . "

"သြော်. . အင်္ဂလိမာလသုတ်ဆိုနေမှ. . "

ဆိုတော့ မောင်မြင့်ဆွေကလည်း သူ့မိန်းမ အမွေးရလွယ်အောင်ထင့်၊ နားထင်ကြောများ ထောင်ထအောင် ကြိတ်မှိတ်စဉ်းစားရင်းမှ အင်္ဂလိမာလသုတ်ကိုသတိရပြီး . . . ဤနှယ်ဟစ်ကြွေးလိုက်၏ . . .

"အင်္ဂလိမာလတဲ့ဟေ့ . . . "

"ဝါး. . . "

ကလေးငယ်၏ငိုသံ. . .။

"မွေးပြီဟေ့. . မွေးပြီ. . ယောကျ်ားလေးကွ. ."

x x x



www.foreverspace.com.mm

www.foreverspace.com.mm



# ဇာတ်၏အခင်း

မောင်မြင့်ဆွေက သူ၏သားငယ် လသားအရွယ်ကို ပွေ့ချီထား၏။ သူ၏နံဘေးတွင် သူ့ဇနီး လေပြည်မျိုး ပြုံး၍ထိုင်နေသည်။

“အဲဒါပါပဲဗျာ. . ဟိုဘက်မှာ ထိုင်နေကြတာကတော့ လေပြည်မျိုးရဲ့ အမျိုးတွေပါ. . အဲ. . ဒီဘက်ကတော့ ကျွန်တော့်ဘက်က အမျိုးတွေပေါ့. . အမျိုးတွေများလို့ အံ့အားသင့်နေလား. . မအံ့ဩပါ နဲ့. . ဒါတောင် အပြင်ထွက်သွားသူတွေရှိသေးတယ်. . ”

“သူတို့တွေအားလုံးက ကျွန်တော်တို့ဆီကို လွန်ခဲ့ နှစ်နှစ်. . ”

“တစ်နှစ် ကိုးလနဲ့ ဆယ့်ခြောက်ရက်. . ”

လေပြည်မျိုးက ဝင်ထောက်ပေးသည်။ ဒါကို မောင်မြင့်ဆွေက. .

“အဲ. . လေပြည်ပြောသလို. . ဘယ်လောက်”

“တစ်နှစ် ကိုးလနဲ့ ဆယ့်ခြောက်ရက်၊ ငါးနာရီခွဲ. . ”

www.foreverspace.com.mm

"အင်း . . တစ်နှစ်ကိုးလဆယ့်ခြောက် ငါးနာရီခွဲ . . "

"ဆယ့်လေးစက္ကန့် . . . "

"အင်း . . အဲလောက်မှာ ရောက်ခဲ့ကြတာပါ . . သူတို့တွေရောက်လာပုံက . . အဲ . . အဲဒါကို ဇာတ်လမ်းအစကနေစပြီး ပြောမှပြည့်စုံမှာပါ . . ဇာတ်လမ်းအစကတော့ . . အစကယဉ်သကိုဆိုသလိုပေါ့ဗျာ"

X X X

www.foreverspace.com.mm

# ဆွေတစ်ရာ
# မောင်တစ်ကျိတ်

တော်ဝင်မြို့မစာအုပ်တိုက်

www.foreverspace.com.mm

သိပါတယ်
ရွှေတောင်သူရယ်. .
ကိုယ်ကလည်း
နွမ်းပါးသူပါ. .
တို့နှစ်ယောက်လုံးက
အစားအသောက်ကောင်းတဲ့
နယ်တွေက
လာကြတာပဲ. .

# ဇာတ်၏အခက်

ကျယ်ပြန့် ပြန့်ပြူးသော ပန်းခြံအတွင်း၌ သစ်လွင်တောက်ပသော မြန်မာဝတ်စုံဝတ်ထားသော လူငယ်တစ်ဦးနှင့် လုံမပျိုတစ်ဦးတို့ စာရွက်လိပ်ကလေးနှစ်ခုကို ကိုယ်စီကိုင်ရင်း ကိုယ့်အတွေးနှင့်ကိုယ် ပြုံးနေကြလေသည်။

သူတို့နှစ်ယောက်မှာ ခုနကလေးတင်မှ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ် တရားရုံး တရားသူကြီးရှေ့ လက်မှတ်ထိုးလာကြသော ဘရမ်းနယူး လင်မယားများဖြစ်ကြသည်။

နှစ်ဦးလုံး၏မျက်နှာပေါ်တွင် ရှေ့ရေးကိုတွေး၍ ရင်လေးရမည့်အစား အပြုံးပန်းများ ဝေဆာနေသည်ကိုတွေ့ရ၏။

"ကဲ. . လေပြည်ရေ. . ကိုယ်တို့နှစ်ယောက်လည်း ရည်းစားသက်တမ်း လေးနှစ်မှာ ဟိုဘက်မိဘကြည့်ရ ဒီဘက်မိဘကြည့်ရ ဟိုအမျိုးကြောင့် ဒီအမျိုးကြောင့်နဲ့ လက်ထပ်ဖို့အရေး ဝေးဝေးလာ

www.foreverspace.com.mm

ခဲ့တာ သည်နေ့မှပဲ ဆန္ဒနဲ့ဘဝ ထပ်တူကျရတော့တယ်နော်. . "

ကောင်လေး၏စကားကို လေပြေဟူသောကောင်မလေးက ရှင်လန်းစွာပြုံးရင်း. . .

"ဟုတ်ပါရဲ့. . ကိုမြင့်ဆွေရယ်. . လေပြည်တို့မှာလည်း သူများ မိသားစုလို ပြည့်စုံတဲ့ဘဝက ဆင်းသက်လာတာ မဟုတ်တော့ လက်ထပ်ဖို့အရေးတောင် အမျိုးမျိုးငဲ့ကွက်ခဲ့ရတယ်မဟုတ်လား"

မောင်မြင့်ဆွေဆိုသော ကောင်လေးက လေပြည်မျိုး လက်ကလေးကို တယုတယဆွဲကိုင်ပြီး. .

"ကဲ. . ဖြစ်ပျက်ခဲ့ ကြန့်ကြာခဲ့တာတွေကို မတွေးနဲ့တော့ မျိုး. . ကိုယ်တို့နှစ်ယောက် အခုလက်ထပ်ပြီးပြီပဲ. . ဒါကြောင့် ရှေ့ဆက် ရမယ့်ခရီးမှာ နှစ်ဦးသဘောတူ ဘယ်လိုလျှောက်လှမ်းကြမယ် ဆိုတာသာ ဆွေးနွေးကြတာပေါ့. . "

မောင်မြင့်ဆွေ၏စကားကို လေပြည်က သက်ပြင်းချရင်း. .

"လေပြည်တော့ခုလို သူများဆီမှာအလုပ်မလုပ်ချင်တော့ဘူး အစ်ကိုရယ် ကိုယ်ပိုင်အလုပ်လုပ်ဖို့ဆိုတာကလည်း. . "

လေပြည်၏စကားမဆုံးခင် မောင်မြင့်ဆွေက. .

"ကိုယ်လည်း အဲဒါပဲပြောမလို့ လေပြည်ရဲ့. . ကိုယ်လည်း သူတစ်ပါးလက်အောက်မှာ အခစားမလုပ်ချင်ဘူး. . ဖြစ်နိုင်ရင် ကိုယ်ပိုင်အလုပ်ကလေးပဲ လုပ်ချင်တယ်"

"ဒါဆို ဘာလုပ်ကြမှာလဲဟင်"

လေပြည်၏အမေးကို မောင်မြင့်ဆွေမှ မျက်မှောင်ကျုံ့ စဉ်းစားလိုက်သည်။ အတန်ကြာမှ ဝင်းလက်သောမျက်နှာဖြင့်. .

"လက်ဖက်ရည်ဆိုင်. . လက်ဖက်ရည်ဆိုင်ဖွင့်ကြမယ်. . ကိုယ့်ဦးလေးတစ်ယောက်ရဲ့ မြေကွက်ရှိတယ်လေ. . အဲဒီမြေကွက်

www.foreverspace.com.mm

ကိုပဲငှားပြီး လက်ဖက်ရည်ဆိုင် ဖွင့်ကြတာပေါ့. . သူ့မြေက လမ်းမဘေး. . ကားဂိတ်နဲ့လည်းနီးတော့ အချက်အချာကျတယ်"

"ကောင်းတယ်. . ကောင်းတယ်. . လေပြည်ကတော့ အစားအသောက် ကောင်းကောင်းလုပ်တတ်တယ်. . လေပြည့်လက်ရာနဲ့ဆို လူကြိုက်မှာသေချာတယ်"

လေပြည့်စကားကို မြင့်ဆွေကပြုံးပြီး. .

"သိပါတယ် ရွှေတောင်သူရယ်. . ကိုယ်ကလည်း နှင်းပုလဲသားပါ. . တို့နှစ်ယောက်လုံးက အစားအသောက်ကောင်းတဲ့နယ်တွေက လာကြတာပဲ. . အစားအသောက်ကောင်းဖို့ကတော့ ဘာမှပူစရာမလိုဘူး. . ဒါနဲ့ အရင်းအနှီးအတွက်က. . "

သူ့စကားမဆုံးခင် လေပြည်က သူ့လည်ပင်းက ဆွဲကြိုးလေးကိုင်တာ. .

"လေပြည့်မှာ ဆွဲကြိုးလေးရှိတယ်လေ. . ဒါလေးရောင်းပြီး အရင်းအနှီးလုပ်ကြတာပေါ့. . "

ဆိုတော့ မောင်မြင့်ဆွေကလည်း အားတက်သရောဖြင့်. .

"ကိုယ့်မှာလည်း လက်စွပ်ရှိပါတယ်. . ကိုယ့်လက်စွပ်ကလေးပါထည့်လိုက်ရင်. . လိုအပ်တဲ့အရင်းအနှီး ပြည့်ပြီပေါ့"

"ဟယ်. . နှမြောစရာ. . "

လေပြည်၏ ကရုဏာသံ။ ဒါကို မောင်မြင့်ဆွေကပြုံးရင်း. .

"ဘာလို့နှမြောရမှာလဲ လေပြည်ရဲ့. . ကိုယ်တို့နှစ်ယောက်ပေါင်းပြီး ဘဝတစ်ခုတည်ထောင်ကြရတော့မှာလေ. . သာတူညီမျှပေါ့. . ဘယ်လောက်ထိလဲဆို. . ခြင်ထောင်ထဲ တစ်ယောက်ယောက်လေလည်မိရင်တောင် တစ်ယောက်တစ်ဝက် ခွဲရှူကြရတော့မှာ. . "

"ဟယ်. . ညစ်ပတ်တယ်. . "

www.foreverspace.com.mm

ရယ်သံများ ပျံ့လွင့်နေ၏။

"ဒါနဲ့ နေပါဦး. . ဆိုင်နာမည်ကိုဘယ်လိုပေးမလဲ. . "

လေပြည်၏အမေး. . ။ မောင်မြင့်ဆွေက သူ့မေးစေ့ကို သူပြန် ကိုင်ကာ စဉ်းစားရင်း. . ။

"အင်း. . ဆိုင်နာမည်က လေပြည်နာမည်ရော ကိုယ့်နာမည်ပါ ပါအောင် ပေးကြမယ်လေ"

"အင်း. . ကောင်းသားပဲ. . ဒါဆို မြင့်လေပြည်ပေါ့"

"ဟာ. . အဲဒီနာမည် မကောင်းဘူး. . လေပြည်ဆွေဆိုရင်ရော. . "

"ဟင်. . အဲဒီနာမည်ကြီးက အဓိပ္ပာယ်လည်းမရှိပါဘူး. . မြင့်မျိုးဆိုရင် ဟုတ်သေး. . "

"မြင့်မျိုးကလည်း ဘာထူးမှာလဲ. . အဲ. . ဟုတ်ပြီ. . သိပြီ. . လေပြည့်နာမည်လည်းပါအောင် ကိုယ့်နာမည်လည်း ကပ်နေအောင်"

"ဘာနာမည်လဲဟင်. . "

လေပြည်၏ အားတက်သရောအမေး။ မောင်မြင့်ဆွေပြန်ဖြေသည်က . . .

"**ဆွေမျိုး**. . "

"**ဆွေမျိုး**. . ဟယ် လှလိုက်တာ. . ဟုတ်တယ်. . ဟုတ်တယ် ဒါဆို နှစ်ယောက်လုံးရဲ့နာမည်လည်းပါ စားသောက်သူတွေကိုလည်း ကိုယ်ဆွေကိုယ်မျိုးလို သဘောထားပြီး ဆက်ဆံမယ်ဆိုတဲ့ အဓိပ္ပါယ်လည်းသက်ရောက်တယ် . . **ဆွေမျိုး**. . ဟုတ်တယ်. . **ဆွေမျိုး**. . "

x x x

www.foreverspace.com.mm

သူတို့ခများ
နောက်နေ့
စျေးရောင်းကောင်း
ပါစေနဲ့ဟုသာ
ဆုတောင်းနေ
ကြရတော့မလိုလို

နောက် သိပ်မကြာခင်ရက်ပိုင်းအတွင်း တောင်ဥက္ကလာပ မြို့နယ်အတွင်း **ဆွေမျိုး**ဟူသော လက်ဖက်ရည်ဆိုင်တစ်ဆိုင် ပေါ်ထွက်လာ၏။ ထိုဆိုင်လေး စတင်ဖွင့်လှစ်သည်နှင့် တစ်ရပ်ကွက် လုံးရှိ လက်ဖက်ရည်သောက်သုံးသူများ ထိုဆိုင်ကို ခေတ်ကျကုန်၏။

အကြောင်းရင်းမှာ ထိုဆိုင်ကလေးသည် သန့်ရှင်းသပ်ရပ် သည့်အပြင် အစားအသောက်ကောင်းများ ရနိုင်လွန်း၍ဖြစ်သည်။

"ကျဆိမ့်. . ကျဆိမ့်. . ဒီမှာ ကျဆိမ့်မှာတာကြာပြီ"

"လာပြီ အစ်ကိုရေ. . ရှေ့ကဆရာတွေကို ဖျော်ပေးနေရ လို့ပါ"

"ဟဲ့. . ဒီမှာ နန်းကြီးသုပ်နော်. . မရသေးဘူး"

"ရပါပြီ အစ်မရေ. . သုပ်ပြီးနေပါပြီ. . "

www.foreverspace.com.mm

များပြားလှသော စားသုံးသူတွေကြား မြင့်ဆွေနှင့် လေပြည်မျိုးတို့မှာ စကားပြောချိန်ပင်မရ။ အလုပ်ကို ဇယ်ဆက်သလို လုပ်ရင်း ပျာယာခတ်နေကြရ၏။

"ဟဲ့. . နင်တို့ဆိုင်က စားပွဲထိုးမရှိဘူးလား"

"ရှာတုန်းပါ အစ်မရေ. . စားပွဲထိုးက ရှားကရှားသနဲ့. . "

"ဟေ့. . ဒီမှာ ခေါက်ဆွဲသုပ်နဲ့ ရှယ်ချိုဆိမ့်မြန်မြန်လုပ်ပါဟ . . ဆာလှပြီ"

"လာပါပြီဗျာ. . လာပါပြီ. . လေပြည်ရေ ခေါက်ဆွဲသုပ်လေး မြန်မြန်လုပ်ပါဟ"

"ရပါပြီ. . ရပါပြီ. . လမ်းကြုံရင် ဝင်ဆွဲသွားပေးစမ်းပါ. . ထမင်းကြော်နှစ်ပွဲပြင်စရာရှိသေးလို့. . "

"အေးပါ မိန်းမရာ. . အစ်ကိုရေ. . လာပြီနော်"

ဤသို့ဖြင့် တစ်နေကုန်အောင် မနားရစတမ်း၊ မီးအပူမှာနေခြေတိုအောင်လမ်းလျှောက်ရင်း နှစ်ယောက်သားလုံးပမ်းလုပ်ကိုင်ရင်း ညအချိန်တွင် လှုပ်ပင်မလှုပ်နိုင်ကြတော့။ သူတို့ခမျာနောက်နေ့ ဈေးရောင်းမကောင်း ပါစေနဲ့ဟုသာ ဆုတောင်းနေကြရတော့မလိုလို။

x x x

www.foreverspace.com.mm

အားပါတာကလည်း
ဖြည်းဖြည်းပါပေါ့ . .
တကတည်း
လူကို
လည်ပင်းညှစ်သတ်နေတဲ့
အတိုင်းပဲ . .
ကြည့်မရရင်လည်း
ပါးစပ်ကပြော

"မိန်းမရေ . ."

မြင့်ဆွေက အိပ်ရာပေါ်တွင် ဝမ်းလျားမှောက်ကာ လေဖြည်မျိုး နှိပ်ပေးနေသည်ကို ဇိမ်နှင့်ခံနေရင်းခေါ်လိုက်သည်။

"တို့နှစ်ယောက်နဲ့ ဒီတစ်ဆိုင်လုံး သိမ်းကျုံးလုပ်နေရတာ သိပ်တော့မလွယ်လောက်ဘူးထင်တယ် . . ကိုယ့်မှာ ဈေးရောင်းကောင်းမှာကိုတောင်ကြောက်နေရပြီ"

"လေဖြည်လည်း အဲဒါပဲပြောမလို့ . . မနက်မိုးမလင်းခင်က နေ ညဆယ်နာရီလောက်ထိ တစ်နေကုန်ထိုင်ရတယ်ကိုမရှိဘူး။ ကြာရင် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်နိုင်တယ်ဆိုတဲ့စာတမ်းက ကိုယ့်အတွက်ဖြစ်လိမ့်မယ် . ."

"မိန်းမ . . ဒီဘက်နည်းနည်းရွှေ့နှိပ်ပေးစမ်း"

www.foreverspace.com.mm

မောင်မြင့်ဆွေက ဇိမ်ခံရင်းပြောသည်။ ဒါပြီးလျှင် သူက လေပြေကို ပြန်နှိပ်ပေးရမည်မဟုတ်ပါလား . ။

"တို့နှစ်ယောက်တည်းနဲ့ကတော့ ရေရှည်မလွယ်လောက်ဘူးနဲ့ တူတယ် . . ကူဖော်လောင်ဖက် စားပွဲထိုးလေးခေါ်မှလားပဲ"

"ခေါ်တာတော့ ခေါ်ရမှာပေါ့ . . စားပွဲထိုးတွေက စိတ်ချရပါ့မလား . . တော်ကြာ ကိုယ့်ကိုပါ လိမ့်နေပတ်နေမှဖြင့် . ."

"ကိုယ်လည်း အဲဒါပဲစိတ်ပူနေတာ . . စားပွဲထိုးအသုံးမကျလို့ ပြုတ်သွားတဲ့ဆိုင် . . ဖျက်စီးသွားတဲ့ဆိုင်တွေက မနည်းဘူးနော် . ."

ဟုဆိုရင်း အိပ်ရာမှထကာ . .

"လာ မိန်းမ . . ကိုယ် နှိပ်ပေးမယ်"

ဟုဆိုကာ လေပြည်၏ ဇက်ကြောဆွဲပေးလိုက်သည်။

"အား . . ကျွတ် ကျွတ် . . ခုမှပဲ အညောင်းပြေတော့တယ် ကိုမြင့်ဆွေလက်က ပေါက်တယ်ဗျ . ."

"ကဲ . . အဲဒီတော့ စားပွဲထိုးကိစ္စဘယ်လိုလုပ်ကြမှာလဲ"

မောင်မြင့်ဆွေက ပြောလက်စ စကားကိုပြန်ဆက်သည်။ လေပြည်က မြင့်ဆွေနှိပ်ရာ ခေါင်းကလေးမော့ရင်း . .

"အင်း . . ခုန အစ်ကိုပြောသလိုပဲလေ . . ရန်ကုန်က အပါးဝပြီးသားစားပွဲထိုးတွေက စိတ်ချရတာမဟုတ်ဘူး . . အဲဒီတော့ . ."

"အဲဒီတော့ . ."

လေပြည်က စကားမဆက်သေး။ အရေးကြီးတဲ့ကိစ္စမို့ အသေအချာစဉ်းစားနေပုံရ၏။ အတန်ကြာမှ ပြောလက်စ စကားကို ပြန်ဆက်ကာ . .

"အဲဒီတော့ နယ်မှာရှိနေတဲ့ကိုယ့်အမျိုးတွေကိုပဲ အကူအညီတောင်းကြည့်ရင် ကောင်းမလားလို့ . ."

သူ့စကားကြားသည်နှင့် မြင့်ဆွေလည်း ဝမ်းသာသွားပြီး. .

"ဟာ. . ကိုယ်လည်း အဲဒါပဲပြောမလို့. . အဲဒါကိုပြောမလို့. ."

"အောင်မလေး သေပါပြီ. . လည်ပင်းကိုမှ အတင်းညှစ်ရသလား. . အောင်မလေးတော်"

မြင့်ဆွေဝမ်းသာလွန်း၍ အားပါသွားသည်ထင့်။ နှိပ်ရာမှ ညှစ်သည့်အဆင့်ကို ရောက်သွားရ၏။

"ဆောရီး. . ဆောရီး. . ကိုယ်လည်း ဝမ်းသာလွန်းသွားလို့ . . အားပါသွားတာ. ."

"အားပါတာကလည်း ဖြည်းဖြည်းပါပေါ့. . တကတည်း လူကို လည်ပင်းညှစ်သတ်နေတဲ့အတိုင်းပဲ. . ကြည့်မရရင်လည်း ပါးစပ်ကပြောပါလား. ."

"မဟုတ်ပါဘူး မိန်းမရာ. . ကဲ. . ကဲ. . ထားပါတော့. . အမျိုးတွေက ဘယ်တော့သွားခေါ်မှာလဲဟင်"

"မနက်ဖြန်. ."

"ဟင်. ."

လေပြည်က ခပ်တိုတိုပဲပြန်ဖြေပြီး အိပ်ရာပေါ်လှဲချလိုက်၏။ မြင့်ဆွေကသာ ဇက်မရှိသောလက်က လေထဲဆရင်း ကြောင်ငေးနေ၏။ အတန်ကြာမှ. .

"အင်းလေ. . မနက်ဖြန်တစ်ရက်တော့ တို့ဆိုင်ပိတ်ပြီး နယ်ပြန် ကြတာပေါ့. . ကိုယ်လည်း ကိုယ့်အမျိုးနည်းနည်းခေါ် လေပြည်လည်း လေပြည့်အမျိုး နည်းနည်းပြန်ခေါ်ပေါ့ ဟုတ်ဘူးလား . . ပြောမယ့်သာပြောရတာ . . . အမျိုးတွေလည်း ကိုယ့်အလုပ်နဲ့ကို ဆိုတော့ ခေါ်လို့တောင်ရပ့ါမလားပဲ . . . အင်း . . ဆိုင်ကလည်း

www.foreverspace.com.mm

တစ်ရက်ပိတ်သွားရမှာဆိုတော့ နှမြောစရာ. . ဖောက်သည်တွေလည်း အားနာစရာကြီးနော် လေပြည်. . ”

သူကသာ တစ်ယောက်တည်းပြောနေတာ၊ ဟိုက အိပ်ပျော်လို့ လုံချည်တောင်. . ရင်ခေါင်းတောင်တက်စည်းနေပြီ. . . အဲ . . . ဆောရီး . . . ဆောရီး . . . ဝတ်ထားတာတစ်ထည် . . . ခြုံထားတာက တစ်ထည်ပါ . . . . ။

x x x

www.foreverspace.com.mm

ဒီရွာမှာ
လှည့်ပတ်မေးကြည့်။
အသုဘမှန်ရင်
တင်မေ့လက်ရာချည်းပဲ
တင်မေလက်နဲ့
လွတ်တဲ့
မသာကိုမရှိဘူး။

"အဲဒါပါပဲ ဒေါ်ကြီးရေ. . ဆိုင်ကလည်း အရမ်းအရောင်းအဝယ်ကောင်းနေတော့ ကျွန်တော်တို့လင်မယားနှစ်ယောက်တည်း မနိုင်ဖြစ်နေတာ. . ရန်ကုန်က စားပွဲထိုးတွေကလည်း မယုံရတော့ ကိုယ့်အမျိုးကိုယ်ပြန်အကူအညီတောင်းရတာ. . "

မောင်မြင့်ဆွေ၏စကားကို အရှေ့မှာ ဂရုတစိုက်နားထောင်နေသော ဒေါ်တင်မေက မျက်နှာဝင်းလက်သွားပြီး. .

"အိုး. . ဒါဆိုလည်း တို့တွေကူညီရတာပေါ့. . "

"ဟဲ့. . နင့်ဆိုင်မှာ ပလာတာတို့ စမူဆာတို့ဘယ်သူလုပ်လဲ. . "

"အဲ. . အဲဒါက တခြားဆိုင်ကမှာ. . "

သူ့စကားမဆုံးမီပင် ဒေါ်တင်မေကလက်ကာပြပြီး. .

www.foreverspace.com.mm



"မှာမနေနဲ့. . ငါ့တူ ဘိုထွန်းရှိတယ်. . သူက ပလာတာ. . စမူဆာ. . အီကြာကွေး အစုံရတယ်"

ဒေါ်တင်မေစကားကြောင့် မောင်မြင့်ဆွေဝမ်းသာသွားကာ

"ဟ. . ဒါဆိုအတော်ပဲ သူ့ကိုပါခေါ်သွားတာပေါ့. . "

"သူ့တင်လား. . လက်ဖက်ရည်ဖျော်ဖို့ဆို ဦးချက်စူရှိတာပဲ. . စားပွဲထိုးဖို့ဆို ကောင်လေးတို့ ဝေလင်းတို့ခေါ်ပေါ့. . နောက်ပြီး အသုပ်တို့မုန့်ဟင်းခါးတို့ကတော့ ငါချက်ပေးမယ်. . ငါ့တာဝန်ထား"

ဒေါ်တင်မေက သူ့ရင်ဘတ်ကို တဘုန်းဘုန်းထုရင်းစီမံနေသည်။ ဒါကို မောင်မြင့်ဆွေကသာ မတင်မကျနှင့်. .

"နို့. . နေပါဦး. . ဒေါ်ကြီးက မုန့်ဟင်းခါးတို့ အသုပ်တို့ချက်ဖူးလို့လား. . "

"အိုး. . ချက်ဖူး မဖူးကတော့ ဒီရွာမှာလှည့်ပတ်မေးကြည့်. . အသုဘာမှန်ရင် တင်မေ့လက်ရာချည်းပဲ . . . တင်မေ့လက်နဲ့ လွတ်တဲ့မသာကိုမရှိဘူး. . "

"အင်. . "

တောက်. . တွေ့နေပါပြီ။ အသုဘာမုန့်ဟင်းခါးနဲ့ လက်ဖက်ရည်ဆိုင်. . ။ အေးလေ. . ဘာပဲပြောပြော ကူညီတာနဲ့တင် ဝမ်းသာလှပါပြီ. . ။

ဤသို့ဖြင့်. .

X X X

www.foreverspace.com.mm

နှစ်ဖက်လုံးက
အမျိုးတွေ
ချည်းပဲဆိုတော့
ချက်ချင်းပြန်လှည့်လို့
ဘယ်ကောင်းမှာလဲ . .

“ဟာ”

“ဟင်”

ဆိုင်ရှေ့မှာမြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် လေပြည်ရော မြင့်ဆွေပါ အံ့အားသင့်စွာ ကြက်သေသေသွားကြသည်။

မသေခံနိုင်ရိုးလား . ။

သူ့ဘက်မှာလည်း အထုပ်အပိုးကိုယ်စီနဲ့ လူခြောက်ယောက်။ ကိုယ့်ဘက်မှာလည်း အထုပ်အပိုးကိုယ်စီနဲ့ ခြောက်ယောက် . ။ သူတို့နှစ်ယောက်ပါဆို ပေါင်းဆယ့်လေးယောက်။

တွေ့တာကလည်း ထိပ်တိုက်ကြီး .

လေပြည်နှင့်မြင့်ဆွေ တိုင်ပင်မထားပါဘဲ အရှေ့သို့ပြေးထွက်လာကြပြီး .

"ဘယ်လိုဖြစ်လာတာလဲ"

"အဲဒါပဲမေးမလို့. . ဘယ်လိုလဲဟင် . ."

"ဘယ်သိမှာလဲ. ."

နှစ်ယောက်လုံးအံ့အားသင့်ပြီး ဘယ်ကစ၍ ဘာပြောရမှန်းမသိဖြစ်နေကြ၏။ နောက်မှ မြင့်ဆွေက. .

"ဘယ်လိုလုပ်ပြီး လူတွေအများကြီးခေါ်လာရတာလဲ. ."

သူ့အမေးကို လေပြည်က. .

"ဘယ်သိမှာလဲ. . သူတို့လည်း ကူညီမယ်ဆိုပြီး လိုရမည်ရခေါ်လာတာ. . အားလုံးကလက်ဖက်ရည်ဆိုင်နဲ့ပတ်သက်ပြီး ကျွမ်းကျင်ပြီးသားတွေ . . . ပြီးတော့လေပြည့်အမျိုးအရင်းကြီးတွေ အစ်ကိုကရော. ."

လေပြည်ပြန်မေးလိုက်တဲ့အမေးကို မြင့်ဆွေကခေါင်းကုတ်ပြီး

"အေးလေ. . ကိုယ့်ကိုလည်း သူတို့က ကူညီမယ်ဆိုလို့ခေါ်လာတာ. . သူတို့လည်းကိုယ့်အမျိုးအရင်းကြီးတွေပဲပေါ့ . . . ပြီးတော့ လက်ဖက်ရည်ဆိုင်နဲ့ပါတ်သက်ရင် လုပ်ဖူးကိုင်ဖူးတွေချည်းပဲ. . . အခု ဘယ်လိုလုပ်ကြမှာလဲ. ."

"ဩော်. . ဘယ်လိုလုပ်ရမှာလဲ. . နှစ်ဖက်လုံးက အမျိုးတွေချည်းပဲဆိုတော့ ချက်ချင်းပြန်လွှတ်လို့ ဘယ်ကောင်းမှာလဲ. . ခဏတော့ အခြေအနေကြည့်ပြီးမှ ပြန်လွှတ်ကြတာပေါ့. . ဒါနဲ့ အစ်ကို့လူတွေကရော. ."

"ဩော်. . ကိုယ့်အမျိုးတွေကလည်း လူမှုရေး ဒီလောက်မညံ့ပါဘူး. . ကဲ. . အမျိုးတွေကို အိမ်ထဲခေါ်လိုက်ကြရအောင်. ."

ဟုဆိုကာ အမျိုးများဘက် ပြုံး၍. .

"ကဲ. . ကြီးကြီး. . ဒေါ်ဒေါ်. . ဦးဦး. . ကိုကို. . မမတို့ အိမ်ထဲ ကြွကြပါခင်ဗျား. ."



www.foreverspace.com.mm

အမလေး. . . တွန်းတိုက်တိုးဝင်လိုက်ကြတာများ နွားရိုင်းသွင်းမိသလားမှတ်ရတယ်. . .။

x x x



www.foreverspace.com.mm

အေး. . အခုကတည်းက
ကော်ဖီဆိုကော်ဖီ
ရှင်းရှင်းမပြော
ဘူး. . အဲလိုပြောရင်
ဖျော်မှာပေါ့ကွ. .

နောက်တစ်နေ့ မနက်ခင်း ဆွေမျိုးလက်ဖက်ရည်ဆိုင်တွင် စားသုံးသူထက် များနေသော စားပွဲထိုးအကူလူတွေမြင်ရတော့ အားလုံးအံ့အားသင့်နေကြရ၏။

"ဟေ့. . ဒီမှာ မှာမယ်ဟေ့"

စားသုံးသူတစ်ယောက်၏အော်သံ။ နှစ်ဖက်အမျိုးများဖြစ်သော စားပွဲထိုး ဝေလင်း၊ ကောင်လေး၊ စပါယ်အုံးနှင့် ကျော်ရဲတို့ လေးဦး ပြေးသွားသည်။

"ဘာမှာမလဲ အစ်ကို"

"ဘာစားမှာလဲ"

"ဘာသောက်မှာလဲ"

www.foreverspace.com.mm

"ဘာဆေးလိပ်လဲ"

စားပွဲထိုး ဝိုင်းဝိုင်းလည်နေသည်မို့ စားသုံးသူက စိတ်ညစ်ပြီး

"အာ. . တစ်ယောက်ဆို ရပါပြီကွာ. . ခေါက်ဆွဲသုပ် ပဲကြော် နဲ့တစ်ပွဲ၊ ကျဆိမ့်ဂိတ်ဆုံးတစ်ခွက် . . . အဲဒါပဲ မြန်မြန်ချ"

လေးယောက်လုံး ဂဏှာမငြိမ်ပြေးထွက်သွားပြီး တစ်ယောက်တစ်ပေါက်နှင့်. .

"ခေါက်ဆွဲသုပ် ပဲကြော်နဲ့တစ်ပွဲ. . ကျဆိမ့်တစ်ခွက်. . . . "

"ကျဆိမ့် ဂိတ်ဆုံး. . ခေါက်ဆွဲသုပ် ပဲကြော်နဲ့တစ်ပွဲပါ ပြင်ထား. . "

"ပြင်ထားနော် . . . ကျမှာဆိမ့်မယ် . . . ဂိတ်မှာဆုံးမယ် ခေါက်ဆွဲမှာ ငပဲဖိုးမယ် . . . ကွန်ဖောမှာ. . . စားဘဲအောင်လုပ် ပေးမယ် ဆရာ . . . "

လေးယောက်လုံး တစ်ယောက်တစ်ပေါက်အော်ကြတော့ အသုပ် သုပ်နေသူ လေပြည်၏အဒေါ် ဒေါ်မူမူနှင့် မြင့်ဆွေ၏အကြီး ဒေါ်တင်မေတို့မှာ . . .

"ဟော. . အသုပ်လေးပွဲတောင်မှာတယ်. . အစ်မ နှစ်ပွဲသုပ် ကျွန်မ နှစ်ပွဲသုပ်မယ်. . အစ်မရေ. . ဆီချက်ကလေး ဒီဘက် ကမ်းပေးပါဦး"

ဟူသော ဒေါ်မူမူစကားကို ဒေါ်တင်မေက ချစ်ခင်ကြင်နာစွာဖြင့်. .

"အေး အေး. . ရမယ် ရမယ်. . ညီမတို့ဘက်က ဆီချက် အရမ်းသုံးတာပဲနော်. . မမတို့ဘက်ကျတော့ ပဲမှုန့်နဲ့အချဉ်ရည်ကို အဓိကထားတာ"

www.foreverspace.com.mm

"ဟုတ်လား. . ကျွန်မတို့ဘက်ကတော့ ဆီချက်က အဓိက ပဲ. . ဆီချက်ထဲမှာ အရသာအစုံပါတာလေ. .  ဒါမှစားလို့ကောင်း တာ"

"အောင်မယ်. . အစ်မတို့ အသုပ်လည်း စားကြည့်ပါဦးနော်. . "

"ဟင်း ဟင်း. . ဟုတ်ပါပြီ အစ်မရယ်. . ဟင်းဟင်း. . "

နှစ်ယောက်သား အသုပ် သုပ်ရင်း အတိုင်အဖောက်တွေညီနေကြ၏။

"ဦးဖိုးထောင်. . ကျဆိမ့်မှာထားတယ်နော်. . "

"ရမယ်. . ရမယ်. . ချိုဆိမ့်လေး"

"မဟုတ်ဘူး. . ကျဆိမ့်ဂိတ်ဆုံး"

"ချိုဆိမ့် ကျောက်ပန်းတောင်း. . လာပြီလေ. . "

ဖြစ်ချင်တော့ လေပြည်မျိုးခေါ် လာသော သူ့ဘကြီး ဦးဖိုးထောင်မှာ လက်ဖက်ရည်သာ အဖျော်ကောင်းသော်လည်း နားအင်မတန် လေးလှသူဖြစ်၏။ သူနားလေးနေတာကိုလည်း လူမသိစေချင်။ ဟန်ဆောင် ပန်ဆောင်နှင့် ကြားချင်ယောင်က ဆောင်သေး၏။ ပြီးတော့ နားသာလေးတာ လက်ချာကတော့ အလွန်လွတ်လှသဗျ။ သူနံဘေး နားက မြင့်ဆွေဦးလေး အရက်သမား ဦးပေစိကို လက်ဖက်ရည် ဖျော်ရင်း သင်ပြပေးနေလေသည်။

"ဒီမှာ ပေစိရ . .  လက်ဖက်ရည်သောက်တဲ့သူတွေက တစ်ယောက်နဲ့တစ်ယောက် မတူဘူးကွ. . တချို့က ကျဆိမ့်၊ တချို့က ချိုဆိမ့်ပေါ့ကွာ. . လူဆိုတာ ဦးစားပေးခံရမှကျေနပ်တာကလား ဒီတော့ လာသောက်တဲ့သူတိုင်းကို မှတ်ထားရတယ်. . ပြီးရင် သူမမှာခင် ဖျော်ပေးတတ်ရတယ်"

www.foreverspace.com.mm

သူဘာပြောပြော ဦးပေစိက သူ့ခွက်ပုံးနှင့်သူ ဟုတ်နေသည်။ အရက်တစ်ခွက်သောက်လိုက် ဒေါ်တင်မေတို့ဘက်သွားပြီး အကြော် အပုံကလေးယူဝါးလိုက်နှင့် ဆက်ရက်မင်းစည်းစိမ်ကျနေ၏။

"မင်းမှတ်ထား. . ကျောက်ပန်းတောင်း ဂိတ်ဆုံးဆိုတာ သကြားကို ဟောဒီလို အားမနာတမ်းပစ်ထည့်မှ လက်ဖက်ရည်က ချိုအီပြီး အရသာရှိတာကွ. . "

ဦးဖိုးထောင်ကပါးစပ်ကလည်းပြောရင်း သကြားကို အလကားရထားသည့်အတိုင်း လက်တစ်ဆုပ်ခန့်ကို ဖြန်းခနဲပစ်ထည့်လိုက်သည်။ ထိုအချိန်မှာပင် ကောင်လေးက. .

"ဦးဖိုးထောင်. . မှာထားတဲ့လက်ဖက်ရည်ရပြီလား. . "

ဆိုတော့ ဦးဖိုးထောင်က ခပ်တည်တည်နဲ့. .

"ရပြီလေကွာ. . ရတာကြာပေါ့. . ရော့ ဆွဲသွား. . နောက်ဘာမှာထားသေးလဲ"

"ကော်ဖီတစ်ခွက်ရှိတယ်"

ကောင်လေးရဲ့စကားကို ဦးဖိုးထောင်က မျက်မှောင်ကျုံ့ရင်း

"တော်ဖီ. . တော်ဖီမရောင်းဘူးလေကွာ"

ဦးဖိုးထောင်အဖြေကြောင့် ကောင်လေးစိတ်ညစ်သွားပြီး. .

"ကော်ဖီ. . ကော်ဖီ. . ကော်ဖီကိုပြောတာ. . "

ဟူ၍ ထအော်သည်။ ဒါကို ဦးဖိုးထောင်က စိတ်ဆိုးသလိုဟန်မျိုးနဲ့ လက်ထဲကခွက်ကို စားပွဲပေါ်ပစ်ချပြီး. .

"ဟေ့ကောင်. . ငါနားမလေးဘူး ကြားတယ်. . ဒီဆိုင်မှာ ပက်စီလည်းမရှိဘူး. . "

"မဟုတ်ဘူး. . ကော်ဖီလေဗျာ. . ကော်ဖီ. . "

www.foreverspace.com.mm

ဆိုတော့ ဦးဖိုးထောင်က ခါးကိုထောက်ပြီး. .

"ဟေ့ကောင်. . မင်းကများ ငါ့ကိုတော်ပြီလေးဘာလေးနဲ့ ဘာလဲ စကားမပြောချင်တဲ့အထာလား. . မင်းက လူမိုက်လား"

ကောင်လေးက စိတ်ပျက်လက်ပျက်နှင့် တစ်ဖက်လှည့် ရင်း. .

"တော်ပြီဗျာ. . ဘာမှမပြောတော့ဘူး"

ဆိုမှ ဦးဖိုးထောင်က. .

"အေး. . အစကတည်းက ကော်ဖီဆိုကော်ဖီ ရှင်းရှင်းမပြောဘူး. . အဲလိုပြောရင် ဖျော်မှာပေါ့ကွ. . ဟေ့. . ကော်ဖီဖျော်ပဟေ့ဆွဲ . . . ဦးတူ . ."

ဆိုပြီး ကော်ဖီတစ်ခွက်ထဖျော်၏။ တစ်ဖက်တွင်လည်း. .

"ဟေ့. . ဒီမှာ အသုပ်ရပြီဟေ့"

ခုနမှာထားသော လေးယောက်လုံး အသုပ်ပန်းကန်များ ပြေးယူကြသည်။ နောက်မှ ယူသူကိုချပေးတော့. .

"ဟင်. . ငါမှာတာ တစ်ပွဲပဲလေ. . ဘယ့်နှယ် လေးပွဲတောင် လာချတာလဲ"

ဆိုတော့ လေးယောက်သား မျက်နှာငယ်လေးတွေနှင့် ပန်းကန်လေးတွေကိုင်ပြီး. .

"အစ်ကို ဘယ်သူ့ကိုမှာတာလဲဟင်"

"ဟင်. . မင်းတို့လေးယောက်ပဲ ငါ့ကိုလာမေးလို့ မှာလိုက်တယ်လေ"

စားသုံးသူရဲ့စကားကို နှုတ်သွက်လျှာသွက်ရှိသော ကျော်ရဲက . . . .

"တွေ့လား. . ဒါဆို ငါ့ကိုမှာတာ. . ငါ ဒီစားပွဲကိုအရင်ဆုံး ရောက်လာတာ. ."

www.foreverspace.com.mm

ဆိုတော့ လူလည်ကောင်လေးက. .

"အေး. . ဒါဆို မင်းလက်ထဲကပန်းကန်ချပေးလိုက်လေ. . "

ကျော်ရဲက ပန်းကန်ချပေးမလို့လုပ်ပြီးမှ သတိရကာ. .

"အို. . ဘာလို့ချရမှာလဲ. . မင်းတို့လက်ထဲက ပန်းကန်တွေ ချပေးလိုက်ပါလား"

ဆိုတော့ အားလုံး ကိုယ့်ပန်းကန်ကိုယ်ဖွက်ပြီး. .

"မချနိုင်ဘူး. . မင်းဘာသာမင်း မင်းပဲပြောတာလေ . . . မင်းကိုမှာတာဆို . . "

ဆိုပြီး အားလုံး ပန်းကန်ဖွက်ထားကြသည်။ ဟုတ်တယ်လေ။ ကိုယ့်လက်ထဲကအပိုပန်းကန် ကိုယ်ဘယ်လက်လွှတ်ခံမှာလဲ၊ ကိုယ့်ဘာသာကိုယ် စားပစ်မှာပေါ့။ ဒါကို စားသုံးသူက စိတ်ဆိုးလာပြီး. .

"ကဲ. . ဟေ့ကောင်တွေ. . မင်းတို့ စားစရာချမှာလား. . မချဘူးလားပြော"

အားလုံး မင်းချ၊ ငါချလုပ်နေရာမှ စားသုံးသူစကားကြားတော့ ကောင်လေးကညှိပြီး. .

"ဒါဆို မင်းဆီက နည်းနည်းချ. . ငါတို့ဆီက နည်းနည်းစီချမယ်. . တစ်ပန်းကန်စာပြည့်ရင် ဒီလူကြီးစားမှာပဲ. . "

ဆိုတော့ အားလုံးသဘောတူသွားပြီး. .

"အေး. . ဒါဆိုပြီးရော. . ပန်းကန်တစ်ချပ်သွားယူ. . "

ဆိုကာ ပန်းကန်တစ်ချပ် စားသုံးသူရှေ့ချပြီး ကိုယ့်ပန်းကန်ထဲကရှိတာတွေ နည်းနည်းစီပုံပေးလိုက်သည်။

သူ့ရှေ့ပန်းကန်လွှတ်ထဲ တစ်ယောက်နည်းနည်းစီ

ဆွမ်းလောင်းသလို ပက်ခနဲပက်ခနဲ လာပုံချနေတာမြင်တော့ စားသုံးသူလည်း အတော်တင်းသွားပြီး. .

"ဟင်. . မင်းတို့ ဘာလုပ်တာလဲကွ ဟေ. . ငါ့ကိုများ သူတောင်းစားထင်လို့လား. ."

သူ့စကားကို စပါယ်အုံးက. .

"သူတောင်းစားဆို ဒီလောက်ဘယ်ရမလဲ. . ဟောဒီ လောက်ပဲ ရမှာပေါ့. ."

ဆိုကာ ဟိုလူ့ပန်းကန်ထဲထည့်ထားသော သူ့အပုံကို ပြန်ခပ်ထည့်လိုက်တော့ ဟိုလူလည်း အရှေ့က စားပွဲကို ဒုန်းခနဲထကန်ကာ

"တော်ပြီကွာ. . မင်းတို့ဆိုင် တစ်သက်လုံးလာမစားဘူး"

ဟုဆိုကာထွက်ချသွားလေတော့သည်။ ဒါကိုတောင် အခွက်မာလှသော အနှီငတိလေးယောက်က လက်ထဲရှိနေသော အသုပ်ကိုယ်စီစားရင်း. .

"မလာရင် နေပေါ့. . . . သူ့ရောင်းရုံနဲ့သူ့ငွေးဖြစ်မှာကျနေတာပဲ . . ."

ဟုဆိုကာ အသုပ်များကိုပလုပ်ပလောင်းစားရင်း တစ်ခွက်တည်းသော လက်ဖက်ရည်ခွက်ကို လုသောက်နေကြသေး၏။ ထိုအချိန်မှာပင်. .

"ဟောဒီမှာ ရှင်းမယ်ဟေ့"

ဆိုသော ခေါ်သံကြား၍ လေးယောက်လုံး ယောင်တောင်ပေါင်တောင်နှင့် စားပွဲဝိုင်းနား ကပ်သွားကြပြန်၏။

"ဒီမှာ. . လက်ဖက်ရည်တစ်ခွက်. . ပဲအီကြာတစ်ပွဲ ဘယ်လောက်လဲ"



www.foreverspace.com.mm

www.foreverspace.com.mm

ဆိုတော့ ဝေလင်းက စပြီး. .

"ဟေ့ကောင် ကောင်လေး. . လက်ဖက်ရည်တစ်ခွက်က ဘယ်လောက်လဲ"

ကောင်လေး မျက်မှောင်ကျုံ့သွား၏။ နောက် ဂရုမစိုက်သလို ဟန်မျိုးနဲ့ လက်ထဲကအသုပ်ကို ပါးစပ်ထဲ ပက်ခနဲပစ်သွင်းရင်း. .

"ငါလည်း ဘယ်သိပါ့မလဲကွ. . ကျန်တဲ့ကောင် မေးကြည့်ပါလား"

ဆိုတော့ ဝေလင်းက ကျန်နှစ်ယောက်ဘက်လှည့်ပြီး. .

"စပါယ်အုံး. . လက်ဖက်ရည်တစ်ခွက်ဘယ်လောက်တဲ့လဲ"

"မသိဘူးလေကွာ. . ငါလည်း ဒီမနက်ပဲ မင်းနဲ့အတူအလုပ်ဝင်တာပဲ. . ဘယ်သိမလဲ"

"ကျော်ရဲရော. . "

"ငါလည်း ဘယ်သိပါ့မလဲကွ. . အဲ. . လက်ဖက်ရည်ဖျော်တဲ့ ဦးဖိုးထောင်ကိုမေးရင်တော့သိလိမ့်မယ်"

ဆိုတော့မှ ဝေလင်းသတိရပြီး ဦးဖိုးထောင်ဘက်လှည့်ကာ အသံကျယ်ကျယ်နှင့် မေးလိုက်သည်။

"ဦးဖိုးထောင်. . လက်ဖက်ရည်တစ်ခွက် ဘယ်လောက်လဲ"

သူ့အမေးကို ဟိုကလည်း နားလေးနေသူမို့. .

"အေး အေး. . ဖျော်ပြီဟေ့. . ချိုဆိမ့်လား ကျဆိမ့်လား မေးဦးဟ. . တော်ကြာ မှားဖျော်နေမိဦးမယ်"

ဝေလင်းလည်း စိတ်မရှည်နိုင်စွာဖြင့်. .

"ဟား. . လက်ဖက်ရည်တစ်ခွက် ဘယ်လောက်လဲလို့ မေးတာ"

www.foreverspace.com.mm

ဆိုတော့ ဦးဖိုးထောင်ဘေးနား မူးပြီး ယိုင်ထိုးယိုင်ထိုးဖြစ်နေသည့် ဦးပေစိက. .

"အာ. . လက်ဖက်ရည်တစ်ခွက် ဘယ်လောက်ရှိရမှာလဲ. . ခွက်မပြည့်တပြည့်ပေါ့ကွ"

သူတို့ဖြစ်နေပုံကိုကြည့်ပြီး စားသုံးသူက. .

"ကဲ. . မင်းတို့ လက်ဖက်ရည်ဈေးစုံစမ်းလို့ ဒီနေ့ ပြီးဦးမှာလား. . လက်ဖက်ရည်ဈေးမသိရင်နေတော့. . ငါသွားပြီ"

ဆိုပြီး ထထွက်ရန်ပြင်တော့မှ ဝေလင်းက ပျာပျာသလဲဖြင့်. .

"နေပါဦး. . နေပါဦး. . မေးပေးပါ့မယ်"

ဆိုကာ ကောင်တာတွင်ရှိနေသော မောင်မြင့်ဆွေတို့ဘက် လှည့်၍. .

"ကိုမြင့်ဆွေ. . လက်ဖက်ရည်တစ်ခွက် ဘယ်လောက်လဲ"

"လက်ဖက်ရည်တစ်ခွက် တစ်ရာ့ငါးဆယ်လေကွာ"

"ပဲအီကြာကရော. ."

"ပဲအီကြာက နှစ်ရာ. ."

"သြော်. . ဟုတ်ပြီ. . ဟုတ်ပြီ"

ဟုဆိုကာ ဟိုကောင်တွေဘက်ပြန်လှည့်ကာ. .

"ဟော့ကောင်. . နှစ်ရာနဲ့ တစ်ရာ့ငါးဆယ်ပေါင်းရင် ဘယ်လောက်လဲ"

ဆိုတော့ ကျော်ရဲက လူတတ်ကြီးလုပ်ပြီး. .

"နှစ်ရာနဲ့တစ်ရာနဲ့ပေါင်းရင် သုံးရာကွာ. . ဟိုက ငါးဆယ်ပိုတာ ငါးရာထဲကပြန်နှုတ်ရင် လေးရာ့ငါးဆယ်. . ပေါင်း ခုနှစ်ရာနဲ့ ငါးဆယ်ပေါ့ကွ. . ဒါလေးများ"

www.foreverspace.com.mm

သူတို့စကားလည်းကြားရော စားသုံးသူမှာ အကြီးအကျယ် ပေါက်ကွဲပြီး . .

"နှစ်ရာနဲ့ တစ်ရာ့ငါးဆယ်ပေါင်းရင် သုံးရာ့ငါးဆယ် ပေါ့ကွ . . မင့်ကလွှားမို့ ခုနှစ်ရာ့ငါးဆယ်ဖြစ်ရမှာလား . . ရော့ . . ဒီမှာ ငါးရာတန် ပိုတာပြန်အမ်း . . "

ဆိုပြီး ငါးရာတန်တစ်ရွက်ထုတ်ပေးတော့ ဝေလင်းက အူ ကြောင်ကြောင်နှင့်လှမ်းယူကာ . .

"ငါးရာတန်မှာ သုံးရာ့ငါးဆယ်ယူရမှာဆိုတော့ ဘယ်လောက် ပြန်အမ်းရမှာလဲ"

သူ့အမေးကို ကျော်ရဲက ခပ်တည်တည်နဲ့ . .

"သာတယ် နာတယ် မတွက်နဲ့ . . နှစ်ဆယ်ပြန်အမ်းလိုက်"

ဆိုတော့ စားသုံးသူလည်း ခုန်ပေါက်ပြီး . .

"မယူတော့ဘူးကွာ . . အဲဒီပိုတာ မင်းတို့အတွက် အသုဘ စရိတ်လို့ပဲ သဘောထားလိုက်ပြီ . . ဒါပဲ"

ဟိုလူ့စကားလည်းကြားရော စပါယ်အုံးက ဝမ်းသာအား ရနှင့်

"ဟာ . . ငါတို့က မသေခင်တည်းက စရိတ်ရနေပြီဗျ . . တယ် ဟုတ်ပါလား"

ဟု သံဝါကြီးနှင့်ရေရွတ်သည်။ သူ့အသံနှင့်အတူ . .

"ဒါမှ ကျဆိမ့် . . ဟောဒါမှ ကျဆိမ့် . . ကျဆိမ့်ဆိုတာ တင်စိုး ပေါက်သွားပြီ ဟား ဟား . . တင်စိုးပေါက်ကိုပေါက်သွားပြီ . . . "

ဟူသော အော်သံကြီးနှင့် စားပွဲခုံ ခွကျော်ထွက်သွားသော လူတစ်ယောက်။ သူ့ခမျာ ကျဆိမ့်မှာသောက်တာပါ။ ဒါပေမဲ့ ဦးဖိုး ထောင် နားကြားလွဲပြီး သကြားလက်တစ်ဆုပ် ဖုတ်ဖက်ခါပစ်ထည့်

www.foreverspace.com.mm

ထားသော လက်ဖက်ရည်ခွက်သောက်မိပြီး လက်ဖက်ရည်တကျော ပြုတ်သွားပုံရ၏။

အမျိုးများလုပ်ပေါက်ကိုကြည့်ပြီး မြင့်ဆွေနှင့် လေပြည်မျိုးတို့မှာတုတ်ကွေးမပြီးသေနေ့စောင့်နေရသော ကြက်ကြီးများလို ငေါင်းစင်းစင်းနှင့်. . ။ သူတို့ ခမျာလည်း ခေါ်ချင်လို့ကိုခေါ်ထားပြီးမှ မတော်ချင်လို့ဘယ်ရတော့ မှာလဲ. . ကိုယ်ဆွေကိုယ်မျိုးတွေကိုးဗျ နေ့ . . . ။

X X X

www.foreverspace.com.mm

အောက်က
ထည့်ထားတာ
ဘာလဲမသိဘူး ။
ဇွန်းနဲ့ကလော်လို့မရဘူး ။
အသားကတော့
ငမန်းသားရေသားလို
ထူထူကွ။

"ထမင်းစားကြမယ်ဟေ့ . ."

နေ့ခင်းပိုင်း လူပါးချိန်ကျမှ မောင်မြင့်ဆွေက အမျိုးများကို ထမင်းစားကြရန် နှိုးဆော်လိုက်သည်။

"ဟင်း . ထမင်းစားမယ်တဲ့ . ထမင်းစားမယ်ဆို ခုံမလောက်ဘူး ခုံတွေဆက်ပါဟ"

ဟုတ်ပါသည်။ သူတို့အမျိုးအားလုံးနှင့်ဆို တော်ရုံစားပွဲခုံက မလောက်ပေ။ ထို့ကြောင့် လက်ဖက်ရည်ဆိုင်မှာခင်းထားသောခုံများကို ဆက်လိုက်ရသည်။ ပြီးနောက် ထမင်းခူးသူခူး၊ ဟင်းထည့်သူထည့်နှင့် ရှုပ်ယှက်ခတ်နေသည်။

ကျော်ရဲနှင့် ကောင်လေးမှာတော့ နောက်ဖေးတွင်တည်ထား

သောအိုးကြီးကို စိတ်ဝင်စားနေကြသည်။

“ဒါ ဟင်းချိုအိုးဖြစ်မယ်ကွ. . အရောင်ကတော့ ခပ်ညစ် ညစ်ပဲ”

ကောင်လေး၏စကားကို ကျော်ရဲက. .

“ဟုတ်မှာပေါ့ဗျ. . ဟင်းချိုအိုးမို့ ဖိုပေါ်တင်ထားတာပေါ့. . မြည်းကြည့်စမ်းပါဦး. . အရသာက ဘယ့်နှယ်လဲလို့. . ”

ကောင်လေးက ကျော်ရဲပြောသည့်အတိုင်း အိုးကိုဖွင့်၍ အရည် အနည်းငယ် ခပ်မြည်းလိုက်သည်။

“အရသာကတော့ ငန်ပျပျနဲ့ဗျ. . ငါးပိများလို့လားမသိ ဘူး. . အနံ့က နည်းနည်းညှီတယ်. . ”

“ဒါဆိုလည်း ဟင်းခတ်မှုန့် နည်းနည်းထပ်ခတ်လိုက်လေ”

ကောင်လေးက ကျော်ရဲပြောသည့်အတိုင်း အိုးထဲ ဟင်းခတ်မှုန့် အနည်းငယ်ထည့်ခတ်လိုက်သည်။

“ဂွဒ်တော့စ်. . ဇရုတ်ကောင်းပေးစမ်း”

ကျော်ရဲက ဇရုတ်ကောင်းဘူး ကမ်းပေးသည်။ ကောင်လေး ဇရုတ်ကောင်း စိတ်ကြိုက်ခတ်ပြီးမှ အနည်းငယ်မြည်းလိုက်ပြီး အားရ ဝမ်းသာဖြင့်. .

“ဟား. . အခုမှကောင်းသွားတော့တယ်. . ဒီဟင်းချိုနဲ့တင် ထမင်းကတော့ မြိန်ဦးမှာပဲ”

“ဒါဆိုလည်း အားလုံးမြိန်အောင် သုံးခွက်လောက်ခပ် ဗျာ. . ”

ကောင်လေးက အိုးကိုမွှေပြီး သုံးခွက်ခွဲခပ်ထည့်လိုက်သည်။ ပြီးမှ နှစ်ယောက်သား ပန်းကန်လေးများကိုင်ပြီး ပြန်ထွက်လာကြ သည်။

www.foreverspace.com.mm

"အောက်ကထည့်ထားတာ ဘာလဲမသိဘူး . . ဇွန်းနဲ့ကလော်လို့မရဘူး . . အသားကတော့ ငမန်းသားရေသားလို ထူထူကွ"

ဆိုကာ ထမင်းဝိုင်းရှိရာပြန်လာကြသည်။

ထမင်းဝိုင်းရောက်တော့ အစုံအလင်။ ဝက်သားဟင်း၊ အတို့အမြှုတ်နှင့် သူတို့ဟင်းချိုပါပါတော့ ပို၍ပြည့်စုံသွားသည်။

ဟင်းချိုခွက်လည်းရောက်ရော ဦးပေစိနှင့်ဒေါ်မူမူက ဟင်းချိုတစ်ယောက်တစ်ဇွန်း ခပ်သောက်ပြီး . .

"ဟား . . တယ်ကောင်းတဲ့ဟင်းချို . . ဘယ်သူချက်တာလဲ"

ဆိုတော့ ကောင်လေးက ရင်ကော့ပြီး

"ဘယ်သူတည်ထားမှန်းမသိဘူး . . အရသာ အပေါ့အငန်က ကျွန်တော့်လက်ရာပေါ့"

သူ့စကားကို ကျော်ရဲကလည်းအားကျမခံဖြင့် ဟင်းချိုကိုရှူးခနဲ တစ်ဇွန်းခပ်သောက်ရင်း . .

"ကျုပ်ရဲ့စိစဉ်ညွှန်ကြားမှုလည်း ပါပါတယ်ဗျာ"

သူတို့စကားမဆုံးခင် စပါယ်အုံးက ခုနဟင်းချိုအိုးကြီးကိုခပ်တည်တည်နှင့် မ,လာသည်။ ပြီးနောက် လမ်းဘေးတွင်ရှိနေသောဝါးလုံးအစုတ်ကြီးတစ်ခုနှင့် အားရပါးရမွှေနေလေသည်။ ဒါကိုမြင်တော့ အားလုံးမျက်လုံးပြူးသွားပြီး . .

"ဟင် . . ဟေ့ကောင် စပါယ်အုံး . . အဲဒီအိုးကို မင်းဘာလုပ် . . "

သူတို့အမေးမဆုံးခင် စပါယ်အုံးက . .

"ဝဲပေါက်နေလို့ဗျာ . . အဲဒါပိုးသေအောင် ဘောင်းဘီကိုဒက်တောနဲ့ ပြုတ်ထားတာ . . "

www.foreverspace.com.mm

"ဟာ. ."

"ဟင်. ."

သူတို့အုံ့အားသင့်နေတုန်းမှာပင် ဝါးလုံးပေါ် ချိတ်ပါလာသော စပါယ်အုံး၏ ဂျင်းဘောင်းဘီကြီး။ အားလုံး ကြက်သေသေပြီး ငြိမ်ကုန်ကြ၏။ ဒေါ်တင်မေ၏ပါးစပ်ထဲ ဟင်းချိုဇွန်းတပ်လျက် မမျိုချရသေး။ ဦးဖိုးထောင်က စပါယ်အုံးပြောတာမကြား၍ ဟင်းရည်ကို ထမင်းနှင့် စိတ်ရှိလက်ရှိနယ်နေတုန်း။ ဒေါ်မူမူက ဟင်းချိုထဲ ဘာအသားများပါမလဲဟူ၍ မွှေလျက်တန်းလန်း။ အားလုံး ကြောင်ငေးနေတုန်းခဏမှာပင်. .

"ဟား. . မောင်မြင့်ဆွေတို့အလျှုလုပ်တာ ဦးကိုတောင် မဖိတ်ပါလား"

ဟူသော အော်သံကြား၍ လှည့်ကြည့်လိုက်တော့ ဦးတိုး။ ဦးတိုးကိုမြင်တော့ အားလုံးကြောင်ငေးပြီး ကြည့်မိနေကြသည်။ ဦးတိုးက ခပ်တည်တည်နှင့် သူတို့စားပွဲဝိုင်း ဝင်ထိုင်လိုက်ပြီး. .

"ကောင်းတယ်ဟေ့. . အလှူဆိုတာ လှူနိုင်လေ နောင်ဘဝအတွက် ကောင်းလေပဲ. . အမယ်. . ဟင်းက ဝက်သားဟင်းပဲ. . ဒါလေး က ဟင်းချိုထင်တယ်. . မှန်း. ."

ဆိုပြီး ဝေလင်းဘောင်းဘီပြုတ်ကို အားရပါးရ တစ်ဇွန်းခပ်ပြီး ငွပ်ခနဲမျိုချလိုက်သည်။

သူ အားရပါးရမျိုချလိုက်တာမြင်တော့ ဒေါ်တင်မေပါးစပ်ထဲက ဘောင်းဘီပြုတ်ရည်ကို ရောမျိုမိသွား၏။

"ဟား. . ကောင်းလိုက်တဲ့ဟင်းခါး. . မြင့်ဆွေတို့ လေပြည်တို့က အသုပ် မုန့်ဟင်းခါးတင် မကဘူးဟေ့ . . ဟောဒီလို မှန်ရောင်ဟင်းခါး

www.foreverspace.com.mm

ရှေး ချက်တာတောင် ကောင်းတာပဲ. . လုပ်ပါဦးဟ ထမင်းပန်းကန်လေး. . "

ဟုဆိုကာ သူ့ဘာသာသူပြောပြီး သူ့ဘာသာသူ ပန်းကန်တစ်ချပ်ယူလိုက်သည်။

"ဟာ. . ဟော့. . စားကြလေ. . ဘာကြောင့်ကြည့်နေတာလဲ အားမနာနဲ့. . ကိုယ့်အိမ်ကိုယ့်ရာလိုသဘောထားစား. . ကိုယ့်ဆွေကိုယ့်မျိုးတွေလို သဘောထားကြပါ. . ဟား. . ဟား. . "

သူ့စကားကြောင့် အားလုံး ယောင်တောင်ပေါင်တောင်နှင့် ထမင်းဆက်စားမိသွားကြ၏။

"စားလို့က မြိန်သဟော့. . ဆာနေလို့လားပဲ. . အဲ. . ဒါနဲ့ လေပြည်တို့က ရွှေတောင်ကနော့. . ဦးတိုးက ဟသ်ာတကကွယ့်. . ဝေးတော့ ဝေးတာပေါ့. . ဒါပေမဲ့ မဝေးပါဘူး. . လာချင်ရင် အနီး ကလေးပဲနော့"

ဦးတိုးက ထုံးစံအတိုင်း စကားလည်းများ စားလည်းစားနေသည်။ ဒါကို ဒေါ်မူမူက အထွန့်တက်၍. .

"ဟသ်ာတကဆိုတော့ ကျွန်မတို့ဘကြီးတစ်ယောက်လည်း ဟသ်ာတမှာရှိတယ်လေ"

ဦးတိုးက မျက်ခုံးအစုံမြင့်တက်ပြီး ပလုတ်ပလောင်းနှင့်. .

"ဟုတ်လား. . နာမည်ဘယ်သူလဲ"

"ဦးလှမောင်လေ. . "

"ဦးလှမောင်"

ဒေါ်မူမူ၏စကားကိုကြားလိုက်သော ဦးတိုး၏မျက်နှာ ဝင်းလက်သွားပြီး. .

"သိပ်သိတာပေါ့ဗျာ. . လက်သမားဆရာကြီး ဦးလှမောင်လေ"

"အင်း. . ဟုတ်တယ်. . ဟုတ်တယ်"

"ဟား. . အဲဒါ ကျုပ်ကြီးတော်ရဲ့ယောကျ်ားပေါ့ဗျ. . မေ့နွားတဲ့မှပဲ. . အမျိုးအရင်းကြီးတွေ လာတွေ့နေမှပဲ"

"ဟင်. . အမျိုး. . အမျိုးပြန်ပဲ. . "

အမျိုးဟူသောအသံကြားသည်နှင့် မြင့်ဆွေ လန့်ပြီးထအော်ပြန်၏။ ဒါကို ဦးတိုးက အားရဝမ်းသာဖြင့်. .

"ဒါပေါ့ကွ. . သူတို့ဘကြီးက တို့ကြီးတော်ယောကျ်ားဆိုတော့ အမျိုးအရင်းကြီးပေါ့ကွ. . "

အားလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြ သည်။ ဦးတိုးမှပင် ဆက်၍. .

"အစတည်းက အမျိုးတွေမှန်းသိရင် မင်းတို့ဆိုင် အားပေးပါ တယ် . . မင်းက ငါ့ကြီးတော်ယောကျ်ား ဘကြီးရဲ့ သုံးဝမ်းကွဲတူမရဲ့ လင်အရင်းကြီးကိုး . . "

"အင်. . "

ဦးတိုးက အမျိုးမှန်းသိ၍ ရင်းနှီးစွာပြောသည်။

"ကဲ. . ဒီနေ့ကစပြီး ဦးတိုး တခြားဆိုင် အားမပေးတော့ဘူး. . မင်းတို့ဆိုင်. . ကိုယ့်အမျိုးဆိုင်ကိုပဲ အားပေးတော့မယ်. . ဒါပေမဲ့ အမျိုးအချင်းချင်း ပိုက်ဆံတော့မယူရဘူးနော်. . "

"ဟင်. . အဲလို. . "

"ဒါပေါ့ကွ. . အမျိုးအချင်းချင်းပိုက်ဆံယူတော့ ရိုင်းရာကျမှာပေါ့ ဟုတ်ဘူးလား. . ဟိုကောင် မြင့်ဆွေ. . ငါ့မိသားစုလည်း ဒီဆိုင်လာစားရင် ပိုက်ဆံမယူရဘူးနော်. . ပိုက်ဆံယူလို့ကတော့ ငါ ပါးဖြတ်ရိုက်မှာ မွှေပွေးလေး. . "

"ဗျာ . . ဟင် . ."

ဩော် . . အမျိုး အမျိုး . ။ မိသားစုလိုက်ပါ အလကား လာစားဦးမှာတဲ့။ ပိုက်ဆံယူရင်လည်း ပါးချည်းဖြတ်ရိုက်ဦးမှာတဲ့။ မြင့်ဆွေလေပြည့်ကို ဝေ့ကြည့်လိုက်တယ်။ လေပြည်က မျက်လုံးကြီးပြူးပြီး တံတွေးကိုအနိုင်နိုင်မျိုနေရတယ်။ နင်နေလို့ . . . ။

x x x

www.foreverspace.com.mm

ဖိုးထောင်တဲ့နောက်. .
တစ်ထောင်ပဲရှိတယ်. .
တစ်ထောင်ပဲရှိလို့
ဘီအီးသောက်နေတာ. .
နှစ်ထောင်ရှိလို့ကတော့

ညပိုင်းဆိုင်သိမ်းပြီးလို့ အရက်ဆိုင်ထဲ စိမ်ပြေနပြေ အရက်ထိုင်သောက်နေတဲ့ဦးပေစိက ဆိုင်ထဲ ကုပ်ချောင်းချောင်းနှင့် ဝင်လာသော ဦးဖိုးထောင်ကိုမြင်တော့ အံ့အားသင့်သွားသည်။ သူ့စိတ်ထဲမှာ ဒီ နွားလေးကြီး အရက်မသောက်တတ်ဘူးထင်တာကိုး။

ဦးဖိုးထောင်က ဦးပေစိကိုမြင်ရော စပ်ဖြီးဖြီးဖြစ်သွားပြီး. .

"ဟီး ဟီး. . မင်းက ကြိုရောက်နှင့်နေတာကိုး. . ဟီး ဟီး. . ငါက မင်းမရောက်သေးဘူးထင်နေလို့. . ဟီး ဟီး. . "

ဆိုပြီး စကားရောဖောရောနှင့် ဦးပေစိဝိုင်း ဝင်ထိုင်လိုက်သည်။ ပြီးတော့ ဦးပေစိမှာထားသော အရက်ပုလင်းကိုကြည့်ပြီး. .

"မင်းအရက်က ကုန်တောင်ကုန်တော့မှာကိုး. . ဟေ့. . ဒီမှာ တစ်ပိုင်းချပေး. . အမြည်းအတွက် ငါးခြောက်ဖုတ် ဆီဆမ်း

www.foreverspace.com.mm
လေးပါ ချပေး . . "

ဟုမှာပြီး သူ့ရှေ့မှာရှိသော ခွက်တစ်ခွက်ကိုဆွဲယူကာ ဦးပေစိ ပုလင်းထဲမှအရက်များ သူ့ခွက်ထဲ လောင်းချလိုက်သည်။ ပြီးတော့ ကတုန်ကရင်နှင့် ဂွပ်ခနဲဆွဲမော့ချလိုက်သည်။ ဦးဖိုးထောင် အရက်သောက်တာမြင်တော့ ဦးပေစိ အံ့အားသင့်သွားပြီး . .

"ဟင် . . ခင်ဗျားလည်း အရက်သောက်တတ်တယ်"

"ဘာ . . "

ဦးပေစိစကားကို နားလေးကြီးဦးဖိုးထောင်က ဘာမှမကြားဘဲ ပြန်မေးသည်။ ဒါကို ဦးပေစိက အသံကိုမြှင့်ပြီး . .

"ခင်ဗျားလည်း အရက်သောက်တာပဲလားလို့မေးတာ . . "

ဦးဖိုးထောင်က သူ့နားတစ်ဖက်နှင့် အာရုံစိုက်ကာ . .

"ဘော်လူးနည်းနည်းထပ်တင်လိုက် . . "

ဦးဖိုးထောင်၏စကားကို ဦးပေစိက အသံကိုထပ်မြှင့်၍ . .

"ဒီလောက်ဆို ကြားပြီလား . . "

သူ့အော်သံကို ဦးဖိုးထောင်က . .

"များသွားပြီ . . နည်းနည်းပြန်လျှော့"

ဦးပေစိကလည်း ဦးဖိုးထောင်ပြောသည့်အတိုင်း အသံကို နည်းနည်းပြန်လျှော့၍ . .

"ဒီလောက်ဆို ရပလား"

ဦးဖိုးထောင်က ခေါင်းညိတ်၍ . .

"အေး ရပြီ . . ဒါပေမဲ့ အက်တဂိုးများနေတယ် . . အက်တဂိုး နည်းနည်းလျှော့ . . "

ဦးဖိုးထောင်စကားကြောင့် ဦးပေစိလည်း တင်းသွားပြီး . .

"ဟာ . . ဒီ အက်ဂိုးက လျှော့လို့ရမလားဗျ . . အရက်များလို့

www.foreverspace.com.mm

အသံတုန်တာကို . . . အရေးထဲ လော်စပီကာဆရာ နားလေးနဲ့လာတွေ့နေတယ်"

သူ့ရေရွတ်သံလည်းကြားရော ဦးဖိုးထောင်က မျက်နှာမာကြီးဖြင့် . .

"ဟေ့ကောင် . . မင်းဘာစကားပြောတာလဲ . . ဖိုးထောင်တဲ့နော် . . တစ်ထောင်ပဲရှိတာ . . တစ်ထောင်ပဲရှိလို့ ဘီအီးသောက်နေတာ . . နှစ်ထောင်ရှိလို့ကတော့ ဝီစကီသောက်ပစ်လိုက်မယ်နော့ . . "

သူ၏ကြိမ်းမောင်းစကားကို ဦးပေစိက ခေါင်းကိုကုတ်ပြီး . .

"ဟာဗျာ . . စိတ်ညစ်လို့ အရက်လာသောက်နေတာဆိုနေမှ ဘယ်လိုလူနဲ့လာတွေ့နေမှန်းမသိဘူး"

ဆိုတော့ ဦးဖိုးထောင်က အရက်တစ်ခွက်ကိုငှဲ့သောက်ပြီး . .

"မင်းက ဘာတွေစိတ်ညစ်နေတာလဲ"

သူ့အမေးကို ဦးပေစိက မျက်နှာကြီးငိုမလိုဖြစ်သွားပြီး . .

"ပပဝတီကြောင့်ပေါ့ဗျာ . . ပပဝတီကြောင့်ပေါ့"

"ဟေ . . ပပဝတီက ရှေးခေတ်ကကြီးလေကွာ . . "

"အေး . . အဲဒီရှေးခေတ်က ပပဝတီ ခုနစ်ဆောင်တိုက်ခန်းမှာ မီးမထွန်းဘဲလင်းတယ်ဆိုတာ ခင်ဗျားယုံလား . . "

ဦးပေစိအမေးကို ဦးဖိုးထောင်က မျက်မှောင်ကျုံ့ရင်း . .

"အေး . . ရာဇဝင်ထဲမှာတော့ ဖတ်ဖူးတာပဲ . . ဘာဖြစ်လို့လဲ မင်းနဲ့ရော ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ဗျ . . ဆိုင်တာပေါ့ . . နောက်ပြီး ပပဝတီ မီးလင်းတယ်ဆိုတာ ကျုပ်ကိုယ်တိုင်ကြုံနေရတာ . . "

ဦးပေစိက သူ့ရင်ဘတ်သူ တဘုန်းဘုန်းထုပြီး ငိုတော့မလိုယိုတော့မလိုပြော၏။ ဒါကို ဦးဖိုးထောင်က . .

www.foreverspace.com.mm

"ဆိုပါဦး. . ဘယ်လိုကြုံတာလဲ"

သူ့အမေးကို ဦးပေစိက ဝဲတက်လာသောမျက်ရည် ကိုသုတ်ပြီး . . .

"ကျုပ်မိန်းမနာမည်က ပပတဲ့ဗျ. . "

"ဩော်. . "

ဦးဖိုးထောင် ခေါင်းညိတ်၏။

"သူက ဝတီဆိုတဲ့ သမီးလေးမွေးပါရောလား"

"ပပက ဝတီကိုမွေးတယ်ဆိုတော့. . ပပဝတီပေါ့. . ဒါနဲ့ မင်း ပပဝတီက ရှေးခေတ်ပပဝတီလိုပဲ ချောတာလား"

ဦးဖိုးထောင်အမေးကို ဦးပေစိက ဟီးခနဲငိုချလိုက်ပြီး. .

"ဘယ့်နှယ်ချောရမှာလဲဗျ. . အဲဒီ ဝတီလေးကြီးလာလို့ ဘယ် သူနဲ့တူမလဲ တူမလဲကြည့်နေတာ. . ကျုပ်တို့လင်မယားနှစ်ယောက်လုံးနဲ့မတူဘဲ ဘေးအိမ်က ကိုဘတုတ်ကြီးနဲ့တူနေတာဗျ. . "

"ဟင်. . ဒါဆို. . "

"အဲဒါကြောင့်ပြောတာပေါ့ဗျ. . ပပဝတီ မီးလင်းတာတော့ မှန်တယ်. . ဒါပေမဲ့ နောက်မီးကြီးဗျ. . ဟီး. . "

ငိုပြီ. . ငိုပြီ. . ပေစိငိုပြီ။

"ဟီး. . ကျုပ်မှာတော့ သိသိကြီးနဲ့ ဝီခေါ်အောင်ခံနေရတဲ့ သိဝီမင်းကြီးအစိကိုဖြစ်လို့. . "

"ဘာအစိလဲဟင်. . "

"ပေစိလေဗျာ. . ပေစိ. . ဟီး. . ကျုပ်နာမည်က ပေစိ. . ကျုပ်မိန်းမ ပပက ချစ်စနိုးခေါ်တော့ အစိတဲ့. . "

ဦးပေစိစကားလည်းကြားရော ဦးဖိုးထောင်လည်း တင်းသွားပုံရ၏။ အရှေ့မှ စားပွဲကို ဖျန်းခနဲပုတ်ကာ. .

www.foreverspace.com.mm

"တောက်. . ဒါ. . သက်သက် ကိုဘတုတ်ကြီးကျောတာ. . သူ ကျောတာတော့မခံနဲ့. . ဒီမှာ အစိ. ."

"ဗျာ. . အထောင်. ."

အစိနှင့် အထောင်တော့ တွေ့နေပြီ။ တွေ့တာမှ အရက်ဆိုင်မှာ

"မင်း. . ဘေးအိမ်ကကိုဘတုတ်ကြီးဆိုတဲ့လူကို မောင်းထုတ်လိုက်. ."

"မောင်းထုတ်လိုက်ရင်. ."

ဦးပေစိအမေးကို ဦးဖိုးထောင်က ရင်ကိုကော့ သူ့ရင်ဘတ်သူ တဘုန်းဘုန်းပြန်ထုကာ. .

"မင်း ဘတုတ်ကြီးကိုမောင်းထုတ်ပြီးရင် အဲဒီ ကိုဘတုတ်ကြီး တာဝန် ငါဆက်လက်ထမ်းဆောင်မယ်. ."

ဦးဖိုးထောင်စကားကို ဦးပေစိကလည်း ယောင်လည်လည်နှင့် . . .

"ဟင်. . တကယ်. . တကယ်ပြောတာလားဟင်. ."

"ဟ. . တကယ်ပြောတာပေါ့ကွ. . သူ့တာဝန် တစ်ချက်မလစ် ဟင်းစေရဘူး. . ဘယ့်နှယ်ဗျာ. . ကိုယ့်အမျိုး ကိုယ်နဲ့ပဲတူရမှာပေါ့ကွ မင်းဖြစ်ဖြစ် ငါဖြစ်ဖြစ် ဒီလိုပဲတူနေရမှာပဲ ဟုတ်ဘူးလား. ."

"ဟုတ်ပါ့ဗျာ. . ကျုပ်အမျိုး သူများနဲ့တူတော့ ကျုပ်ရှက်တာပေါ့. ."

"စိတ်ချ. . ဒီကပြီးရင် ရွာပြန်မယ်. ."

"ပြန်မယ်"

"မင်းရွာ ငါလိုက်ခဲ့မယ်"

"လိုက်ခဲ့"

www.foreverspace.com.mm

"နောက်မွေးတဲ့ကလေး မင်းဖြစ်ဖြစ် ငါဖြစ်ဖြစ်ပဲ တူစေရမယ်. . ငါ တာဝန်ယူတယ်"

"ကြိုက်ပြီဗျာ. . အဲလို ပြတ်ပြတ်သားသား ဆုံးဖြတ်နိုင်တာကိုကြိုက်တာ. . လာ. . အထောင်. . ချီးယာစ်. . "

"ယာစ်. . အစီ. . "

ချွင်ခနဲ ဖန်ခွက်တိုက်သံကြားရ၏။

"ရော့ . . . မင်းနဲ့ငါရဲ့အတိုင်းအတာက အရက်ခွက်ချင်းပဲတိုက်ရမည့်အဆင့်မဟုတ်ဘူး . . . လာ . . . အမြီးချင်းတိုက်မယ်"

နှစ်ယောက်လုံးမူးနေကြတာဆိုတော့ တစ်ယောက်ကိုင်ထားတဲ့ ဝက်ခေါင်းသုတ်ဖတ်ကို တစ်ယောက်ထိအောင် မနည်းအာရုံစိုက်ပြီး တိုက်ယူရတယ်။

နောက်တော့ ကိုယ့်အမျိုး ကိုယ်နဲ့တူရေး စသည်ဖြင့်ဆွေးနွေးနေ လိုက်ကြတာသူ့စကားကိုယ်နားမလည် . . . ကိုယ့်စကားသူနားမလည်နဲ့ ဘလောက်ဘလောက်ထအောင် ပြောကြတာများ နောက်ဆုံး အရက်ဆိုင်မှာ မှောက်အိပ်ရတဲ့အဆင့်ကို ရောက်ကရောပဲ။

x x x

www.foreverspace.com.mm

အာ. .
ဘယ်လိုဖျော်ဖျော်ဆိုဗျာ. .
ဒီမှာ ကျုပ်က
စိုက်ဆာလို့
လာစားတာဗျ. .
အရသာခံချင်လို့
လာစားတာမဟုတ်ဘူး

"ဂွဒ်ထနိုက်. . ဟော့ကောင်တွေ မင်းတို့ မအိပ်ကြသေးဘူးလား"

"ဂွဒ်ထနိုက်. . ဒီကောင်တွေ ဒီအချိန်ထိ ဘာလုပ်နေကြတာလဲ. . "

ဦးဖိုးထောင်နှင့် ဦးပေစိ အရက်ဆိုင်က မနက်မိုးလင်းမှနိုးလာပြီး ဆိုင်ဖွင့်နေတာကို ဆိုင်ပိတ်နေတုန်းထင်ပြီး ရှူးကြောင်မူးကြောင်မေး၏။ ဒါကို နံနက်ခင်း လင်းလင်းချင်းမှာပင် သနပ်ခါးဘဲကြားကွက်ထားသော ကောင်လေးမှ ဆိုင်တံခါးများဆွဲဖွင့်ပြီး. .

"အာ. . ဘာဂွဒ်နိုက်ရမှာလဲဗျ. . မိုးက အခုမှလင်းရုံရှိသေးတာ. . အခုမှ ဆိုင်ဖွင့်မလို့လုပ်တုန်း. . "

ကောင်လေးစကားကြားမှ နှစ်ယောက်လုံး မျက်လုံးပြူးသွားပြီး . . . .

“ဟေ့. . အခုမှ ဆိုင်ဖွင့်မှာလား. . ဒါဖြင့် ပေစိ မီးဖိုကွာ. . လုပ်စရာရှိတာလုပ်ရအောင်”

ဆိုတော့ ဦးပေစိက ယိုင်ထိုးယိုင်ထိုးနှင့်. .

“ယာစ်. . ကိုဖိုးထောင်. . ပေစိတို့ကတော့ ဖိုဆို ဖိုဖိုချင်း တောင်ချန်တာမဟုတ်ဘူး . . . ကြာတယ် . . . ဖိုပြီ”

ဟုဆိုကာ ဆိုင်လယ်ခေါင် မီးဖိုဖို့ ထင်းတွေသယ်လာ၏။

ဒါကိုမြင်တော့ ဦးဖိုးထောင်က. .

“ဟာ. . ဟော့ကောင် ပေစိ. . အဲဒီမှာဘာလုပ်မလို့တုံး”

“မီးဖိုဆို. . ခုနကပဲပြောပြီးတော့. . မီးလှုံဖို့မဟုတ်လား”

“အာ. . ဒီကောင်တော့ကွာ. . ဖိုးထောင်နဲ့တော့ တွေ့တော့မယ်. . မီးဖိုဆိုတာ. . မီးဖိုမှာ ဖိုဖို့ပြောတာ. . ရေနွေးအိုးလေး. . အကျဲရည်အိုးလေး တည်ဖို့ကွ. . ”

ဆိုတော့မှ ဦးပေစိ ယိုင်ထိုးယိုင်ထိုးနဲ့ ထင်းချောင်းတွေ ပြန်ကောက်သိမ်းပြီး. .

“အစကတည်းက အဲလိုပြောပါလားဗျ. . ခင်ဗျားက မီးဖိုဆိုတော့ မီးယပ်ချမ်းထပြီး မီးလှုံချင်နေတယ်မှတ်တာပေါ့. . တကတည်း ရှပ်ကိုက လူမမာရှပ်နဲ့. . ”

“အာ. . ဒီကောင်ကတော့ကွာ. . လုပ်ရင်လည်း သောက်တလွဲ. . ပြောရင်လည်း သောက်ဖောင်းတွေချည်းပဲ. . ”

အထောင်နဲ့အစိ မူးနေရင် ဖက်နမ်းလောက်အောင် ချစ်ခဲ့သမျှ အမူးပြေသယောင်ရှိသည်နှင့် မတည့်ကြတော့။

သိပ်မကြာလိုက်ပါ။ သူတို့ ပြင်ဆင်နေစဉ်အတွင်းမှာပင် စားသုံးသူများ ရောက်လာကြ၏။



www.foreverspace.com.mm

www.foreverspace.com.mm

"ဒီမှာ. . လက်ဖက်ရည်တစ်ခွက်နဲ့ ပဲအီကြာတစ်ပွဲပေးဟေ့"

"လာပြီ ဆရာ. . လက်ဖက်ရည်တစ်ခွက်၊ ပဲအီကြာ ညှပ်ထားမယ်. ."

"လက်ဖက်ရည် ဘယ်လိုဖျော်ရမလဲ"

ဦးဖိုးထောင်က အမူးမပြေသေးသောအသံကြီးနှင့် မေး၏။ ဒါကို ဟိုလူကြီးက. .

"ဘယ်လိုဖျော်ဖျော်ကွာ. ."

"ဘယ်လိုဖျော်ဖျော်တဲ့ ဦးဖိုးထောင်ရေ"

"ဟ. . ဘယ်လိုဖျော်ဖျော် ပြောလို့ဖြစ်မှာလားကွ. . ကိုယ်တိုင်က ကျဆိမ့်သောက်မှာလား. . ချိုဆိမ့်သောက်မှာလား. . ပေါ့ကျသောက်မှာလား သိရမှာပေါ့"

"အာ. . ဘယ်လိုဖျော်ဖျော်ဆိုဗျာ. . ဒီမှာ ကျုပ်က ဗိုက် ဆာလို့ လာစားတာဗျ. . အရသာခံချင်လို့ လာစားတာမဟုတ်ဘူး"

"ဒါ ခင်ဗျားသက်သက်စော်ကားတာ. . ဘာလဲ ကျုပ်တို့ဆိုင်က အစားအစာတွေက အရသာမရှိဘူးဆိုတဲ့သဘောလား"

"ဟ. . ဟေ့လူကြီး. . ကျုပ်မှာ အရသာခံဖို့အချိန်မရှိဘူး. . အရသာလည်း ကျုပ်မသိဘူး. . ကျုပ်သိတာ ဗိုက်မြန်မြန်ပြည့်ဖို့ပဲ"

သူ့စကားကို ဦးဖိုးထောင် တင်းသွားပြီး. .

"အရသာမသိဘူး ဟုတ်လား. . အေး. . သိစေရမယ်"

ဆိုပြီး လက်ဖက်ရည်ခြောက်ခွက်တိတိဖျော်လိုက်သည်။ ပြီးနောက် ခုနမှာနေသူရှေ့ ခြောက်ခွက်လုံးသွားချပြီး. .

"ကဲ. . ဟောဒီမှာ သောက်. . ဒီခြောက်ခွက်က အရသာတူလားလို့. . ရော့. . ဟောဒီခွက်က ချိုဆိမ့်ခွက် သောက်ကြည့်စမ်း"

www.foreverspace.com.mm

ဟိုလူက ဦးဖိုးထောင်ထိုးပေးသောခွက်ကို ယောင်နနနှင့် ယူပြီး သောက်ချလိုက်သည်။

"အဲဒါ ချိုဆိမ့်. . အဲဒါချိုဆိမ့်နော် မှတ်ထား"

ဟိုလူခေါင်းညိတ်သည်။

"ရော့. . ဟောဒါက ကျဆိမ့်. . "

ဦးဖိုးထောင်က နောက်တစ်ခွက်ကမ်းပေးပြန်၏။ ဟိုလူက ခပ်တည်တည်ယူပြီး သောက်ချလိုက်ပြန်သည်။

"ကဲ. . ဘယ့်နှယ်လဲ. . အရသာတူသေးလား"

"မတူဘူး. . ဒါ နည်းနည်းလေးတယ်"

ဟိုလူက အလိုက်သင့်ပြန်ဖြေသည်။ ဦးဖိုးထောင်က ဝမ်းသာအားရလေသံဖြင့်. .

"ဘယ်တူပါ့မလဲ. . ချိုဆိမ့်နဲ့ ကျဆိမ့် နာမည်မတူတာနဲ့ အရသာပါ ကွဲပြီလေ. . ဟောဒီမှာ သောက်ကြည့်ဦး. . ဟောဒါက ပေါ့ဆိမ့်ဗျား. . ပေါ့ပေါ့လေးနဲ့ဆိမ့်တာ"

ဟိုလူ ဦးဖိုးထောင် ကမ်းပေးသောခွက်ကို ပြုံးပြုံးကြီးယူပြီး သောက်လိုက်ပြန်သည်။

"မတူဘူးနော်. . ကျဆိမ့်က အကျရည် နည်းနည်းပြင်းပြီး ပေါ့ဆိမ့်က ပျော့တယ်. . ကိုင်း. . ဟောဒါက ဖန်ချိုဗျား. . သူက အကျရည်နဲ့ သကြားကဲပြီး နို့ဆီကိုလျှော့ရတာ. . "

ဟိုလူ ဦးဖိုးထောင်လက်ထဲက ခွက်ကိုယူပြီး အားပါးတရ ထပ် မော့ချလိုက်ပြန်သည်။

"အဲဒါက တော့စ်တစ်မျိုးနော်. . ဒါမျိုးကို တရုတ်တွေက အားကြီးကြိုက်တာ. . ကိုင်း. . ဟောဒါက လူငယ်ကြိုက်. . ပေါ့ကျဗျာ. . အကျရည်များများ. . သကြားမပါ. . နို့ဆီကိုပါလျှော့ရတာ. . "

www.foreverspace.com.mm

ဟိုလူ ပေါ့ကျတစ်ခွက် ထပ်မော့ချလိုက်ပြန်သည်။

"ကိုင်း . . ဟောဒါက ပုံမှန်ဗျား . . သူက အကျရည်ပုံမှန်၊ နို့ဆီ ပုံမှန်၊ သကြားပုံမှန်နဲ့မို့ ပုံမှန်လို့ခေါ်တာ . . လူကြီးကြိုက် ကလေးပေါ့"

ခပ်တည်တည်နှင့် သောက်ပြန်သည်။

"ကဲ . . အရသာအားလုံးသိပြီလား . . ဒါတောင် စက်ာပူတို့၊ ချိုကျတို့၊ ကျောက်ပန်းတောင်းတို့ဆိုတာ မပါသေးဘူးနော် . . ကဲ . . ဘယ်လိုမျိုးသောက်ချင်လဲပြော . . "

ဆိုတော့ ဟိုလူက ရှပ်ကိုစပ်ဖြဲဖြဲလုပ် ခေါင်းကိုကုတ်ကာ . .

"ဟိုလေ . . ကျွန်တော် အရသာအားလုံးရောသွားလို့ဗျ . . အဲဒါ . . "

သူ့စကားမဆုံးခင် ဦးဖိုးထောင်ကလည်း မာနသမားမဟုတ်လား။

"ထပ်ဖျော်ပေးမယ် . . အရသာခွဲလို့ရမှာ . . "

ဟုဆို၍ အထ . . ဟိုလူက ပြုံးဖြဲဖြဲမျက်နှာဖြင့်

"အဟဲ . . ဟိုလေ . . ကျွန်တော်ပြောတာက . . "

ဦးဖိုးထောင် ခြေလှမ်းရပ်သွားပြီး ခပ်မာမာဖြင့် . .

"ကျွယ်ကျယ်ပြော"

သူ့စကားကို ဟိုလူက ရှက်သလိုဟန်မျိုးနှင့် ဂုတ်ကိုတို၊ လက်ကိုယှက်ပြီး . .

"ဟိုလေ . . ဒီမှာသောက်ရင် အရသာကရောနေဦးမှာ . . အဲဒီတော့ . . "

"အဲဒီတော့ဘာဖြစ်လဲကွာ . . ငါ . . တယ် . . ဖျော်ချင်တာလက်ယားနေပြီ . . ဖိုးထောင်တဲ့နော် . . ဟင်း . . "

www.foreverspace.com.mm

ဦးဖိုးထောင်၏ ငေါက်ငမ်းစကား။ ဟိုလူက တစ်လုံးတည်း ပြန်ဖြေသည်။

"ပါဆယ်. ."

"ပါဆယ်. ."

ဦးဖိုးထောင်က သံယောင်လိုက်သည်။ ဟိုလူက ရှက်ပြုံးနှင့်. .

"ဘာ. . မင်းက အိမ်မှာ အေးအေးဆေးဆေး အရသာပြန်ခွဲချင်လို့ ပါဆယ်ဆွဲသွားချင်တယ် . . . ဟုတ်လား"

ဟိုလူက ခေါင်းကိုမရဲတရဲညိတ်ပြသည်။

"ရမယ်. . ပါဆယ်ရမယ်. . ခြောက်ခွက်. . ခွက်ကြီး ချည်းပဲဖျော်ပေးလိုက်မယ်. . နောက်နေ့ကျမှ ကိုယ်တယ်လိုသောက်ရမယ်ဆိုတာ အတိအကျပြော. . ဟိုလိုလို ဒီလိုလိုမလုပ်နဲ့. . ဟိုလိုလို ဒီလိုလိုလုပ်ရင် ဖျော်ဆရာအားကြီးစိတ်ဆိုးတယ် . . . ဖိုးထောင်တဲ့ တစ်ထောင်တည်းရှိတယ်. ."

"အဲဒီတစ်ထောင်ပါ ပေးလိုက်ပါလား. ."

"ဘာကွ. ."

"အဲ. . ဟိုလေ ပါဆယ်. . ပါဆယ်. . အဟဲ. ."

ဦးဖိုးထောင်က ခပ်မာမာကြည့်ပြီး . . .

"ခဏစောင့်. ."

ဆိုတော့ ဟိုလူလည်း အလကားရသည့်နှွား သွားပင်ဖြဲမကြည့်တော့ဘဲ . . .

"ဟုတ်ကဲ့ ဟုတ်ကဲ့. ."

ဟုဆိုကာ ဇက်ကလေးပု ဘေးဘီချောင်းရင်းငြိမ်နေ၏။

www.foreverspace.com.mm

သိပ် မကြာလိုက်ပါ။ ဦးဖိုးထောင် ပါဆယ်ခြောက်ခွက်ဆွဲရင်းရောက်လာသည်။

"ရော့ . . ဒီမှာပါဆယ်တွေ . . နက်ဖြန်ကျရင်သာ ကိုယ်ဘယ်အရသာကြိုက်သလဲဆိုတာ လာပြော . . ဖျော်ဆရာသိက္ခာကိုလေးစားဒါပဲ . . . . "

ဟုဆိုရင်း မျက်နှာစေ့စေ့ကြည့်ရင်း ပြောသည်။ ဟိုလူက ပါဆယ်ထုပ်များဆွဲယူကာ

"ဟုတ်ကဲ့ . . ဟုတ်ကဲ့ . . ကျွန်တော်ပြန်လိုက်ပါဦးမယ် . . "

ဟု တရိုတသေပြောကာ တစ်ချိုးတည်းထွက်ချ သွားလေတော့သည်။ ထိုသူထွက်သွားသည်နှင့်တစ်ပြိုင်နက်တည်းပင် ဆိုင်ထဲသို့ လှတပတကောင်မလေးနှစ်ယောက်ဝင်လာ၏။

ထိုကောင်မလေးနှစ်ဦးကို မြင်သည်နှင့် တိုင်းသိပြည်သိ နှာဘူးများဖြစ်ကြသော မျိုးမြင့်ထွန်း၊ စပါယ်အုံး၊ ဘိုထွန်းနှင့် ကောင်လေးတို့ ပြေးသွားကြလေသည်။ ပြီးနောက် စားပွဲစောင်းထောင့်လေးထောင့်မှ ဦးတိုက်နဖူးထိကာ . . .

"ညလေးတို့ . . ဘာစားမလဲ . . ဘာသောက်မလဲ . . အစုံရတယ်"

"ပဲပလာတာ . . သကြားပလာတာ . . စမူဆာ . . နန်းကြီးသုပ် ခေါက်ဆွဲ . . မုန့်ဟင်းခါး . . ထမင်းကြော် . . အီကြာကွေး . . နံပြား အစုံရတယ် . . "

"လက်ဖက်ရည်သောက်မလား . . မှာလိုက်မယ်လေ . . "

စသည်ဖြင့် စပါးလုံးကိုချိမည့် ပုရွက်ဆိတ် ဆတ်စလူးများ ရှုစိတက်နေသည့်အလား ကောင်မလေးများအနား ဘလိုင်းကြီးအုံခဲ

နေကြ၏။ ကောင်မလေး များကလည်း သိတယ်မဟုတ်လား ဒီလို ဂရပ်တွေရှိတယ်ဆိုလို့ကတော့ ခေါင်းကိုမော့၊ ခါးကိုကော့၍..

"နန်းကြီးသုပ်တစ်ပွဲ.. နင်ကရော.."

"ငါက မုန့်ဟင်းခါး ဘူးကြော်နဲ့.."

ဟိုလေးယောက်လုံးက သံပြိုင်ဖြင့်နန့်နန့်တက်မှာပေး ကြသည်။

"ဟေ့.. နန်းကြီးသုပ်တစ်ပွဲ.. မုန့်ဟင်းခါးဘူးကြော်နဲ့ တစ်ပွဲ"

"မုန့်ဟင်းခါးဘူးကြော် အစပ်ရှောင်မယ်.. နန်းကြီးသုပ်က အလွတ်ဟေ့.."

"နန်းကြီးသုပ် ဆီချက်များများ.. မုန့်ဘူးဝမ်း.."

"မုန့်ဘူး ငုက်ပျောပင်များများ.. နန်းကြီးချဉ်ငန်စပ်.."

သူတို့လေးယောက်မှာသံလည်းကြားရော ကယောင် အဘွား ကြီးများဖြစ်သော ဒေါ်မူမူနှင့် ဒေါ်တင်မေတို့မှာ ...

"ဟော.. မှာပြီဟေ့.. လေးပွဲမှာပြီ.. ညီမ နှစ်ပွဲလုပ်.. အစ်မနှစ်ပွဲ လုပ်မယ်.."

ဟုဆိုကာ ထုံးစံအတိုင်း လေးပွဲလုပ်ကြပြန်သည်။

"လက်ဖက်ရည် ချိုဆိမ့်နှစ်ခွက်ဟေ့.."

ကောင်လေးက ထအော်သည်။ ကောင်မလေးများက

"ဟင်.. ကျွန်မတို့ လက်ဖက်ရည်မမှာပါဘူး.."

ဆိုတော့ ကောင်လေးက ...

"အစ်ကိုတိုက်တာ.. အစ်ကိုတိုက်တာ.. အေးဆေးသောက် သွားလိုက်.."

ကောင်လေးစကားကြောင့် ကောင်မလေးများပြုံးသွား၏။ ဒါကို မျိုးမြင့်ထွန်းကလည်း အားကျမခံ ...

"ညီမလေးတို့.. သောက်ဦးမလား.."

www.foreverspace.com.mm



"ဘာရှင့်. . ရှင် ဘာစကားပြောတာလဲ. ."

"ဟိုလေ. . အစ်ကိုလည်း တစ်ခုခုတော့တိုက်ချင်လို့. ."

"မိန်းကလေးက သောက်စရာလား. ."

"ဪ. . အင်း. . ဟုတ်သား. . ဆေးပေါ့လိပ်ပဲ ဖွာမှာပေါ့နော်. . အစ်ကိုသွားဝယ်ပေးမယ်. ."

မျိုးမြင့်ထွန်းက ဆိုင်ထဲမှပြေးထွက်သွား၏။

"ရပြီဟေ့. . ဒီမှာ မုန့်ဟင်းခါးနဲ့နန်းကြီးသုပ်. ."

ဒေါ်မူမူတို့ဆီက အော်သံ။ ထုံးစံအတိုင်း လေးယောက်လုံး သွားပြေးဆွဲလာကာ ကောင်မလေးရှေ့ အလုအယက်ချကြသည်။

"ရပြီ ညီမလေး. . လိုတာပြောနော်. ."

"ညီမလေး. . ဘာမှအားမနာနဲ့. . စားသာစား. . အစ်ကိုကျွေးတာ. ."

လှလည်ကောင်လေးက သူ့လက်ထဲက အသုပ်ပန်းကန်ကို မချသေးဘဲကြည့်နေသည်။ အားလုံးချပေးပြီးမှ ကောင်လေးက ခပ်တည်တည်နှင့်

"အေး. . အစ်ကိုလည်း မနက်တည်းက ဘာမှမစားရ သေးတာနဲ့အတော်ပဲ. . ဒီကညီမလေးတွေနဲ့ပဲ အတူရောစားလိုက်တော့မယ် . . ဟေ့ကောင်ကျော်ရဲ. . လက်ဖက်ရည်နှစ်ခွက်သွားဆွဲခဲ့ ကွာ. . ငါ့ အတွက်က ကော်ဖီမူမူလေးချ. ."

ဆိုပြီးလှည့်ခိုင်းလိုက်သေး၏။ ဒါကို ဟိုကောင်ကလည်း သူ့ကို အင်မတန်ကြည်ညိုတယ်မဟုတ်လား။

"ဘာလို့ ဆွဲရမှာလဲဗျ. . ကိုယ့်ဘာသာကိုယ် ကျချင်တာ ကိုယ့်လက်နဲ့ကိုယ်ဆွဲပေါ့ဗျ. ."

ဟုဆို၍ လှည့်သွား၏။ ထိုခဏမှာပင် . . .

"ဟာ. . လက်ဖက်ရည်ဆိုင် လူတောင်စည်နေပါရော့လား . . ငါတို့တောင်နောက်ကျနေပြီ. . "

ဟူသော အော်သံနှင့် ဝင်လာသော ဦးတိုး။ သူတစ်ယောက်တည်းတင်မဟုတ်။ သူ့မိန်းမ၊ သူ့ကလေးသုံးယောက် အပြင် သူ့မိန်းမဘက်က အမျိုးနှစ်ယောက်ပင်ပါသေး၏။

"မှာကြပေ့. . ဒါတို့အမျိုးဆိုင်ပဲ. . စားချင်တာစား. . အလကားတဲ့ . . . ဂျိုင်းဂလိ ပိုက်ဆံတောင် ပေးစရာမလိုဘူး . . . တန်ပ့ါ . . . အပေးပေး . . . "

ဟုဆိုရင်း စားပွဲထိုးနေသူများဘက်လှည့်၍

"ကဲ. . မင်းတို့ဆိုင်က ရှိတာတွေထဲက ကောင်းတာတွေချကွ စားပြီးသောက်ပြီးရင် ပိုက်ဆံတော့မတောင်းနဲ့ကွ. . အမျိုးအချင်း ချင်း ပိုက်ဆံတောင်းလို့ကတော့. . တောင်းတဲ့သူ မျက်နှာချည်း ဖြတ် ရိုက်မှာ. . "

သူ့စကားဆုံးသည်နှင့် သူခေါ်လာသူများက

"မုန့်ဟင်းခါးတစ်ပွဲ. . အီကြာကွေးဘူးကြော်. . "

"ခေါက်ဆွဲသုပ် ငါးဖယ်နဲ့. . "

"ထမင်းကြော် ဝက်အူချောင်းနဲ့. . "

စသည်ဖြင့် သူ့ထက်ငါ အလုအယက်မှာကြ၏။ ဘာရမလဲ ဦးတိုးအမျိုးပါဆိုမှ . . . လူဆိုးချည်းပဲ။

တစ်ဖက်တွင်လည်း

"ဒါ. . ဘယ်လောက်ကျလဲ. . "

ကောင်မလေး၏မေးသံ။ ဒါကို ကောင်လေးက

"ဩော်. . ပေးစရာမလိုပါဘူးဆိုနေမှ. . ညီမလေးကလည်း အစ်ကိုရှင်းပ့ါမယ်ဆိုနေ. . ဒီမှာ. . လက်ဖက်ရည်ရော ကုန်ပြီလား"

"ကုန်ပြီ. . ကုန်ပြီ. . အားလုံးကုန်ပြီ. . ပိုက်ဆံရှင်းဖို့ပဲ ကျန်

www.foreverspace.com.mm

တော့တယ်. . "

"မရှင်းပါနဲ့ဆို ညီမလေးရယ်. .  ဒီနေ့လည်းမရှင်းနဲ့. . နောက် နေ့လည်း မရှင်းနဲ့. . ဘယ်နေ့မှ မရှင်းနဲ့နော်. . သိလား. . ဩော်. .  နောက်ပြီး တခြားဆိုင်မှာ စားမိရင်တောင် ပိုက်ဆံရှင်းရင် အစ်ကို့ကိုခေါ်. .  အစ်ကို လာရှင်းပေးမယ်. . အစ်ကို ဒီဆိုင်ပိုင်ရှင်ရဲ့ မောင်ဆိုတော့ . . .  ဟီးဟီး . . . "

ကောင်လေးက သူ့နဂိုရင်ကော့ကြီးကို ထပ်ကော့၍ အာမခံချက်တွေပေးနေသည်။ ကောင်မလေးနှစ်ယောက်က ထရန်ပြင်ရင်း

"ကဲ. . မရှင်းရဘူးဆိုလည်းသွားမယ်. . ဟဲ့. . ကောင်မ. . နင့်ယောက်ျားမျှော်နေရော့မယ်. . "

"ဟင်. . "

"အိုအေ. . ငါ့ယောက်ျားက အရေးမကြီးပါဘူး. . နင့်သားသာ ဂျိကျနေမှာ. . "

"အလို. . "

ဟိုကောင်မလေးနှစ်ယောက်စကားကြောင့် ကောင်လေး ပါးစပ်ကြီးဟပြီး ငြိမ်ကျန်ခဲ့သည်။

"ကဲ. . ဒါဆို မြန်မြန်ပြန်ကြရအောင်"

ဟုဆို၍ ထထွက်သွားမှ ကောင်လေးက

"ဟင်. . တစ်ယောက်က ယောက်ျားနဲ့. . တစ်ယောက်က ကလေးတစ်ယောက်တောင်. . ဟင်. . ဒါဆို. . ပိုက်ဆံ. . ပိုက်ဆံ. . "

သူ့အော်သော်လည်း ဟိုကမကြားတော့။ လှစ်ခနဲနေအောင် ပျောက်ကွယ်သွားပြီ။ ထိုအချိန်ကျမှပင် မောင်မြင့်ဆွေလည်း မျက်နှာသစ်ပြီး ဆိုင်ထဲဆင်းလာကာ . . .

www.foreverspace.com.mm

"ဟား. . မနက်အစောကြီး လူစည်ကားနေပါလား. . အတော်ရောင်းထားရပြီထင်တယ်. ."

သူ့စကားကို လက်ဖက်ရည်ခုံတွင် ရှုကြောင်မှုကြောင်ထိုင်နေသော ဦးပေစိက

"ရောင်းကောင်းမကောင်းတော့ မသိဘူး. . နို့ဆီတစ်ဘူးတော့ ကုန်ပြီ. ."

ဦးပေစိစကားကို မောင်မြင့်ဆွေက ပြုံးရင်း

"ဟုတ်လား. . အတော်ရောင်းရတာပဲ. . ဒါနဲ့ ပိုက်ဆံရော"

သူ့အမေးကို ဦးပေစိက မျက်နှာမဲ့ရွဲ့၍. .

"တစ်ပြားမှမရသေးဘူး. ."

ဦးပေစိ၏အဖြေကြားတော့ မောင်မြင့်ဆွေ မျက်မှောင်ကျုံ့သွားပြီး . . .

"ဟ. . နို့ဆီတစ်ဘူးကုန်တာတောင် တစ်ပြားမှမရသေးဘူးဟုတ်လား. . နို့ဆီတစ်ဘူးဆို ဆယ့်ခြောက်ခွက်လေ. . ဆယ့်ခြောက်ခွက်စာရရမှာပေါ့. . နောက် မုန့်တွေကရော. ."

ဆိုတော့ ဦးပေစိက

"ဘယ့်နှယ့် ဆယ့်ခြောက်ခွက်စာရရမှာလဲ. . မင်းဦးလေးနားထိုင်းကြီးက လူတစ်ယောက်လက်ဖက်ရည်အရသာမသိလို့ဆိုပြီး လက်ဖက်ရည်ခြောက်ခွက်ကို ပုံစံစုံဖျော်တိုက်လိုက်တဲ့အပြင် အိမ်မှာပါသောက်ဖို့ဆိုပြီး ခြောက်ခွက်ထပ်ဖျော်ပေးလိုက်တယ်. ."

"ဟင်. ."

မောင်မြင့်ဆွေ ပါးစပ်အဟောင်းသားဖြစ်သွားရသည်။ဒေါ်မှုမှုကလည်းဝင်ထောက်ပြန်၏။

"နောက်. . နင်တို့အမျိုး စားပွဲထိုးတွေက ကောင်မနှစ်

www.foreverspace.com.mm

ယောက်ကို လာတာကို မုန့်ဟင်းခါးလေးပွဲနဲ့ လက်ဖက်ရည်နှစ်ခွက်တိုက်လိုက်ပြန်တယ်. . "

"ဟင်. . အဲဒီလို. . "

"အဲဒီလို ဘယ်ကမလဲ. . ပိုက်ဆံတစ်ပြားမှမရတဲ့အပြင် သူများဆိုင်မှာ ဖက်ကြမ်းသုံးလိပ်တောင် အကြွေးတင်နေပြီ. . နောက်ပြီး. . ဟိုမှာလေ. . နင့်အမျိုးဆိုပြီး အလကားလာဝါးနေတာ. . ပိုက်ဆံတောင်းရင်တောင် ပါးဖြတ်ရိုက်မတဲ့. . ကြည့်ဦး. . "

ဆိုတော့ မောင်မြင့်ဆွေလည်း တင်းသွားပြီး

"ဘာပါးဖြတ်ရိုက်မှာလဲ. . လက်ဖက်ရည်က အလကားရတာမဟုတ်ဘူး. . ဦးဖိုးထောင်လည်းဘာမှမသိဘဲ ဘယ်သူ့မှ အလကားမကျွေးနဲ့. . ဟိုကောင်တွေလည်း ဘယ်သူ့ကိုမှ အလကားမတိုက်နဲ့. . ကျုပ်ပိုက်ဆံနဲ့ကျုပ် ကောင်းရောင်းကောင်း ဝယ် လုပ်စားနေတာ ဘယ်သူ့မှအလကားမကျွေးနိုင်ဘူး. . အလကားလာစားတဲ့သူဆို အမျိုးသောဘာသော နားမလည်ဘူး. . အားလုံးပါးဖြတ်ရိုက်ပစ်မယ်. . "

သူ့ရဲ့ ကျယ်လောင်တဲ့အော်သံကြောင့် အလကားစားနေသော ဦးတိုးတွန့်ဝင်သွား၏။ ဟိုက တကယ်လုပ်မယ့်ပုံကိုး။ ဒါကြောင့် အိတ်စမ်းလိုက်၊ ခါးကြားနှိုက်လိုက်ဖြစ်နေ၏။ ဒါကို မောင်မြင့်ဆွေက ဆက်ပြီး

"ဆိုင်က ကောင်တွေကိုလည်း မှာထားမယ်. . ကိုယ့်တာဝန်ကိုယ်ယူပြီးလုပ်ကြ. . အသုပ်တစ်ပွဲမှာရင်. . လေးယောက်အော်ပြီး လေးပွဲဖြစ်ရတာနဲ့. . လက်ဖက်ရည်တစ်ခွက်မှာရင်. . ခြောက်ယောက်အော်ပြီး ခြောက်ခွက်စာဖျော်ရတာနဲ့. . ဘယ်လောက်ဆုံးရှုံးတယ်မှတ်လဲ. . ဒီတော့ ကိုယ့်တာဝန်ကိုယ်ခွဲယူကြ. . "

www.foreverspace.com.mm

ဟုအော်ပြီး အိမ်ထဲလှည့်ဝင်သွား၏။ ထိုတော့မှ စားပွဲထိုးလုပ်နေသော ငတိများက ခေါင်းချင်းဆိုင်ကုန်ကြပြီး

"ဟေ့ကောင်တွေ. . ကိုမြင့်ဆွေတော့ ဒေါသထွက်နေပြီ. . နည်းနည်းသတိထားကြဦး. . ဟုတ်တော့လည်း ဟုတ်တာပဲကွ. . တစ်ခုခုကို လေးငါးယောက်မှာမှာမိလို့ ပိုပိုသွားတာ နည်းမှမနည်းဘဲ"

အားလုံးစုတိုင်ပင်နေကြ၏။ ဒါကို လူလည်ကောင်လေးက

"ဒါဖြင့်. . ဒီလိုလုပ်. ."

"ဘယ်လိုလဲ. ."

"ဒီလိုလေကွာ. . တစ်ယောက်ကိုတစ်မျိုးစီ တာဝန်ယူထားမယ်. . ငါက လက်ဖက်ရည်တာဝန်ယူမယ်. ."

"ဒါဆို. . ကျွန်တော်က မုန့်ဟင်းခါး. . မုန့်ဟင်းခါးအပိုင်းကျွန်တော့်တာဝန်ထား. ."

"ငါက ခေါက်ဆွဲသုပ်. ."

"ငါက ပဲအီကြာ. ."

"ငါက ထမင်းကြော်. ."

"ငါက ရေနွေးကြမ်းကွ. ."

စသည်ဖြင့် တစ်ယောက်တစ်မျိုး တာဝန်ခွဲယူလိုက်ကြသည်။ ဒါကို ဟိုကယောင်အဘွားကြီးနှစ်ယောက်က လိုက်ပြီး

"ဟိုမှာ ကလေးတွေတော့တာဝန်အသီးသီးယူကြပြီ. . တို့လည်းတာဝန်ခွဲရအောင်. . ဒါဆို ကျွန်မက ညှပ်သုပ်မယ်. ."

"အေး. . ပြီးရော. . ငါက မုန့်ဖတ်သုပ်မယ်. ."

သူတို့တာဝန်ခွဲပြီးချိန်ကျမှ စားသုံးသူတစ်ယောက် ဆိုင်ထဲဝင်လာ၏။

www.foreverspace.com.mm

"ဟေ့..ဒီမှာ..မှာမယ်.."

တစ်ယောက်မှမလှုပ်။ မသိချင်ယောင်ဆောင်နေကြ၏။

"ဟေ့ကောင်တွေ..ဒီမှာ မှာမယ်လို့ပြောနေတာ မကြားကြဘူးလားကွ ဟေ..."

သူ့စကားကို ကောင်လေးက

"ခင်ဗျား ဘာမှာမလဲပြောလေ..မှာတာသိမှ တာဝန်ရှိတဲ့လူ လွှတ်ပေးလို့ရမှာပေ့ါ.."

ကောင်လေးပြန်ဖြေလိုက်သည်ကို စားသုံးသူက အနည်းငယ် စိတ်ဆိုးသွားပြီး

"လက်ဖက်ရည်မှာမှာကွ..လက်ဖက်ရည်မှာမှာ.."

ထိုတော့မှ ကောင်လေးထသွားပြီး

"အဲလို ရှင်းရှင်းပြောစမ်းပါ..လက်ဖက်ရည်ဘယ်လို သောက်မှာလဲ.."

"ပေ့ါဆိမ့်..အကြိုကြွေးပါမျ.."

ကောင်လေးက စားသုံးသူကို မိုက်ကြည့်ကြည့်ပြီး

"အကြိုကြွေးက ကျုပ်နဲ့မဆိုင်ဘူး..ဟိုကောင့်ကိုမှာ.."

"ဘယ်ကောင်လဲ.."

"ဟေ့ကောင်..ဝေလင်း..မင်းက အကြိုကြွေးလား.."

"အေး..ဟုတ်တယ်.."

"ဒါဆို..လာ.. အကြိုကြွေးမှာမလို့တဲ့.."

ဝေလင်း ထသွားပြန်၏။

"ဘာမှာမှာလဲ.."

"အကြိုကြွေးလေကွာ..နောက်..မုန့်ဖတ်နဲ့ညှပ် ရောသုပ်ပေး"

www.foreverspace.com.mm

"မုန့်ဖတ်က ကျုပ်ကိစ္စမဟုတ်ဘူး . . ဟိုကောင့်ကိစ္စ . . ဟိုကောင့်ကိုခေါ် . . "

ဟုဆိုကာ မျိုးမြင့်ထွန်းကို လက်ညှိုးထိုးပြ၏။ စားသုံးသူက အူလည်လည်နှင့် မျိုးမြင့်ထွန်းဘက်လှည့်ကာ

"ဟေ့ကောင်လေး . . လာဦး . . "

မျိုးမြင့်ထွန်း ထလာ၏။

"မုန့်ဖတ်နဲ့ညှပ် ရောသုပ်ပေးလို့ . . "

"မုန့်ဖတ်နဲ့ညှပ်ပဲရမယ် . . ဆေးလိပ်က ဟိုကောင့်ကိုမှာ . . "

စားသုံးသူက ကျော်ရဲဘက် လှည့်ရပြန်၏။

ဆိုတော့ ကျော်ရဲက ထပင်မထဘဲ . . .

"ကိုယ့် ဘာသာကိုယ်ထယူ . . "

စားသုံးသူက သူ့ဘာသာသူထယူရတော့မလိုဖြစ်နေ၏။

"ဒါဖြင့်လည်း ရေနွေး . . "

ဆိုတော့ ကျော်ရဲက ဘိုထွန်းဘက်လှည့်ပြီး

"ဟိုကောင့်ကိုမှာ . . "

စားသုံးသူက ဘိုထွန်းဘက်လှည့်ပြီး . .

"ဟေ့ကောင်လေး . . ရေနွေးကြမ်းချပေး . . "

ဘိုထွန်း မထချင်ထချင်နှင့် ထသွား၏။

ထိုနည်းတူစွာ တာဝန်ခွဲယူထားသော အဘွားကြီးနှစ်ယောက်ကလည်း ပြဿနာတက်နေ၏။

"အစ်မက မုန့်ဖတ်သုပ်မယ်ဆိုတော့ ဘယ်လိုလုပ်မလဲ . . ကျွန်မက ညှပ်သုပ်ရမှာလေ . . "

"ဒါလေးများ ညီမရယ် . . တစ်ယောက်တစ်ဝက်သုပ်ကြတာ

www.foreverspace.com.mm

ပေါ့. . အစ်မက မုန့်ဖတ်တစ်ဝက်သုပ်မယ်. . ညီမက ကိုယ့်ဘာသာကိုယ် ညှပ်တစ်ဝက်သုပ်ပေါ့. . "

"အေးလေ. . ကောင်းပြီ. . "

ဆိုပြီး မုန့်ဖတ်နှင့်ညှပ်ကို တစ်ဝက်စီသုပ်ကြ၏။ ပြီးနောက် ပန်းကန်ပေါ်တင်လိုက်တော့ မုန့်ဖတ်ကတစ်ရောင်၊ ညှပ်ကတစ် ရောင် အရောင်မတူဖြစ်နေ၏။ နှစ်ယောက်လုံးကတော့ မလျှော့။ ရောသုပ်မပေး။ ထိုအတိုင်းပင် ကမ်းပေးလိုက်၏။

သူ့ရှေ့ရောက်လာသော မုန့်ဖတ်နှင့်ညှပ်အပုံလေးနှစ်ပုံကိုကြည့်ပြီး စားသုံးသူ မျက်လုံးပြူးသွားရ၏။

"ဟင်. . ဒါ. . ဒါကြီးက. . "

သူ့အမေးကို လာချပေးသောမျိုးမြင့်ထွန်းက ခပ်တည်တည်နှင့်

"မုန့်ဖတ်နဲ့ညှပ်သုပ်လေစား. . ကိုယ့်ဘာသာကိုယ် ရော စား"

"ဘာ. . ကိုယ့်ဘာသာကိုယ် ရောစားရမယ်"

ဆိုပြီး စားသုံးသူမှ တစ်ဇွန်းစီခပ်စားပြီး. .

"ဟင်. . ဒါကြီးက ချဉ်ချဉ်ကြီး. အလို. ဒါက ငန်တန်တန်နဲ့ ဒါဘယ်လိုရောစားရမှာလဲ. . "

ဟုဆိုကာ. .

"မင်းတို့လုပ်ပုံနဲ့ကတော့ကွာ. . မနက်တည်းက မိန်းမ ထမင်းချိုင့်ထည့်ပေးဖို့ နောက်ကျလို့ စိတ်တိုပြီးထွက်လာတာ. . တောက်. . ဒီပုံနဲ့ဆို အမှုက ကျိန်းသေဖြစ်မှာပဲ . . . လူသတ်မှုလား . . ရိုက်မှုလား . . . တစ်မှုမှုတော့သေချာနေပြီ . . . "

ဟုဆိုကာ စားစရာရှိတာအမြန်စားပြီး. .

www.foreverspace.com.mm



"ဟော့. . ဒီမှာ အားလုံးရှင်းမယ်. . ဘယ်လောက်လဲ"

ဆိုတော့ ကောင်လေးက အရင်ထလာကာ. .

"လက်ဖက်ရည်က တစ်ရာ့ငါးဆယ်. ."

"ဟင်. . အားလုံးရှင်းမယ်လေ"

"မလိုချင်ဘူး. . ကျုပ်ကိုစွပဲ ကျုပ်ရှင်းနိုင်မယ်. . ပေး တစ်ရာ့ငါးဆယ်. ."

စားသုံးသူက တစ်ထောင်တန်တစ်ရွက်ထုတ်ပေး၏။ ထိုတော့မှ ဝေလင်းကထလာကာ အီကြာကွေးပန်းကန်ကိုဆွဲပြီး. .

"အီကြာကွေးက တစ်ချောင်း တစ်ရာ့နှစ်ဆယ်. . ပေး. . တစ်ရာ့နှစ်ဆယ်. ."

စားသုံးသူက ကြောင်သွားပြန်ပြီး. .

"ဟိုမှာ တစ်ထောင်တန်ပေးထားတယ်လေ. . အဲဒီထဲက ပေါင်းရှင်းပေါ့. ."

ဆိုတော့ ဝေလင်းက မျက်နှာမာမာနဲ့. .

"ရှုပ်ရှုပ်ယှက်ယှက်မလုပ်နဲ့. . ဒီဆိုင်မှာကတာဝန်ခွဲ ထားတာ . . . ကိုယ့်တာဝန်နဲ့ကိုပဲ. . ပေး တစ်ရာ့နှစ်ဆယ်. . ကျုပ်က ရှုပ်တာ မကြိုက်ဘူး"

ဟိုလူ တစ်ထောင်တန်တစ်ရွက် ထပ်ထုတ်ပေး၏။ နောက် မျိုးမြင့်ထွန်းရောက်လာပြန်ပြီး. .

"ညှပ်နဲ့မုန့်ဖတ်သုပ်က နှစ်ရာ့ငါးဆယ်. . ပေး နှစ်ရာ့ငါး ဆယ်"

ဟိုလူ တစ်ထောင်တန် ထပ်ထုတ်ပေး၏။ ကျော်ရဲက ထလာ ပြန်ပြီး. .

"ဆေးလိပ်နဲ့ပတ်သက်ပြီး မှာထားတာရှိလား"

www.foreverspace.com.mm

"မှာတယ်လေ. . မင်းမှလာမချတာ"

"ဒါဆို ခုနစ်ဆယ်ပေး ဆေးလိပ်ယူပေးမယ်. . ဒါတောင် စိတ်ကောင်းဝင်တုန်းလုပ်ပေးတာနော်"

"ဩော် . . ဩော် . . စားပွဲထိုးစိတ်ကောင်းဝင်တုန်း သောက်ရမယ့် ဆေးလိပ်လေး. ."

ဆိုကာ တစ်ထောင်တန်တစ်ရွက် ထုတ်ပေးလိုက်ပြန်သည်။ သိပ်မကြာလိုက်၊ တစ်ယောက်က ရှစ်ရာ့ငါးဆယ်၊ တစ်ယောက်က ကိုးရာ့သုံးဆယ်၊ တစ်ယောက်က ရှစ်ရာ့ရှစ်ဆယ်၊ တစ်ယောက်က ခုနစ်ရာ့ငါးဆယ် စသည်ဖြင့် အကြွေများဖြင့် ပြန်လည်ရောက်ရှိလာကြသည်။

စားသုံးသူက တစ်ယောက်စီအမ်းပေးတာကို ပြန်ယူရင်း

"တောက်. . မင်းတို့ဆိုင်ရောက်မှပဲ ငါ့မလဲ စပယ်ယာလိုကို ဖြစ်ရော့ကွာ. . ရလိုက်တဲ့အကြွေတွေကလည်း အလျှံခံမဏ္ဍပ်ကျနေတာပဲ. ."

ဟုဆိုကာ ထွက်ချသွားလေတော့သည်။

X X X

www.foreverspace.com.mm

အမျိုးပြန်ကြည့်
နိုင်တာတော့ဟုတ်ပါပြီ. .
လွတ်လွတ်လပ်လပ်တော့. . .
မဖြစ်တော့ဘူး. .
အခုတောင်

"ဒီအတိုင်းဆိုရင်တော့ မလွယ်လောက်တော့ဘူးနော်လေပြည် အခုပဲကြည့်လေ. . လာနေကျဖောက်သည်တွေ လျော့သွားတဲ့အပြင် တစ်နေ့တစ်နေ့ ဈေးရောင်းရတဲ့ငွေတွေလည်း နည်းနည်း သွားသလိုပဲ. ."

မောင်မြင့်ဆွေနှင့် လေပြည်မျိုးတို့ ဈေးဝယ်ထွက်ရင်း တိုင်ပင်နေကြသည်။ သူတို့ခမျာလည်း ဆိုင်မှာဆိုလျှင် အမျိုးများနှင့်မလွတ်လပ်၍ ဈေးဝယ်ထွက်တုန်း တိုင်ပင်နေရခြင်းဖြစ်၏။

"အဲဒါ အစ်ကိုအမျိုးတွေလည်း အစ်ကိုကြည့်ပြောဦးလေ"

"ဟ. . မင်းအမျိုးတွေလည်း မင်းပြောမှပေါ့"

"လေပြည်က မိန်းကလေးလေ. ."

"ငါကလည်း ယောကျ်ား. . အဲ. . ဘာဆိုင်လို့လဲ. . ဟိုလေ. . တို့နှစ်ယောက်လည်း ညှိညှိနှိုင်းနှိုင်းနဲ့ အမျိုးတွေကို

ထိန်းကြရ မယ်ထင်တယ်"

လေပြည်မျိုး မြင့်ဆွေကိုပြန်ကြည့်၏။

"အေးလေ. . ကိုယ်ကိုယ်တိုင် လိုလိုလားလားခေါ်ထားပြီးမှ တော့. . "

လေပြည်မျိုး စကားစရပ်လိုက်သည်။ ပြီးမှ. .

"လေပြည်ကတော့ အစ်ကိုနဲ့အခုလို ဘဝတစ်ခုကို လွတ်လွတ်လပ်လပ်တည်ဆောက်ပြီး အမျိုးတွေကိုပါပြန်ကြည့်နိုင်တဲ့အတွက်ကိုပဲ ဝမ်းသာလှပါပြီ"

သူ့စကားကို မြင့်ဆွေက. .

"အမျိုးပြန်ကြည့်နိုင်တာတော့ ဟုတ်ပါပြီ. . လွတ်လွတ်လပ်လပ်တော့မဖြစ်ဘူး. . အခုတောင် လင်မယားနှစ်ယောက် အိပ်စရာနေရာ မနည်းချန်ထားရတယ်"

"ကဲပါ. . အမျိုးကိစ္စ ခဏမေ့ထားလိုက်ပါ. . မနက်ဖြန်အတွက် ဈေးဝယ်ရဦးမယ်လေ"

မြင့်ဆွေနှင့်လေပြည်မျိုး စကားစဖြတ်ပြီး ဈေးဘက်သို့ခြေဦးလှည့်လိုက်ကြသည်။

x x x

www.foreverspace.com.mm

မင်း. . မင်း
ဘယ်လို
လုပ်လိုက်တာလဲကွ. .
ငါထိုင်နေတာ
မမြင်ဘူးလား. .

"ချွတ် ချွတ်. . ကောင်လေး မှာမယ်"

ထိုင်နေကြသော စားပွဲထိုး ဝေလင်းနှင့်ဘိုထွန်းမှာ တုတ်တုတ်မျှပင်မလှုပ်။ မသိချင်ယောင်ပင် ဆောင်နေကြသေး၏။ ကျန်သည့်သူများလည်း မတွေ့ရ။

"ဟေ့. . ဒီမှာ မှာမယ်လေ. . မင်းတို့ နားကန်းနေကြလား"

နှစ်ယောက်လုံး ခေါင်းမော့၍ တစ်ဖက်ကိုပင်လှည့်သွားကြ၏။ သူတို့ကိုကြည့်ပြီး စားသုံးသူမှာ ဒေါသထွက်လာပြီး. .

"ဟေ့ကောင်တွေ. . စားပွဲထိုးတွေ. . မင်းတို့ကို မှာမယ်လို့ပြောနေတာ မကြားဘူးလား"

ဟိုလူ၏ ကျယ်လောင်သောအော်သံကြောင့် ဝေလင်းနှင့်ဘိုထွန်းမှာ တစ်ယောက်ကိုတစ်ယောက် မျက်စပစ်ကာ. .

www.foreverspace.com.mm

"ဟော့ကောင်. . မင်းသွား"

"အောင်မာ . . . ဘာကိစ္စ ငါကသွားရမှာလဲ . . မင်းဟာမင်းပဲ သွား . . . "

စားသုံးသူမှာ စိတ်မရှည်နိုင်တော့ဘဲ အရှေ့ကခုံကို လက်နှင့် ပုတ်ကာ. .

"ဟော့ကောင်တွေ. . စားပွဲထိုးတွေ. . ဘာလုပ်နေကြတာလဲ ကွ. . မင်းတို့ဟာ ဈေးရောင်းမှာရောဟုတ်သေးရဲ့လား. . ရောင်းစား မှာလား တောင်းစားကြမှာလားကွ ဟေ. . "

သူ့ရဲ့ကျယ်လောင်သောအော်သံကြောင့် ဆိုင်နောက်ထဲ အလုပ်များနေသော မြင့်ဆွေပြေးထွက်လာပြီး. .

"ဘာတွေဖြစ်နေကြတာလဲ. . ဟင်. . ဟိုကောင်တွေ ဘယ် ရောက်ကုန်ပြီလဲ"

ခါတိုင်း စားပွဲထိုးတွေနဲ့ချည်း ပြည့်နှက်နေသော သူ့ဆိုင် တွင် ယခု ဘယ်သူ့ကိုမှမတွေ့တော့၍ မြင့်ဆွေ အံ့အားသင့် သွားသည်။ ဒါကို ငုတ်တုတ်ကြီးထိုင်နေသော ဝေလင်းက. .

"ဘိလိယက်သွားထိုးနေကြတယ်"

ဝေလင်းအဖြေစကားကြောင့် မြင့်ဆွေဒေါသထွက်သွား ပြီး. .

"ဘယ်မှာသွားထိုးနေတာလဲကွ"

"လမ်းထိပ်မှာ. . "

"အားလုံးကိုသွားလိုက်ခေါ်စမ်း"

ဟုဆိုကာ ခုန မှာနေသူဆီသွားပြီး. .

"အစ်ကို ဘာမှာမလဲ. . "

ဆိုတော့ ဟိုလူက စိတ်ဆိုးမာန်ဆိုးနှင့်ထကာ. .

"ဘာမှမမှာဘူး. . ဒီလောက် ဆက်ဆံရေးကျဲတဲ့ မင်းတို့ဆိုင်

www.foreverspace.com.mm

ကိုလည်း ဘယ်တော့မှမလာတော့ဘူး . . ဟား . . . ဟား . . . တင်စိုးပေါက်သွားပြီကွ . . . တင်စိုးနပ်သွားပြီ . . . စားပွဲထိုးလူကြီးမင်းတွေ သင်ပေးတဲ့ပညာနဲ့ တင်စိုးစာတတ်သွားပြီ . . . ဟား . . . ဟား . . . ဟား . . . အခုလည်းမသောက်တော့ဘူး . . . နောင်လည်းမလာတော့ဘူး . . ."

ဟုဆိုကာ ဆိုင်ပြင်သို့ထွက်ချသွားလေသည်။ မြင့်ဆွေကသာ သက်ပြင်းချ၍ . .

x x x

www.foreverspace.com.mm

သိပ်မကြာပါ။ ဘိလိယက်သွားထိုးနေသော နှစ်ဖက်ဆွေမျိုးများ ကုပ်ချောင်းချောင်းနှင့် ပြန်ရောက်လာကြ၏။ မြင့်ဆွေစိတ်ဆိုးနေမှန်းသိ၍ အသံတိတ်နေကြသည်။ အားလုံးလူစုံမှ မြင့်ဆွေက. .

"ကဲ. . အားလုံး လူစုံတုန်းပြောမယ်. . နှစ်ဖက်အမျိုး အားလုံး ဒီမှာဆက်နေချင် တယ်ဆိုရင်အလုပ်လုပ်ကြပါ. . အေး . . . အဲဒီလိုမှမလုပ်ချင်ဘူးဆိုရင် . . . ကိုယ့်ရွာကိုပြန်နိုင်တယ် . . . အလုပ်ကိုစိတ်မဝင်စားရင်မလုပ်ကြနဲ့ . . . ဒါပဲ. . ခင်ဗျားတို့လုပ်ပုံနဲ့ ကျုပ်ဆိုင် လည်းပြုတ်တော့မယ်. . "

မြင့်ဆွေစကားဆုံးသည်နှင့် အားလုံး မျက်လုံးကလယ်ကလယ် ဖြစ်သွားကြသည်။ နောက် ဦးပေစိမှစ၍. .

"ရွာတော့မပြန်ချင်ဘူးကွာ. . ရွာမှာကရေသိပ်ရှားတာ. . "

www.foreverspace.com.mm

သူ့စကားကို ကောင်လေးက. .

"ဟုတ်တယ်. . ရွာမှာက ကောက်စိုက်ရ နွားကျောင်းရနဲ့ သိပ်ပင်ပန်းတာ. . နောက် ဘီလီယက်လည်းမထိုးရဘူး. . ဒီမှာပဲ သက်သောင့်သက်သာနဲ့ အလုပ်ကြိုးစားမယ်"

သူ့စကားဆုံးသည်နှင့် အားလုံးက. .

"ဟုတ်တယ်. ."

"မှန်တယ်. . ရွာမှာဆို ကောင်မလေးချောချောလှလှလည်း မတွေ့ရဘူး. . ရွာမှာဆို ဒီထက်ပိုပင်ပန်းပြီး ကိုယ့်ပိုက်ဆံနဲ့ကိုယ် စားရတာ. . ဒီမှာ ကိုယ့်ဟာကိုယ်စားချင်တာစားပြီး ဇိမ်ပဲ. . ဒီမှာပဲ နေမယ်"

ဆိုပြီး အားလုံးကိုယ်စီ ထင်ရာမြင်ရာအလုပ်တွေ လျှောက်လုပ်ကုန်ကြ၏။ ဦးပေစိက တောက်နေပြီးသား မီးဖိုထဲ ထင်းတွေ ထပ်ပစ်ထည့်နေ၏။ ဦးဖိုးထောင်က အကျရည်အိုးကိုမလိုအပ်ဘဲ ရေထိုးသည်။ ကောင်လေးနှင့်ဝေလင်းက ပြောင်နေပြီးသားစားပွဲတွေကို အဝတ်စုတ်တစ်ခုနှင့် ခေါင်းချင်းဆိုင် သုတ်နေကြ၏။ ကျော်ရဲက ရှိပြီးသား ရေနွေးတွေသွန်ပြီး ရေနွေးအသစ်ထပ်ထည့်သည်။ စပါယ်အုံးက အီကြာကွေးဗန်းပေါ် စမူဆာတင်လိုက်၊ စမူဆာဗန်းပေါ် အီကြာကွေး တင်လိုက်နှင့် အလုပ်ရှုပ်ချင်ယောင်ဆောင်နေ၏။ ထိုအချိန်မှာပင် လက်ဖက်ရည်သောက်မည့်သူ ဆိုင်ထဲဝင်လာသည်ကိုမြင်တော့ အားလုံးပြေးသွားကြပြီး. .

"အစ်ကိုဘာစားမလဲ. . ဘာသောက်မလဲ. . ဘာမှာမလဲ"

ဟိုလူက စားပွဲခုံတွင်ထိုင်မလိုလုပ်တုန်းမှာပင် သူ့ထက်ငါ ဝိုင်းမေးကြ၏။ ထိုသူထိုင်ချလိုက်ချိန်မှ ဝေလင်းက ခုံကိုရုတ်တရက်ဆွဲယူလိုက်တော့. .

ဝုန်းခနဲမြည်သံနှင့်အတူ ထိုလူကြီး မြေပြင်ပေါ် ပက်လက်

www.foreverspace.com.mm

လန့်ကျသွား၏။ ရုတ်တရက်ဖြစ်ပေါ်သွားသော အခြေအနေကြောင့် အားလုံးအံ့အားသင့်ပြီး ကြောင်ငေးသွားကြ၏။ လဲကျသွားသူလည်း ရှက်ရမ်းရမ်း၍ လူးလဲထကာ. .

"မင်း. . မင်းဘယ်လိုလုပ်လိုက်တာလဲကွ. . ငါထိုင်နေတာ မမြင်ဘူးလား. . "

ဆိုတော့ ဝေလင်းက ခုံကိုလက်ညှိုးထိုးပြပြီး. .

"သံလေ. . သံ. . သံထွက်နေလို့. . အစ်ကိုကြီး စူးမှာစိုးလို့"

"စူးစူးပေါ့ကွ. . ငါဖင်စူးတာ မင်းနာလို့လား"

ထိုလူ၏ ဒေါသတကြီးအမေးကို ဝေလင်းက မျက်နှာငယ် ကလေးနဲ့. .

"အစ်ကိုရယ်. . သံချက်က ထွက်နေတော့ ခုံကရွှေ့နေတယ် လေ. . အဲဒါ အစ်ကိုခုံညပ်ပြီး အိမ်ကို ဥမကွဲသိုက်မပျက်ပြန်မရောက် မှာစိုးလို့ပါ. . အစ်ကိုမကျေနပ်ရင် ပေသွားတဲ့ အစ်ကို့နောက်ကျော တံမြက်စည်းနဲ့ ပြန်လှဲပေးမယ်. . "

ဆိုပြီး ကမန်းကတန်းဖြင့် ဆိုင်မှာသုံးသည့် တံမြက်စည်း အစုတ်ကြီးသွားယူကာ လာလှည်းပေးနေသဖြင့် ဟိုလူမှာ. .

"တော်ပါကွာ. . ဟေ့. . ဟေ့ကောင်. . ငါ့ဘာသာငါ ခါယူမယ်. . "

မရ. . . ဝေလင်းကဆုံးဖြတ်ပြီးရင် ပြင်လို့မရ။ ဟိုလူ့တင်ပါး တံမြက်စည်းနှင့်တဖုန်းဖုန်းရိုက်ပြီး . . .

"ပြောင်ပါပြီ အစ်ကိုရဲ့. . ခဏလေးပါ. . "

ဝေလင်းရဲ့စကားကြောင့် ဟိုလူမှာ စိတ်ဆိုးရခက်၊ ကျေးဇူး တင်ရခက်ဖြစ်နေ၏။ နောက်မှ တခြားခုံတစ်လုံးဆွဲယူကာ. .

"ကဲ. . တော်ပြီ. . ထားလိုက်တော့. . ဒီမှာ လက်ဖက်ရည် တစ်ခွက်. . စမူဆာတစ်ခုသွားယူ. . "

www.foreverspace.com.mm

ဆိုတော့ ကျန်သည့်ကောင်များ ဆိုင်နောက်ပြေးဝင်ကာ. .

"ဟေ့. . လက်ဖက်ရည်တစ်ခွက်. . "

ဟုမှာပြီး လက်ဖက်ရည်တစ်ခွက်ရတော့ အဝေမတည့်ဖြစ်နေပြန်၏။

"ဟေ့ကောင်. . ငါအရင်ရောက်တာ ငါဆွဲမယ်"

"ငါအရင်အော်တာကွ. . ငါပဲဆွဲမယ်"

"အောင်မာ. . သူများဝါပြီးသား အင်အင်းပုံခွထိုင်ပြီး ငါပါထားတာ လုပ်ချင်သေး. . အရင်ဆုံးပြေးလာတာ ငါကွ. . "

"အောင်မာ. . မင်းကရော ငယ်ငယ်တည်းက သောက်ခဲ့တဲ့ ရေတစ်ခွက်နဲ့ တစ်သက်လုံး သေးထွက်ချင်နေလို့မရဘူးကွ"

စသည်ဖြင့်စကားများနေကြသည်။ နောက်မှ အချင်းချင်းညှိပြီး

"ကဲ. . အဲဒါဆို ငါ ခွက်မမယ်. . မင်းက ခွက်အောက်က ပန်းကန်ပြား မ. . ကျော်ရဲက ဇွန်းကိုင်. . ကျန်တဲ့နှစ်ကောင်က ရေနွေးကိုတစ်ယောက်တစ်ဖက်မ. . "

ဆိုပြီး လက်ဖက်ရည်တစ်ခွက်ကို တစ်ယောက်က ခွက်. . တစ်ယောက်က ပန်းကန်ပြား. . တစ်ယောက်က ဇွန်းကိုင်ပြီး ပဒေသာပင်လှည့်သလိုသွားချ ပေးပြန်သည်။ ပြီးတော့စားသုံးသူနားကပ်ကာ. .

"အစ်ကို. . မြန်မြန်သောက်ပါလား"

လက်ဖက်ရည်သောက်နေသူက မျက်မှောင်ကျုံ့ပြီး. .

"ဘာဖြစ်လို့ မြန်မြန်သောက်ရမှာလဲကွ. . "

"ဟိုလေ. . ကျွန်တော် ပန်းကန်ဆေးချင်လို့. . အဟီး. . "

www.foreverspace.com.mm

သူတို့လည်း အလုပ်မလုပ်လျှင် ရှာပြန်ရမည်ဆိုသောကြောင့် အတင်းတွန်းနေသည်။

"ဟ. . မင်းပန်းကန်ဆေးချင်တာနဲ့ ငါကမြန်မြန်သောက် ပေးရမှာလား . . . တော်ပါကွာ. . "

"လုပ်ပါ အစ်ကိုရာ. . လက်ဖက်ရည်တစ်ခွက်သောက်တာ ဘာကြာတာမှတ်လို့. . အရည်ချည်းပဲဟာကို . . . ခပ်မြန်မြန် သောက်ချလိုက်ပါ အစ်ကိုရာ. . လိမ္မာပါတယ်နော်. . "

"ဟ. . ဘာလဲကွ. . လက်ဖက်ရည်ဆိုင်ထိုင်တယ်ဆိုတာ"

"လုပ်ပါ အစ်ကိုရာ. . ခွက်ကို နှုတ်ခမ်းပေါ်တေ့ပြီး တစ်ရှိန် ထိုး မော့ချလိုက်ပါဗျာ. . ချိုချိုလေး . . . သောက်လိုက်နော် . . . ပရွတ်ဆို . . . မော့ချလိုက် . . . "

"ဟ. . ငါ့ကို ကလေးဆေးတိုက်သလိုလာလုပ်မနေကြနဲ့ ငါက အေးအေးဆေးဆေး. . "

"ခင်ဗျား သောက်မလား မသောက်ဘူးလား. . ကျွန်တော် တင်းလာပြီနော်"

"တောက် . . . ဒီလောက်ဖြစ်လှတာ သောက်ပြီကွာ. . ရော့. . ဒီမှာမင်းဆေးချင်တဲ့ပန်းကန်. . ရော့. . ဒီမှာ လက်ဖက်ရည် ဖိုး"

ငတိတွေအလုပ်ရသွား၍ ဝမ်းသာသွားပြီး. .

"ဟေး. . ဒါမှ တို့ကိုကိုကွ"

ဟုအော်ကာ လက်ဖက်ရည်ပန်းကန် မသူ့,မ. . ခွက်ယူသူယူ ဇွန်း လုသူလုနှင့် အလုပ်ရသွားကြ၏။

စားသုံးသူကသာ. .

"တော်ပြီကွာ. . ဒီလိုဆိုင်မျိုး တစ်သက်မလာဘူး . . . ဟေ့

www.foreverspace.com.mm

ကောင်တွေ . . . နောက်နေ့ ငါယောင်ပြီးတော့ဒီဆိုင်ထဲဝင်လာမိရင်လေ . . . သိလား . . ငါ့ညီသကြီးကိုခွေးခြေနဲ့သာထုပစ် . . . စိတ်မဆိုးဘူး . . . "

ဟုဆို၍ ဒေါ်သတကြီးနှင့်ထွက်သွား၏။ သူတို့ကတော့ ဂရုမစိုက်၊ အဓိက အလုပ်လုပ်နေဖို့သာလေ၊ နောက်လူများကိုလည်း ထိုနည်းအတိုင်း . .

"မြန်မြန်သောက်လိုက်ပါ အစ်ကိုရာ"

"လက်ဖက်ရည်ဆိုတာ အေးသွားရင်မကောင်းဘူး"

"မှာထားတဲ့ အီကြာကွေးတစ်ချောင်းလုံး မျိုသာမျိုချလိုက်ပါဗျာ. . . မှန်းစမ်းအီကြာကွေး. . . မှန်းစမ်းအစ်ကို့လည်ချောင်း. . . တွေ့လား တွေ့လား. . . အစ်ကို့လည်ချောင်းကမှရှည်သေး . . . အစ်ကိုမျိုမယ်ဆို ချောင်ချောင်လေးမျိုလို့ရတယ်. . . အီကြာကွေးနင်လို့သေတဲ့မသာ ကျုပ်တစ်သက်မှာ တစ်ခါမှမမြင်ဖူးဘူး"

"မြင်များမြင်ချင်လို့လား ကောင်လေးရာ"

စသည်ဖြင့်. . ။

X X X

www.foreverspace.com.mm



အမျိုးအရင်းများ
ဖြစ်နေသည့်အတွက်
ဘယ်လိုပြန်မောင်းချ
ရမှန်းလဲမသိ

"ဒီအတိုင်းဆို မလွယ်လောက်တော့ဘူးနော် လေပြည်.."

"အဲဒါကြောင့်ပြောတာ..အစ်ကို့အမျိုးတွေ ပြန်လွှတ်လိုက်ပါဆိုနေ.."

"ဟာ..မင်းအမျိုးတွေကျတော့ရော.."

"လေပြည့် အမျိုးတွေကျတော့ အားနာလို့.."

"ငါလည်း ငါ့အမျိုး ငါအားနာတာပဲ"

"ဘာအားနာစရာရှိလဲ..ကိုယ်က ယောကျ်ားလေးပဲ"

"တော်ပါ လေပြည်ရာ.."

နှစ်ဖက်အမျိုးများကြောင့် မောင်မြင့်ဆွေနှင့် လေပြည်မျိုးတို့ အခြေအနေတင်းမာနေကြသည်။ သူ့ဘက်ကလည်းမလျှော့ချင်

www.foreverspace.com.mm

ကိုယ့်ဘက်ကလည်း မလျှော့ချင်နှင့် စကားများရသည်မှာလည်း အကြိမ်ကြိမ်. . ။ ပြဿနာကလည်း ကိုယ်လိုလိုချင်ချင်နှင့် ခေါ်တင်ထားရသည့် အမျိုးအရင်းများဖြစ်နေသည့်အတွက် ဘယ်လိုပြန်မောင်းချရမှန်းလဲမသိဖြစ်နေကြ၏။ နောက်ဆုံးတော့. .

"အတတ်နိုင်ဆုံးတော့ပြောရမှာပဲ လေပြည်ရယ်. ."

ဟုသာ. . ။

x x x

www.foreverspace.com.mm

ငါတို့ကလည်း ဒီမှာသာ
အစ်မမျက်နှာနဲ့ စားပွဲထိုး
လာလုပ်နေတာ . .
ရွာမှာဆို
မျက်နှာကြီးမျိုးတွေပါ . .
ဘယ်ဆိုင်သွားသွား
အကြွေးစားလို့ရတယ်

နေ့လယ်ခင်း ဆိုင်တွင် လူရှင်းနေချိန်ဖြစ်သည်။ အမျိုးအားလုံး ဆိုင်မှာပင် ကိုယ်စီထိုင်ခုံများဖြင့်ထိုင်နေကြသည်။ မောင်မြင့်ဆွေသာ အမျိုးအားလုံးရှေ့ ခေါက်တုံ့ခေါက်ပြန်လျှောက်ကာ. .

"ကဲ. . ပြဿနာကတော့အဲဒါပဲ. . ကျွန်တော်လည်း အားလုံးကို အားနာနာနဲ့ပြောရတာ. . သိပ်တော့မပြောချင်ဘူး"

အားလုံးက သူ့စကားကို ငြိမ်သက်စွာနားထောင်နေကြသော်လည်း မျက်နှာထားကသုန်သုန်မှုန်မှုန်နှင့်. .

"အခုလည်းကြည့်လေ. . လူများပြီး အလုပ်မဖြစ်တဲ့အပြင် အရောင်းအဝယ်ပါ သိသိသာသာကျလာပြီ. . မှာရင် ကြာတယ်. . လာရင်မကောင်းဘူးဆိုတာ ဆွေမျိုးဆိုင်ရဲ့ဆောင်ပုဒ်လိုပါဖြစ်နေပြီ"

www.foreverspace.com.mm

မောင်မြင့်ဆွေစကားကြောင့် အားလုံးလှုပ်လှုပ်ရွရွ ဖြစ်ကုန်၏။ ဒါကို မောင်မြင့်ဆွေမှဆက်၍. .

"အခုဆို စားသုံးသူအားလုံးက ပြောနေပြီ. . ဆွေမျိုးဆိုင်က လက်မှန်တယ်. . ကွာလတီကို တကယ်ထိန်းထားတယ်. . ဘာမှာ စားစား မကောင်းဘူးတဲ့. . "

သူ့စကားကို ဒေါ်တင်မေက. .

"အဲလိုတော့ မပြောပါနဲ့အေ. . ငါက အသုပ်တွေသုပ်ရင် ကောင်းကောင်းသုပ်ပါတယ်. . သူကသာ. . "

ဆိုပြီး ဒေါ်မူမူဘက်ကို မေးငေါ့ပြ၏။ ဒါကို ဒေါ်မူမူက. .

"အောင်မယ်. . သူကပဲ ပြောရတယ်ရှိသေး. . နှာခေါင်း ကလော်လိုက်. . အသုပ်သုပ်လိုက်. . ဖင်ကုတ်လိုက်. . အသုပ်သုပ် လိုက်ဟာကများ. . "

"ဟဲ့. . ငါက ဖင်ကုတ်တာ အကျင့်ပါနေလို့ဟဲ့. . နင်ကသာ အသုပ်ထဲ ပင့်ကူပါသွားရတာနဲ့. . ပိုးဟပ်ထည့်သုပ်မိတာနဲ့. . "

"ဟဲ့. . ငါကမျက်လုံးမကောင်းလို့ဖြစ်တာ နင့်လို ဖင်ကုတ် ခေါင်းကုတ် တမင်လုပ်နေတာမဟုတ်ဘူး. . "

အရေးထဲ အသုပ်သမားနှစ်ယောက်က တည်နေသေး၏။ မောင်မြင့်ဆွေကကြားဝင်၍. .

"ကဲ. . ကဲ. . တော်ကြပါ. . တော်ကြပါ. . အဓိက စားပွဲထိုး တွေပဲ. . "

မောင်မြင့်ဆွေစကားကြားတော့ ကောင်လေးတို့အဖွဲ့ ကျို့ ဝင်သွား၏။

"တာဝန်ခွဲယူပါဆို မဟုတ်တဲ့တာဝန်ခွဲကြတယ်. . အလုပ် လုပ်ပါဆို စားသုံးသူက စားမပြီးသေးဘူး ပန်းကန်ဆွဲယူရတာနဲ့. .

www.foreverspace.com.mm

များနှင့် . . ။

ကောင်မလေးလှလှမြင်သည်နှင့် ဝါရင့်များဖြစ်ကြသော မျိုးမြင့်ထွန်းနှင့်ကျော်ရဲတို့ မျက်လုံးများ အရောင်လက်သွားကြ၏။

"ကိုမြင့်ဆွေ . . "

ကောင်မလေးထံမှ သာယာသောအသံ။ မြင့်ဆွေက လှည့်ကြည့်ပြီး. .

"ဟာ. . လဲ့လဲ့ဆွေ. . "

မောင်မြင့်ဆွေလည်း သူ့ညီမဝမ်းကွဲကို အမှတ်မထင်မြင်လိုက်ရတော့ အံ့အားသင့်သွားသည်။ လဲ့လဲ့ဆွေဆိုသော ကောင်မလေးကသာသူတို့ရှိရာ အထုပ်ကလေးဆွဲပြီးပြေးလာကာ. .

"ရှာလိုက်ရတာ ကိုမြင့်ဆွေရယ်. . "

မောင်မြင့်ဆွေလည်း ညီမကို မတွေ့ရတာကြာပြီမို့ ဝမ်းသာအားရဆီးကြိုကာ. .

"ဟဲ့. . နင်ကဘယ်လိုရောက်လာတာလဲ လဲ့လဲ့ဆွေ. . "

"ဒီမှာ စာမေးပွဲလာဖြေတာလေ. . ရော့. . ဒီမှာ အမေလည်း စာရေးပေးလိုက်တယ်"

လဲ့လဲ့ဆွေက မြင့်ဆွေလက်ထဲ စာတစ်စောင်ထိုးပေး၏။ မြင့်ဆွေ စာကိုဖွင့်ဖတ်လိုက်ရာ . . . .

မောင်မြင့်ဆွေရေ..လို့ပဲ ခေါ်လိုက်တော့မယ်..

မင်းလည်း အဆင်ပြေနေပြီဟုတ်...အခုစာရေးရခြင်း အကြောင်းရင်း ပဏာမပထမကတော့ မင်းနှမလေး လဲ့လဲ့ဆွေလေ.. လွန်ခဲ့တဲ့နှစ်လလောက်က ဒေါ်လေးတို့နယ်က ဂျလေဗီ တင်မောင်လွင်နဲ့ ရည်ငံနေတယ်ဆိုတာ သိရတယ်... ကောင်လေးက အလုပ်မရှိ၊ အကိုင်မရှိ ဘာမှ

www.foreverspace.com.mm

ဖြစ်ဖြစ်မြောက်မြောက်ရှိတာ မဟုတ်ဘူး .. မင်းနမကလည်း အဲဒီ အကြောင်းမတင်းတဲ့ကောင်ကိုမှ တန်းတန်းစွဲ..။ ငါနဲ့တော့ကွာပ။ မင်းနမ ဒီမှာဆက်ထားရင် အဲဒီအပျော့ကောင်ကြီးနဲ့ အကြောင်းပါ..ဘာညာ သာတကာဖြစ်မှာစိုးလို့ မင်းဆီ လွှတ်လိုက်တာကွယ့်..။ နောက်ပြီး သူတို့စာမေးပွဲကလည်း နီးနေတော့ တစ်လကိုးသီတင်း၊ နှစ်လ ဆယ့်ရှစ်သီတင်းလောက်နေပြီး အဝေးသင် ဖြေခိုင်းလိုက်တယ်။ မင်းနမကို မင်းပဲစောင့်ရှောက်ပါကွယ်၊ မင်းမှမ စောင့်ရှောက်ရင် ဒေါ်လေးဘဝဟာလည်း လူတကာနှုတ်ဖျား ရေပန်းစားတဲ့ မိန်းမကြီး ဖြစ်တော့မယ်။ တကယ်တော့ ဒေါ်လေးဟာ ရေပန်းစားချင်တာ မဟုတ်ဘူး။ မင်းသိပါတယ်။ ငယ်ငယ်က ရုပ်ရှင်အဖွဲ့က ခေါ်တာတောင် လိုက်ခဲ့တာမဟုတ်ဘူး။ ထမင်းချက်ဖို့ ခေါ်တာလေ..။ မင်းသိတဲ့အတိုင်း ဒေါ်လေးက ရိုးရိုးအေးအေး အိမ်တွင်းပုန်းကလေးဆိုတော့ လမ်းထိပ် ဆိုက်ကားဂိတ်ကလွဲပြီး ဘယ်မှသွားဖူးတာ မဟုတ်ဘူး..ဆိုက်ကား ဂိတ်ကမှ ဆိုက်ကားစီးပြီးသွား အဲ..အဲ.. ဈေးရင်းနဲ့ ဘယ်တွေရောက် ကုန်မှန်း မသိတော့ပါဘူး။ အော်..ဒါနဲ့ ရွာမှာမင်းရှိတုန်းမွေးတဲ့ နွားလေး ရွှေနီ သေရှာပြီလေ.. ဒေါ်လေးမှာ ငိုလိုက်ရတာအမော။ ခိုင်းလို့တောင်မဝ သေးဘူး။ အစောကြီးသေပစ်လိုက်တယ်။ ဒေါ်လေးလည်း သူသေတော့ အသားဈေးနဲ့ပေါ်လိုက်တာ ငွေတွေအများကြီးရလို့ ဝမ်းသာလိုက်တာ ဟီဟိ..။ မင့်ဦးလေး ဒေါ်လေးယောကျ်ား ကိုမြကြီး ရှိတုန်းကဆို အမြဲပေါ်နေတာ။ ညဘက်အိပ်ချိန်ဆို ကိုမြကြီးတို့ ပေါ်ပြီ။ ရွာထိပ်က သားသတ်ရုံမှာလေ..။ အခုတော့ သူမရှိတော့ ဒေါ်လေးမှာလည်း စားဝတ်နေရေးကျပ်တည်းနေလို့ မင်းညီမလေးကို ကျောင်းစရိတ် ထောက်ပံ့ထားလိုက်ပါ။ ဒေါ်လေးပိုက်ဆံ ကောက်ရတဲ့နေ့ ပြန်ပေးမှာပေါ့။ နောက်တာနော်...။ ဒေါ်လေးလည်း လမ်းစရိတ်ရရင် မင်းတို့အိမ်

www.foreverspace.com.mm

တစ်လကိုးသီတင်း..အဲလေ.. နှစ်ပေါက်အောင် လာနေဦးမယ်။ အဲဒီတော့မှ တို့တွေမြိုင်မြိုင်ဆိုင်ဆိုင်ကြီး အလွမ်းသည်ရအောင်..။ ကဲ.. ကဲ..စာလည်းရှည်ပြီ။ ဒေါ်လေးလည်း ရှည်ရှည်ဝေးဝေးမပြောတတ်ဘူး။ ရေခပ်ရင်း ရေတွင်းမှာအသိတွေ့ရင်တောင် နှစ်နာရီလောက်နဲ့ပဲ စကားစဖြတ်တတ်တာ မင်းလည်းအသိပဲ။ ဒါကြောင့် ရှည်ရှည်ဝေးဝေး မပြောချင်တာ။ သြော်..ဒါနဲ့..။ အင်း..မေ့တော့မလို့..။ ပြောရဦးမယ်။ ဒါပဲနော်..။ တာ့တာ။ တော်သေးဘီ။

မပွံ့တပုံ..ဟီဟီ..ထပ်ပြီးနောက်တာနော်..

ပုံ..

မင်းရဲ့ဒေါ်လေးဒေါ်ခင်ခင်ဆွေ

တင်ပျဉ်ခွေနှင့် ဂိမ်းဆော့ရင်း အင်္ဂါနေ့မနက်၊ ဗုဒ္ဓဟူးထောင့်နှင့် ရာဟုဂြိုဟ်တိုင်ကြား၊ စနေဂြိုဟ်မင်း နှစ်ထပ်တွန့်ချိန် အိမ်မြှောင်နှစ်ကောင် ရန်စောင်နေတာတွေ့ပြီး၊ ဦးမင်းကျော် နတ်နန်းအား တိုင်တည်ရင်း ဂိမ်းထဲမှ ရမ်ဘို ရေထဲငုပ်ရှုပြန်အပေါ်၊ ရန်သူနှစ်ရာကို စက်သေနတ်နှင့် တရစပ်ပစ်ချိန်တွင်ရေးသည်။

စာပြီးချိန် ည ၉ နာရီ ၃၃ စက္ကန့်၊ ခေါင်းရင်းအိမ်မှ ပြာသိုလကြောင်ထီး ညောင်ခနဲအော်ချိန်တွင်ပြီး၏။

လွန်တာရှိ ဝန္ဒာမိ။

မောင်မြင့်ဆွေ ဒေါ်ခင်ဆွေ၏စာကိုဖတ်ပြီး အကြီးအကျယ်စိတ်ညစ်သွား၏။ သူ့ခမျာ အခုတောင် လူများလို့ပြန်လွှတ်မလို့လုပ်နေတုန်းမှာပင် နောက်တစ်ယောက်က ထပ်ပိုလာပြီ။ အမျိုးအရင်းကြီးဆိုတော့ ငြင်းရလည်းခက်ပြန်။ ထို့ကြောင့် သက်ပြင်းသာချရင်း. .

"ကဲ. . စာမေးပွဲဖြေဖို့လိုတယ်ဆိုတော့လည်း ဘယ်တတ်နိုင်

www.foreverspace.com.mm

မှာလဲ. . ဒီမှာပဲနေပြီး လေပြည်နဲ့အတူအိပ်ပေါ့. . ငါကတော့ ဦးပေစိတို့နဲ့ပဲ ရောအိပ်တော့မယ်. . ”

လေပြည်မျက်နှာကြည့်တော့လည်း သုန်သုန်မှုန်မှုန်။ မျက်နှာဝင်းလက်နေတာက လေပြည့်မောင်များဖြစ်ကြသော ကျော်ရဲတို့ စပါယ်အုံး၊ မျိုးမြင့်ထွန်းတို့သာ အချင်းချင်းကပ်ပြီး

“ဟေ့ကောင်. . အဲဒါ ကိုမြင့်ဆွေညီမဖြစ်မယ်ထင်တယ် နော်”

“သြော်. . ညီမပါဆိုနေမှ. . ”

“အေး. . ဟိုကောင် ကောင်လေး ငါတို့ကြည့်နေတာ မကြည်ပုံထောက်ရင် အပျိုပဲဖြစ်မယ်. . ”

“သြော် အပျိုပါဆိုနေမှ. . စာမေးပွဲဖြေမယ်ဆိုတာ မကြားဘူးလား. . ”

“ဟာ. . ဒါဆို ချေပဂိုးပြန်သွင်းရမှာပေါ့. . ”

“ဘယ်လို. . ”

“ဟုတ်တယ်လေ. . တို့အမျိုးထဲက လေပြည်ကို သူတို့အမျိုးကိုမြင့်ဆွေယူထားတော့ တို့ဘက်က တစ်ဂိုးရှုံးနေတာ. . ”

“ ဒီတော့. . ”

“ဒီတော့. . သူတို့အမျိုး ဒီကောင်မလေးကို ငါတို့ရအောင်လုံးပြီး ချေပဂိုးပြန်သွင်းရမယ်. . ”

“ဟုတ်တယ်. . ဒါလုပ်ရမယ်. . ဟီ ဟိ. . ချေပဂိုး. . ချေပဂိုး”

သူတို့ တိုးတိုးကြိတ်ကြိတ်လုပ်နေတာ ရိပ်မိသောကောင်လေးက. .

“ဟေ့ကောင်တွေ. . မင်းတို့ တိုးတိုးကြိတ်ကြိတ်နဲ့ ဘာမဟုတ်တာတိုင်ပင်နေကြလဲ. . ”

www.foreverspace.com.mm

ကောင်လေးအမေးကို ကျော်ရဲတို့က . .

"ဘာမှမတိုင်ပင်ပါဘူး . . နော် . . ဟေ့ကောင် . . တို့တွေ တိုင်ပင် မိလို့လား . ."

ဟူ၍ မျိုးမြင့်ထွန်းနှင့် စပါယ်အုံးဘက်လှည့်မေးရာ ဟိုနှစ် ကောင်ကလည်း တိုင်ပင်ထားသည့်အလား သွားကလည်းဖြဲ ဇက်လေး ကို လက်နှစ်ဖက်ယှက်ကာ . . .

"ဟင့်အင်း . . ဘာမှမတိုင်ပင်ဘူး . . ဒီအတိုင်း ဘလွတ်ရွတ် တ လျှောက်ပြောနေတာ . . ဟီး ဟီး . ."

ကောင်လေးလည်း ခါးမတ်ပြီး

"ခုန . . မင်းတို့ပြောတော့ ပြန်တော့မယ်ဆို . ."

ကောင်လေးအမေးကို ဟိုသုံးကောင် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အူကြောင်ကြောင်ပုံစံဖြင့်

"ပြန်ပါဘူး . . ဟေ့ကောင် ကျော်ရဲ . . မင်းပြောမိလား . ."

"ပြောမိပေါင် . . ကိုယ့်ကျေးဇူးရှင်မှ ကိုယ်ဝအောင်ကျေးဇူး မဆပ်ရသေးတာ . . ဟီ ဟိ . ."

"မျိုးမြင့်ထွန်းရော . ."

"ကြွကြီးစည်ရာဗျာ . . တစ်သက်လုံး ဒီမှာအခြေချဖို့ ရွာမှာ အိမ်ပေါက်စေ့ တက်ရဖြစ်ပြီးမှမြို့ တက်လာတဲ့ဟာကို . . . ဘယ့်နှယ် ပြန်ရမှာလဲ . ."

သူတို့အတိုင်အဖောက်ညီနေသည်ကိုကြည့်ပြီး ကောင်လေး တင်းသွားကာ

"မင်းတို့ . . ခုနက အထုပ်တွေပြေးဆွဲမလိုလုပ်နေတာက ရော"

ဆိုတော့ ကျော်ရဲက . . .

www.foreverspace.com.mm

"အဲဒါက အဝတ်လျှော်ဖို့လေကွာ. . တို့က အသန့်ကြိုက်တယ်. . ဝဲမပေါက်ဘူး. . "

"ဒါဆို. . ဟိုနှစ်ကောင်ကရော. . "

ကောင်လေးအမေးကို စပါယ်အုံးနှင့်မျိုးမြင့်ထွန်းကပါ

"ဟိုလေ. . အထည်တွေ ဒယ်ဒယ်ချင်းလဲဖို့ အဲဒါပြောနေတာ ဟုတ်တယ်နော်ဟေ့ကောင်. . "

"ဟုတ်ပါ့. . ဟုတ်ပါ့. . ငါ့အကျီနဲ့သူ့ထဘီ. . အဲလေ. . လုံချည်လဲဝတ်မလားလို့. . "

အားလုံးအတိုင်အဖောက်ညီနေတော့ ကောင်လေးလည်း မတတ်နိုင်တော့။

"တောက်. . မင်းတို့ မဟုတ်တာလုပ်လို့ကတော့ကွာ. . ကောင်လေးလက်သီးဘယ်လောက်ကြီး ဟောဒီလောက် ကြီးဆိုတာသိသွားရမယ်. . "

ဆိုပြီး ခပ်မာမာကြိမ်းကာ ဆိုင်တွင်းလှည့်ဝင်သွားလေသည်။ ဟိုသုံးယောက်ကတော့ သူတို့အကြံနှင့်သူတို့ပျော်လို့။

X X X

www.foreverspace.com.mm

အချစ်အတွက်နဲ့
ပတ်သက်ရင်
ပေါ်တင်လုပ်ခွင့်မရှိရှာတဲ့ တို့လို
မုဆိုးဖိုကြီးတွေရဲ့ဘဝကို
စာနာပေးကြပါကွာ။ ။

ဘိလိယက်ဘောလုံးက ခုံပေါ်တွင်တောင်စဉ်ရေမရ လျှောက်ပြေးနေ၏။ စပါယ်အုံးက ကျူတံကိုချော့(ခ်)သုတ်ရင်းက. .

"ဒီတစ်ခါတော့ အလွတ်ပေးလို့မရတော့ဘူး. ."

သူ့စကားကို အနီရောင်ဘောလုံးကိုထိုးပြီး အနက်ရောင်စားဖို့လုပ်နေသော ကျော်ရဲက ဘောလုံးကိုမထိုးသေးဘဲ

"မင်းက ဘာကိုပြောတာလဲ စပါယ်အုံး. ."

ဆိုပြီး လှည့်မေး၏။ ဒါကို စပါယ်အုံးက ဟန်ပါပါနှင့် ဘိလိယက်ခုံတစ်ဖက်လှမ်းသွားကာ

"လဲ့လဲ့ဆွေကိစ္စကိုပေါ့ကွ. . . . ဒါကို ကောင်လေးတို့ရိပ်မိလို့မရဘူးနော်. ."

သူ့စကားကို ဘေးနားက ဦးဖိုးထောင်က . . .

www.foreverspace.com.mm

"ဟေ့ကောင်တွေ. . မင်းတို့ တိုးတိုးတိုးတိုးနဲ့ဘာပြောနေတာလဲကွ. . ငါမကြားရဘူး. . "

ဦးဖိုးထောင်အမေးကို စပါယ်အုံးကစိတ်မရှည်ဘဲ အသံကျယ်ကျယ်နှင့်. .

"ဩော် . . . ဒီနားထိုင်းကတစ်မျိုး. . . ကိုမြင့်ဆွေညီမလှလှဆွေ အကြောင်းပြောနေတာ. . "

စပါယ်အုံးစကားလည်းကြားရော ဦးဖိုးထောင် မျက်လုံးမြင့်တက်သွားကာ

"ဩော်. . ဟိုကောင်မလေးပြောတာလား. . ဖေါင်ကတောင့်တော့ အတောင့်လေးနော့. . ဟီး ဟီး. . "

မျက်နှာအဆီပြန်ကြီးကို လက်နှင့်သပ်ရင်းပြောသည်။ ဒါကို ကျော်ရဲက. .

"အို. . ဒါကတော့. . ဦးဖိုးထောင်တို့လို လူကြီးကိစ္စမဟုတ်ပါဘူး. . ကျွန်တော်တို့လို လူငယ်တွေကိစ္စပါ. . "

"ဒီမှာဟေ့ကောင်. . မိန်းမကိစ္စနဲ့ပတ်သက်လာရင် ကြီးသည် ငယ်သည်မရှိဘူးကွ. . အရွယ်စုံ ဆိုဒ်စုံ ပိုးခွင့်ရှိတယ်. . ငါ့ခါမျာလည်း မိန်းမ မိပြားကြီးဆုံးပြီးကတည်းက တစ်ကိုယ်တည်းလေလာရတာ. . အချစ်အတွက်နဲ့ပတ်သက်ရင် ပေါ်တင်လုပ်ခွင့်မရရှာတဲ့ တို့လိုမုဆိုးဖိုကြီးတွေရဲ့ဘဝကို စာနာပေးကြပါကွာ. . "

ဆိုပြီး အသံတုန်ကြီးနှင့်ဝင်ပြော၏။ သူတို့ကသာ ဘယ်သူမှ မသိဘူးထင်ပြီးတိုင်ပင်နေတာ။ ဦးဖိုးထောင်လို နားထိုင်းကြီး တစ်ယောက်ပါနေတော့ သူတို့ပြောတာ လမ်းထိပ်ကထိ ကြားနေရတယ်။ အဆိုးဆုံးက ဘိလိယက်ခုံထဲဝင်ရန် ပြင်ဆင်နေသော လှလှဆွေတို့အမျိုး ကောင်လေးကြားသွားခြင်းပင်။

www.foreverspace.com.mm

သူတို့ကတော့ မသိသေး။ ပစ်မှတ်က ရှိလား၊ မရှိလားမသိ။ လေးတော်တင်နေကြပြီ။

"ဒါဖြင့် ဒီလိုလုပ်ကွာ. . ကိုယ့်ဘက်ကပ်လာရင် ကျန်တဲ့လူတွေ ဝင်မနှောင့်ယှက်နဲ့. . "

"အေး. . ကောင်းတယ်. . "

ဟောင်ဖွာဟောင်ဖွာနှင့် သူတို့ဘာသာသူတို့ ပလမ်တွေချပြီးပျော်နေ၏။ ခိုးနားထောင်နေသော ကောင်လေးကသာ အံကြိတ်တောက်ခေါက်ရင်း ပြန်လှည့်သွားသည်ကို ဘယ်သူမှသတိမပြုမိကြ။

x x x

www.foreverspace.com.mm

ကိုယ်က
ပိုက်ဆံလည်းရှိတယ်မဟုတ်လား. .
အဖေကမြင်းလှည်းမောင်းတာလေ. .
ဒါကြောင့် ကိုယ်ကရွာမှာဆို
ဂေါ်ရိုင်ပွေးနိုင်တာပေါ့. .

နောက်တစ်နေ့မနက်မှာပင် မျက်နှာချေများ မှုန်နေအောင် လူးထားသော ကျော်ရဲ၊ စပါယ်အုံးနှင့် မျိုးမြင့်ထွန်းတို့ကိုတွေ့ရ၏။ ဦးဖိုးထောင်ဆို မကြီးမငယ်နှင့် ပါးကွက်ပင်ကွက်၍ ပါးကွက်ပေါ်တွင် အစက်ကလေးများပင် ချထားသေး၏။ ရုတ်တရက်ကြည့်လျှင် သူငယ်တော်လိုလို၊ သူငယ်ပျံလိုလို။

ဟိုသုံးကောင်ကတော့ ကောင်လေး ဘုကြည့်ကြည့်နေသည့်ကြားကမှ ကောင်တာထိုင်နေသော လဲ့လဲ့ဆွေကို အငမ်းမရရှိုးနေကြ၏။

“ဒီမှာ. . မှာမယ်ဟေ့. . ”

ဆိုင်ထဲဝင်လာသော ဖောက်သည်အသံ။ တစ်ယောက်မှ လှည့်မကြည့်ကြ။ ကျော်ရဲက ဗလာရေနွေးပုံးကိုမရင်း လက်မောင်း

www.foreverspace.com.mm

ကြွက်သားညှစ်ပြနေ၏။ စပါယ်အုံးက သူနှင့်မတော်သော ဘောင်းဘီပွကြီးကို ဂုန်နီအိတ်ကြိုးနှင့်သိုင်းချည်ပြီး လမ်းသလားပြနေသည်။ မျိုးမြင့်ထွန်းက ကော့ကြော့နေသော သူ့ဘိုကေ လေတိုးမည်စိုး၍ လက် နှစ်ဖက်နှင့်အုပ်ကွယ်ရင်း ပခုံးပေါ်မှကျော်၍ လဲ့လဲ့ဆွေကို ကြာပစ်နေ၏။

"ဟေ့ကောင်တွေ. . ဒီမှာ မှာမယ်လေ. . "

စားသုံးသူထံမှ ကျယ်လောင်သောအော်သံကြားမှ ကျော်ရဲက စားသုံးသူဆီ တိုက်ရိုက်မသွားဘဲ လဲ့လဲ့ဆွေဆီ လူပ်လီလူပ်လဲ့ သွားကာ

"ဟိုမှာ မှာမလို့တဲ့. . ကိုကျော်ရဲ သွားမေးလိုက်ဦးမယ်နော်. . . ဘာမှအားမငယ်နဲ့သိလား . . . "

ဟုဆိုကာ လူပ်လီလူပ်လဲ့နှင့် ခါးကြီးကုန်းပြီး စားသုံးသူထံ သွားကာ မျက်နှာမာနှင့်. .

"ဘာသောက်မလဲပြော. . "

သူ့အတွေးနှင့်သူငေးနေသော စားသုံးသူက ရုတ်တရက် ထွက်လာသော ကျော်ရဲအသံပြကြီးကြောင့် တစ်ချက်တုန်တက်သွားပြီး . . .

"မင်းဘကြီး . . . လန့်လိုက်တာကွာ . . . လက်ဖက်ရည် တစ်ခွက်. . ပဲနံပြားတစ်ပွဲ. . "

"ရမယ်. . "

ဟု တုံးတိဆိုကာ လဲ့လဲ့ဆွေနား ပြုံးပြုံးကြီးပြန်ကပ်သွားပြီး

"လက်ဖက်ရည်တစ်ခွက်နဲ့ ပဲနံပြားတဲ့ ညီမလေးရဲ့. . တော်တော်တုံးတဲ့လူ. . အမှန် ဒီအချိန်ဆို ထမင်းကြော်စားရမှာ. . ထမင်းကြော်က များတယ်လေနော့. . "

www.foreverspace.com.mm

ဟုဆိုကာ အကြောင်းမရှိ အကြောင်းရှာပြောပြီး ပြောင်ဝင်းလိုးနေ၏။ သူလုံးနေတာမြင်တော့ စပါယ်အုံးနှင့် မျိုးမြင့်ထွန်းပါ မသိမသာနှင့် အနားကပ်လာကြသည်။ ဒါကိုကျော်ရဲက နေရာမပေးဘဲ သူ့ကိုယ်လုံးပြားပြားနှင့်ကွယ်ကာ

"ဒီလို ညီမလေးရဲ့. . အစ်ကိုက ဒီမှာသာ စားပွဲထိုးလာလုပ်နေတာ. . ရွာမှာဆို ဒီလိုမဟုတ်ဘူး. . ကိုယ်က အရမ်းဂေါ်တာ. . ကောင်မလေးတွေဆို ကိုယ့်ကိုမြင်ရင် ငေးနေရတာ. . ကိုယ်က ပိုက်ဆံလည်းရှိတယ်မဟုတ်လား. . အဖေက မြင်းလှည်းမောင်းတာလေ. . ဒါကြောင့် ကိုယ်ကရွာမှာဆို ဂေါ်နိုင်ပွေးနိုင်တာပေါ့. ."

"ဒါဆို မင်းက ရွာ့ဂေါ်ပွေးကြီးပေါ့. ."

"အေး. . ဂေါ်ပွေး. . အဲလေ. ."

သူ့စကားကို ဘယ်အချိန် သူတို့နားရောက်နေမှန်းမသိ သောကောင်လေးက လေကျကြီးနှင့် ထကလပ်သည်။ ဒါတောင်ကြေးဖလားထက် အခွက်ပြောင်လှသော ကျော်ရဲက ရှိုးတိုးရှန့်တန့်ပင်မဖြစ်ဘဲ ကောင်လေးကိုလှည့်ပင်မကြည့်ဘဲ လဲ့လဲ့ဆွေကို ဒဲ့ရှိုးကာ

"နောက်ပြီး. . ညီမလေးရဲ့ အစ်ကိုဂေါ်နိုင်ပွေးနိုင်တယ်ဆိုတာကလည်း ကိုယ်ကဆရာဝန်မဟုတ်လား. ."

သူ့စကားကြောင့် လဲ့လဲ့ဆွေမျက်လုံးလေး ဝိုင်းစက်သွားပြီး

"ဟင်. . ကိုကျော်ရဲက ဆရာဝန်. . ဘယ်ဆေးကျောင်းက ဆင်းတာလဲ. ."

"ဓာတ်ဗိန္ဒောဆရာ ဦးကိတ္တိကျောင်းက ဆင်းတာလေ. . ရွာမှာတော့ အပ်ထိုးဆရာ လို့ခေါ်တာ. . နောက်ပြီးကိုယ်က လက်ဆိပ်ရှိတော့ လာကြတာပေါ့"

ဘေးက ကောင်လေးကဝင်နောက်ပြန်၏။

"ဟုတ်တယ် . . ရွာမှာဆို နွားဈေးသင်းရင် သူ့ကို ချည်းအပ်ရတာ . . သူက လက်ဆိပ်ရှိတော့ အခွဲအချပ်မြန်တယ်လေ ဒါကြောင့် တစ်ရွာလုံးကနွားထီးတွေ လူပျိုရည်ပျက်ရင် သူ့လက်ရာချည်းပဲ"

ဒီတစ်ခါတော့ ကျော်ရဲမျက်နှာပျက်သွားပြီး

"ဟာဗျာ . . ခင်ဗျားကြီးကလည်း တစ်မှောင့် . . "

ဆိုပြီး လှည့်ထွက်သွား၏။ ဒါကိုတောင် ကောင်လေးက အလွတ်မပေးဘဲ . . .

"ဟေ့ . . ကိုဂေါ်ပွေးကြီး . . ဟိုမှာ ပဲနံပြားဆွဲသွားလိုက်ဦး . . အလုပ်လည်းလုပ်ကွာ . . တော်ကြာ မင်းဂေါ်ပုံပွေးပုံနဲ့ ကိုယ့်ကိုယ်ကိုယ်လည်း ပြန်သင်းကွပ်မိနေပါဦးမယ် . . ဟား ဟား . . "

ဟုအော်ကာ လှည့်ကလပ်သေး၏။ ကျော်ရဲထွက်သွားသည်နှင့် စပါယ်အုံးရှေ့တိုးလာကာ

"ဒီကောင်က အူကြောင်ကြောင် ညီမလေးရဲ့ . . အမှန်တော့ ဒီကောင်က ရွာမှာသာ ဂေါ်နိုင်ပွေးနိုင်တာ . . ကိုယ်တို့လို အလန်ဇယားမဟုတ်ဘူး . . ကိုယ်တို့မှ အလန်ဇယားအစစ် . . "

ကောင်လေးက ဘယ်အလွတ်ပေးလိမ့်မတုံး . . .

"ဟုတ်တယ် . . ဒီကောင်က အလန်ဇယား . . တစ်ချိန်လုံး ဖင်လှန်ပြီး ဝဲကုတ်နေရတဲ့ အလန်ဇယားအစစ် . . "

သူ့စကားကြောင့် စပါယ်အုံးမျက်နှာပျက်သွားပြီး

"ဟို . . ဝဲ . . ဝဲ . . အဲဒါက တစ်ခါတလေပါ . . အမှန်တော့ ကိုယ့်အဖေက လယ်ပိုင်ရှင်လေ . . ပိုက်ဆံဆိုတာ ပြောမနေနဲ့ . . ဘာမှအရေးမကြီးဘူး . . "

"အမျိုးတွေဆီ လှည့်ပတ်တောင်းနေတာကိုး"

www.foreverspace.com.mm

"တစ်ဆယ်. . နှစ်ဆယ်. . ဟာ. .  ခင်ဗျားကြီးကလည်းဗျာ သူများ စိန်ကောင်းကျောက်ကောင်းရောင်းနေတာ. . "

ဆိုပြီး ရှက်ရှက်နှင့်လှည့်အထွက်ကောင်လေးက ခါးကိုမတ်ပြီး . . .

"အေး. . ဟေ့ကောင်. . စိန်ကောင်းကျောက်ကောင်းက နောက်မှရောင်း. . ဟိုဝိုင်းကရှင်းမယ်တဲ့. . အဲဒါ ပိုက်ဆံသွားတွက်ပေးလိုက်ဦး. . တစ်ဆယ်. . နှစ်ဆယ်တော့ ပိုမတောင်းနဲ့နော်. . ဟားဟား ဟား. . "

ဆိုကာ လှည့်ကလိလိုက်သေး၏။ အားလုံးရှင်းသွားမှ မျိုးမြင့်ထွန်းက ဘိုကေတကြော့ကြော့နှင့် စပ်ဖြီးဖြီးရောက်လာကာ . . .

"ဟီး ဟီး ဟီး. . အတော်အူကြောင်ကြောင်နိုင်တဲ့ကောင်တွေနော့. . အလွတ်တည်ကန်ဘောတောင် မကန်တတ်ဘဲ ရှေ့တန်းတိုက်စစ် မှူးက လုပ်ချင်သေး. . "

ဟု သွားဖြဲကြီးနှင့်ဆိုကာ လှဲလှဲဆွေကြည့်လိုက်၊ ကောင်လေးကိုကြည့်လိုက်လုပ်နေသည်။ နောက်မှ ဖားသည့်သဘောနှင့် ကောင်လေးကို လက်ညှိုးငေါက်တောက်ကလေးထိုးကာ. .

"နေကောင်းလား"

ကောင်လေးက ခပ်မာမာဖြင့်

"ကောင်းတယ်. . ဘာလုပ်ဖို့လဲ. . "

ကောင်လေးအဖြေကို မျိုးမြင့်ထွန်းက လက်ညှိုး တောင်ထိုးမြှောက်ထိုးဖြင့်

"ဟိုလေ. . နေမကောင်းရင်လည်း အိမ်ပေါ်တက်နားနေပါလားလို့. . အဟဲ. . ကျန်တဲ့ဆိုင်အလုပ် ကျွန်တော်တို့ ထိန်းနိုင်ပါ

တယ်"

ကောင်လေးလည်း မျက်နှာမာမာဖြင့် . . .

"မင်းကို နေကောင်းတယ်လို့ ဘယ်နှခါပြောရမှာလဲ. . "

"မဟုတ်ဘူးလေ. . နားများနားချင်လားလို့ပါ. . "

"ဘာလို့နားရမှာလဲ. . ငါက လူမမာမှမဟုတ်တာ. . တောက်. . မင်းတို့အကြံတွေ ငါသိတယ်နော်. . "

အခွက်ပြောင်လှတဲ့ မျိုးမြင့်ထွန်းက အထွန့်တက်ပြီး

"သိရင်လည်း ရှောင်ပေးပါလား. . ကိုယ်ချင်းကိုယ်ချင်း တွေပဲ အဟိ. . "

"အောင်မာ. . ငါက ရှောင်ပေးရမယ်ဟုတ်လား. . မင်းတို့လို ကောင်မျိုးတွေကြား ငါရှောင်ပေးမယ့်အစား. . "

"ဩော်. . ကိုကောင်လေးကလည်း. . . ကျုပ်တို့လို လူပျိုသိုးတွေကသာ ကိုကောင်လေးပိတ်နေလို့နော့. . နောက်မဟုတ်ရင် ဝင်ပြီ. . "

"ဘာ. . ဘာကွ. . မင်းဘာစကားပြောတာလဲ. . "

"ဘော. . ဘော. . လုံး. . "

"တော်. . ဟေ့ကောင်. . မင်းပါးစပ်ကိုပိတ်မလား ငါပိတ်ပေးရမလား"

မျိုးမြင့်ထွန်းခမျာလည်း တမင်တကာလုပ်ထားတဲ့ အိုက်တင်နဲ့ မျက်လုံးလေး ပြာကလယ် ပြာကလယ်လုပ်ပြီး. .

"ကိုကောင်လေးကလည်း စိတ်ကြီးပဲ. . "

ဟုဆိုကာ လှည့်ထွက်သွား၏။ ပြီးတော့ဟိုနှစ်ကောင်နဲ့ သုံးယောက်သား ခေါင်းချင်းပူး၍. .

www.foreverspace.com.mm

"ဟေ့ကောင်. . အခြေအနေကတော့ သိပ်မကောင်းဘူး နော်"

"ဘာဖြစ်လို့လဲ. . "

"ဟိုမှာလေ. . ရှေ့မှာတစ်ယောက် ပြောင်ကြီးပိတ်နေတာ"

"ဘာပဲဖြစ်ဖြစ်ကွာ. . ငါ သူ့နားသွားပြီး မျက်လုံးလေး ပလေကပ် ပလေကပ်လုပ်တော့ ကြင်နာဟန်နဲ့ပြန်ကြည့်တယ်"

"ပေလက်ပ်. . ပေလက်ပ်တော့ထား. . ပလေကပ်ကလုံချည်ကြီး. . "

"မင်းကလည်း ပေါက်ကရပြောတော့မယ်"

"ပေလကပ်မဟုတ်ပါဘူး. . လပေကပ်. . လပေကပ်ပါ"

"ဟယ်. . ဘယ်တွေရောက်ကုန်ပြီလဲမသိဘူး. . နှစ်ရက် သုံးရက်လောက် ပလေကပ် ပလေကပ်လုပ်ရင်. . "

"ပေလကပ်ပါဆိုကွာ. . "

"ဪ. . အေး. . လပေကပ် လပေကပ်နဲ့. . ဒီမှာကြည့် စမ်း ငါ့လပေကပ်. . "

ဆိုကာ ကျော်ရဲက သူ့မျက်လုံးမှေးမှေးကို သူပြောသည့် အတိုင်း လပေကပ် လပေကပ်နှင့်ပြသည်။ မိန်းကလေးတစ်ယောက် ကို ကြာပစ်တာနဲ့တော့မတူ အမေပျောက်နေသော ခွေးကလေး ရပ်ကွက်ထဲ တအီအီနှင့် လည်နေတာနှင့်သာတူ၏။ သို့တည်းမဟုတ်။ ဆိတ်သိုးကြီးလမ်းလျှောက်သည်ကို အနောက်မှမြင်ရသည့်အတိုင်း မြင်ရ၏။ မျက်ဝန်းက တောင်ဘက်ကပ်သွားလိုက်၊ မြောက်ဘက်ကပ် သွားလိုက်နှင့်. . ။

"ငါလည်းကွာ. . သူ့အကြောင်း အခုစဉ်းစား အခုသတိရ တော်ကြာစဉ်းစား တော်ကြာသတိရဖြစ်နေပြီ"

"ဒါဆိုလည်း မနက်ဖြန်မှစဉ်းစားပါလား"

www.foreverspace.com.mm

"အေး . . မနက်ဖြန် . . "

မနက်ဖြန်ဆိုသည့်စကားကြားသည်နှင့် စပါယ်အုံးမျက်နှာ ဝင်းလက်သွားကာ . .

"ဟေ့ . . ငါသိပြီ . . နှစ်ရက် သုံးရက်တောင် စောင့်စရာ မလိုဘူး . . မနက်ဖြန်ဆို ပွဲသိမ်းပြီ"

စပါယ်အုံး၏ အားရဝမ်းသာစကား။ ဟိုနှစ်ယောက်လည်း စိတ်ဝင်စားသွားကာ . .

"ဘာ . . ဘာလဲ . . ဘာအကွက်ရှိလို့လဲ"

"ဒီလိုကွ . . "

ခေါင်းသုံးခေါင်း ပြန်ပူးသွား၏။

"မနက်ဖြန်ကျရင် လဲ့လဲ့ဆွေက သူ့မွေးနေ့မို့ ရွှေတိဂုံဘုရား မှာ ယတြာသွားချေမယ်လို့ သူ့အစ်ကို ကိုမြင့်ဆွေကိုခွင့်တောင်းနေသံ ငါကြားခဲ့တယ်ကွ . . "

"အဲဒီတော့ . . "

"အဲဒီတော့ ငါတို့လည်း ဘုရားလိုက်သွားရင်းနဲ့ အပီလုံးကြ တာပေါ့"

"အေး . . ဟုတ်တယ် . . . . တစ်ချက်ခုတ် နှစ်ချက်ပြတ် . . သုံးချက် ဂိုးဝင်ပဲ"

"မင်းကလည်း ဘုရားလည်းဖူးရင်း လိပ်ဥလည်းတူးရင်း တော့ ထား . . "

"အေး . . ဘာပဲဖြစ်ဖြစ် . . မနက်ဖြန်တော့ အပီလုပ်ရမှာ နော့"

"ညီပါစေ . . "

www.foreverspace.com.mm

"ညီစေ. ."

သူတို့က သူတို့အတွေးနှင့်တိုင်ပင်နေကြတာ။ အနောက်ဘက်မှာတော့. .

"ဦးဖိုးထောင်. . ခင်ဗျားလဲ့လဲ့ဆွေကို ဒီမနက် လက်ဖက်ရည်ဖျော်ပေးနေတာ သုံးခွက်ရှိပြီနော့. . ဘာလဲ နတ်တင်နေတာလား"

ဆိုတဲ့ ကောင်လေးအသံ။ ဦးဖိုးထောင်ကြီးက သွားကြီးဖြီးပြီး

"ဟီး ဟီး. . ဟုတ်ရပါဘူးကွာ. . ခုနက ချိုဆိမ့်. . အခုဟာက ပေါ့ဆိမ့်. . အရသာဘယ့်နှယ့်လဲလို့ မြည်းခိုင်းနေတာပါ . . . ကိုယ်ကလူကြီးဆိုပေမယ့်ကား . . . လူငယ်တွေရဲ့အကြိုက်ကိုလည်း မျက်ခြည်ပြတ်လို့မရဘူးကွယ့် . . . နော့ . . ."

ဦးဖိုးထောင်၏ စပ်ဖြဲဖြဲ အသံကြီးက ကပြောင်ကပျက်ကြီး။

x x x

www.foreverspace.com.mm

နောက်တစ်နေ့မနက် ဆိုင်ဖွင့်တော့ ခါတိုင်း စားပွဲထိုးတွေနှင့်သာ ပြည့်နေသော သူ့ဆိုင် ရှင်းလင်းနေသည်ကိုတွေ့ရတော့ မောင်မြင့်ဆွေ အံ့အားသင့်သွားသည်။

"ဦးပေစိ . . ဆိုင်ကကောင်တွေ ဘယ်သွားကြလဲ"

"အိပ်ရာမထကြသေးတာနေမှာပေါ့"

မောင်မြင့်ဆွေကတစ်ချက်စဉ်းစားပြီး . . .

"ထပါပြီဗျ . . မနက်မိုးမလင်းခင် စုရုံးစုရုံးတွေ့ပါသေးတယ်"

ဘေးနားမယောင်မလည်လုပ်နေသည့်ကောင်လေးက . .

"ဟာ . . ဟုတ်ပြီ . . ဒီကောင်တွေ ဟိုကိစ္စအကောင်အထည်

www.foreverspace.com.mm

ဖော်တာပဲဖြစ်မယ်"

ကောင်လေးစကားကို မောင်မြင့်ဆွေက မျက်မှောင်ကျုံ့ပြီး. .

"ဘယ်ကိစ္စကို အကောင်အထည်ဖော်ကြတာလဲ. ."

ကောင်လေး ရှိုးတိုးရှန့်တန့်ဖြစ်သွားပြီး. .

"ဟာ. . ကိုမြင့်ဆွေမသိပါဘူးဗျာ. . ကျွန်တော် အချိန်မီလိုက် သွားမှဖြစ်မယ်"

"ဟေ့. . ဟေ့. ."

မောင်မြင့်ဆွေ တားမြစ်ချိန်ပင်မရလိုက်။ ကောင်လေးထွက်လိုက်သွားတာမှုမှုံလို့. .။ သိတယ်မဟုတ်လား။ ဘုရားကိုလေ. .။ အချိန်မီသွားမှ ဟိုကောင်တွေကို အချိန်မီအုပ်မိမှာ၊ ဘယ်သူမဆို ကိုယ့်အမျိုးတော့ ပိုးစိုးပက်စက်အဖြစ်ခံနိုင်မှာမဟုတ် ဘူးလေ . . .။

X X X

www.foreverspace.com.mm

မုဆိုးဖိုပါကွယ်။ ။
အသက်အရွယ်နဲ့
ရာထူးကိုထောက်ပြီး
ဦးစားပေးသင့်ပါတယ်

ဘုရားပေါ်၌လည်း ကျော်ရဲ၊ စပါယ်အုံး၊ မျိုးမြင့်ထွန်းနှင့် ဦးဖိုး ထောင်တို့အဖွဲ့များ ခေါင်းချင်းဆိုင်နေကြ၏။

"ဟာ. . ဟော့ကောင်. . ဟိုမှာတက်လာပြီ. . ငါသွားလုံးမယ်"

ဘုရားပေါ်တက်လာသော လဲ့လဲ့ဆွေကိုမြင်သည်နှင့် အားရဝမ်းသာပြောလိုက်သော စပါယ်အုံး၏စကား။ ဒါကို မျိုးမြင့်ထွန်းက. .

"ဒါမျိုးက အသားလည်းညိုညက်ပြီး ရုပ်ချောတဲ့ငါပဲသွားသင့်တယ်. . "

"အိုး. . အပြောကောင်းတဲ့ ငါပဲလုပ်သင့်တယ်. . ငါသွားမယ် မင်းတို့စောင့်"

www.foreverspace.com.mm

ကျော်ရဲက ဖြတ်ပြော၏။ ဘေးနားက ဦးဖိုးထောင်က မျက်နှာငယ်ကလေးဖြင့် ရင်ဘတ်လေးဖိကာ. .

"မုဆိုးဖိုပါကွယ်. . အသက်အရွယ်နဲ့ ရာထူးကိုထောက်ပြီး ဦးစားပေးသင့်ပါတယ်"

မျက်နှာပေါ်တွင်လည်း မျက်နှာချေများမှုန်နေအောင်လူး ထား၏။ သူ့စကားကိုအားလုံးက. .

"တော်ပါဗျာ. ခင်ဗျားကတစ်ခါကောင်းဖူးပြီ. . တော်ရောပေါ့. . ဒါတစ်ခါမှ မတစ်ခါဖူးတဲ့ကျုပ်တို့လူငယ်ခြေတက်လေးတွေကို ဦးစားပေးသင့်ပါတယ်"

"နားကလည်းလေးတော့ စကားပြန်လိုတာပေါ့ကွယ်. . "

"ကဲ. . ဒီအတိုင်းညှိနေလို့မဖြစ်ဘူး. . ဒီလိုလုပ်. . "

ကျော်ရဲက အားလုံးကိုခေါ်ပြီးဆရာကြီးလေသံဖြင့်ဆုံးဖြတ် လိုက်သည်။

"အားလုံး ကိုယ်ကြိုက်တဲ့ဂြိုဟ်တိုင် ကိုယ်ယူပြီးစောင့်ကြမယ် ကိုယ့်ဂြိုဟ်တိုင်လာရင် ကိုယ့်ပစ္စည်း. . သူများဂြိုဟ်တိုင်ရောက်ရင် ကိုယ်နဲ့မဆိုင်ခွင့်မပိုင် ဆွဲကိုင်မပြုရ . . . ဘယ့်နှယ်လဲ"

သူ့စကားကို အားလုံးသဘောတူစွာဖြင့်. .

"ဟုတ်တယ်. . ကောင်းတယ်. . ကိုယ့်ဂြိုဟ်တိုင်မဟုတ်ရင် ကိုယ်နဲ့မဆိုင်တော့ဘူးနော်. . အေးအေးဆေးဆေးရှောင်ပေး. . "

"အေး. . ကောင်းတယ်"

အားလုံးသဘောတူညီမှုရသွားကြ၏။ ဒါကို မျိုးမြင့်ထွန်းက. .

"လဲ့လဲ့ဆွေဆိုတော့ ရ ယ လ ဝ. . . ရ ယ လ ဝဆိုတော့ စနေဖြစ်မယ်. . ငါ စနေထောင့်ယူမယ်"

www.foreverspace.com.mm

သူ့စကားကို ကျော်ရဲက. .

"ဟော့ကောင်. . မင်းက ကြာသပတေးသားမဟုတ်လား. . ဘယ့်နှယ် စနေထောင့်ယူရတာတုံး. . "

ကျော်ရဲအမေးကို မျိုးမြင့်ထွန်းက ရှိုးတိုးရှန့်တန့်ဖြစ်ပြီး. .

"အို. . ဒီမှာမှာ ကြာသပတေးသားတွေ စနေထောင့်မှာ ယတြာချေရမယ်လို့ ဗေဒင်ဆရာက ဟောထားလို့ကွ"

"အေး. . ဒါဆိုလည်းပြီးရော. . လဲ့လဲ့ဆွေဆိုတော့ တနင်္လာသားမီးပဲဖြစ်ရမယ်. . ငါက တနင်္လာထောင့်ယူမယ်. . "

ကျော်ရဲကသူလိုချင်သည့်နေရာပြောသည်။ ဒါကိုစပါယ်အုံးက

"စာမေးပွဲအတွက်ဆိုတော့ အင်္ဂါထောင့် ကျိန်းသေလာမှာပဲ. . အင်္ဂါထောင့်မှာ စပါယ်အုံးစောင့်မယ်. . လာလို့ကတော့ ဟီဟီ. . အပိုင်ပဲ. . ဟီ ဟီ. . "

သူတို့အားလုံး ထောင့်တွေရွေးပြီးမှ ဦးဖိုးထောင်က. .

"လဲ့လဲ့ဆွေဆိုတော့ ဗုဒ္ဓဟူးသမီးကွ. . ဗုဒ္ဓဟူးထောင့်က ထောင်ထောင်စောင့်မယ်. . ငါထောင့်လာလို့ကတော့ ဟီ ဟီ. . ဖိုးထောင်ရဲ့မျက်လုံးက အားလုံးမှတ်ထားကြနော့. . အကြင်နာတွေပြည့်လျှမ်းနေတဲ့ ငါ့အကြည့်ကို အားလုံးမှတ်မိအောင်ကြည့်ကြ. . ကိုင်း. . သွားပြီဗျို့. . . . ဟား ဟား ဟား ဟား. . "

ဆိုပြီး အားလုံးလူစုခွဲကာ ကိုယ်နှစ်သက်ရာဂြိုဟ်တိုင်ထောင့်တရားမှတ်ချင်ယောင်ဆောင်၍ ထိုင်စောင့်နေကြလေသည်။ လာရင်တော့ အပိုင်ပေါ့. . ။

လဲ့လဲ့ဆွေ ဟိုကြည့်ဒီကြည့်နှင့် ဘုရားပေါ်တက်လာ၏။ ဘုရားပေါ်မှ ဘယ်ထောင့်ကိုမှမသွားဘဲ အောင်မြေနေရာ လှမ်းသွား

သည်။ နောက် အောင်မြေနေရာမှပင် ဘုရားကိုရှိခိုးလိုက်သည်။ သူ့ကို ဂြိုဟ်တိုင်ထောင့်တစ်ခုစီမှ ထိုင်စောင့်နေသူအားလုံး အသည်းယားကုန်ကြ၏။ အားလုံးကလည်း ကိုယ့်ကတိနဲ့ကိုယ်ဆိုတော့ မထရဲကြ။

လဲ့လဲ့ဆွေက ဘုရားဝတ်ပြုပြီး ဟိုကြည့်ဒီကြည့်နှင့် ဘုရားစောင်းတန်းဘက်ပြန်ဆင်းသွား၏။ ထိုတော့မှ ဂြိုဟ်တိုင်တစ်ခု စီကနေ ထိုင်စောင့်နေကြသူများ လှုပ်လှုပ်ရှားရှားဖြစ်သွားကာ

"ဟာ. . ပြန်ဆင်းသွားပြီကွ. . ပြန်ဆင်းသွားပြီ"

"ဟာ. . ဟေ့ကောင်တွေ လုပ်ကြပါဦး"

ဆိုပြီး လူပြန်စုကုန်၏။

"ဟာ. . ဟေ့ကောင်တွေ. . ဟိုက လစ်ပြီကွ. . ဘယ်လိုလုပ်ရမှာလဲ. . "

"ဟာ. . လိုက်. . လိုက်ရမှာပေါ့ကွ. . လိုက်ရမှာပေါ့"

"အေး. . ဒါဆို လိုက်ကြရအောင်"

ဟုတိုင်ပင်ကာ လဲ့လဲ့ဆွေနောက် ပြေးလိုက်ကြသည်။ သူတို့ကသာ တစ်ဖက်သတ်တဏှာဇောနှင့်လိုက်နေကြသော်လည်း ဟိုတစ်ဖက်မှာတော့. . ။

x x x

www.foreverspace.com.mm

စိတ်မပူပါနဲ့. .
ဘိလပ်ယက်ခို
အပေါ်ထပ်မှာနေမှာပဲ. .
သူတို့ မတွေ့နိုင်ပါဘူး. .
လာသွားကြရအောင်. .

"စောင့်လိုက်ရတာ လဲ့ရယ်. . ကိုယ့်မှာ ရှာကနေတောင် လိုက်လာရတာ. . "

လဲ့လဲ့ဆွေရဲ့ရည်းစား ဂျလေဗီတင်မောင်လွင်ရဲ့စကား. . ။ လဲ့လဲ့ဆွေက. .

"အပြင်မှထွက်လို့မရတာ. . အခုတောင် အစ်ကို့ကို ဘုရားမှာ ယတြာချေဖို့ဆိုပြီးထွက်လာတာ. . အခုတောင် သူ့မိန်းမဘက်က အမျိုးတွေ ဘုရားပေါ် တွေ့လို့ မနည်းပတ်ရှောင်လာရတယ်"

"ဟင်. . ဟုတ်လား. . သူတို့လိုက်လာရင်ဒုက္ခ. . "

"အဲဒါကြောင့်ပြောတာပေါ့. . ဘယ်လိုလုပ်ကြမလဲဟင်"

"ဒါဆို တို့တွေ ဒီကပဲ ခိုးပြေးကြရင်ကောင်းမယ်ထင်တယ်"

"ဘယ်ကိုပြေးကြမလဲဟင်. . "

www.foreverspace.com.mm

လှဲ့လှဲ့ဆွေ၏ စိုးရိမ်တကြီးအမေး၊ တင်မောင်လွင်က မျက်မှောင်ကျုံ့စဉ်းစားလိုက်ပြီး..

"လှဲ့လှဲ့ဆွေတို့လမ်းထိပ်မှာ ကိုယ့်သူငယ်ချင်း ကျော်ကိုဖွင့်ထားတဲ့ ဘိလိယက်ခုံအိမ်ရှိတယ်လေ..အဲဒီကိုပြေးရအောင်.."

"ဟယ်..လမ်းထိပ်ကဘိလိယက်ခုံ အိမ်နဲ့အနီးကလေး.."

လှဲ့လှဲ့ဆွေစကားကို တင်မောင်လွင်ကပြုံးပြီး..

"ဘာဖြစ်လဲ..သူတို့လိုက်ရှာရင်လည်း အဝေးဆုံးကိုပဲရှာမှာ အနီးကနေရာကို စဉ်းစားမှာမဟုတ်ဘူး"

"မဟုတ်ဘူး..အဲဒီဘိလိယက်ခုံမှာ ဆိုင်ကလူတွေလာ ကစားနေကျ.."

"စိတ်မပူပါနဲ့..ဘိလိယက်ခုံအပေါ်ထပ်မှာနေမှာပဲ.. သူတို့မတွေ့နိုင်ပါဘူး..လာ သွားကြရအောင်.."

ဆိုရင်း..။

x x x

www.foreverspace.com.mm

ဟားဟားဟား. .
မင်းတို့ လိုချင်တဲ့
ဗျော့ဂိုးတော့မရဘူး. . .
အားလုံးရှုံးပြန်ဖို့
အထုပ်ပြင်ပြီး
ကိုးကြိုပေတော့

"ဟာ. . ဟော့ကောင်တွေ. . ဟိုမှာ လဲ့လဲ့ဆွေ ငတိတစ်ကောင်နဲ့ပြေးဆင်းသွားတယ်"

"ဟာ. . ဟုတ်ပါရဲ့. . အဲဒါ သူ့ရည်းစားဆိုတာများလားမသိဘူး"

"ဒါဆို လိုက်လိုက်. . ဟော့ကောင်. . ဟိုကောင့်နောက် ပါမသွားခင် မီအောင်လိုက်အုပ် . . ."

ဆိုပြီး အတင်းပြေးလိုက်ရန်အပြင်. .

"ဟော့ကောင်တွေ. . မပြေးနဲ့"

ဆိုကာ သူတို့ကိုအမီလိုက်လာသော ကောင်လေး လက်ကြီးကာပြီး သူတို့၏ရှေ့ပိတ်ရပ်လိုက်သည်။ ဟိုမှာ လဲ့လဲ့ဆွေတို့က ထွက်ပြေးရန် ကားငှားနေပြီ။

"ရပ်လိုက်ကြစမ်း. . ဟား ဟား. . မင်းတို့အကြံအစည်သိလို့ ငါလိုက်လာတာကွ. . ကောင်လေးတဲ့နော်. . ပေါင်သေးပေမယ့် တင်ကောက်တယ်. . ငဲ့ ငဲ့ ငဲ့. . "

ဆိုပြီး သူ့လုပ်ရပ်ကို သူသဘောကျနေ၏။

"ဟေ့ကောင်တွေ. . မင်းတို့တစ်ယောက်မှမလှုပ်နဲ့ . . . မင်းတို့အားလုံးကို ကိုမြင့်ဆွေနဲ့အတိုင်ပဲ . . . ဟားဟားဟား . . မင်းတို့လိုချင်တဲ့ချေပဂိုးတော့မရဘူး . . . အားလုံးရွာပြန်ဖို့အထုပ်ပြင်ပြီး ငိုးကြပေတော့ . . . ဟားဟားဟား . . . "

ကောင်လေးက ပယ်နယ်တီဖမ်းမည့် ဘောလုံးသမားလို တိုးထွက်လိုက်ရန် ပြင်နေသူအားလုံးရှေ့ ဘယ်သူမှမထွက်နိုင်အောင် ပိတ်ကာထား၏။ ဟိုကလည်း သူတို့ဇောနှင့်သူတို့ တိုးထွက်ရန်ပြင်သည်။ ဘုရားစောင်းတန်းတွင် ထုပ်ဆီးတိုးနေသည်နှင့်တောင် တူသေး၏။ ဘုရားဖူးလာကြသူများလည်း သူတို့ကို အံ့အားသင့်စွာ ဝိုင်းကြည့်နေကြ၏။ ဒါကို ကောင်လေးကဂရုမစိုက်ဘဲ. .

"ဟေ့ကောင်တွေ. . တစ်ယောက်မှမလှုပ်နဲ့. . ဘယ်မှာလဲ ငါ့ညီမ. . ပြောစမ်း"

ဆိုတော့ အားလုံးက ကားငှားလို့ရပြီး ကားပေါ်တက်ခါနီး လဲ့လဲ့ဆွေကိုလက်ညှိုးထိုးပြကာ. .

"ဟိုမှာ. . ဟိုမှာ. . ပါသွားပြီ. . ပါသွားပြီ"

ဆိုပြီး အားလုံးလက်ညှိုးထိုးပြရာ သို့ကောင်လေး လှမ်းကြည့်လိုက်စဉ်။ ကားပေါ်လှမ်းတက်နေပြီဖြစ်သော ဂျလေဗီတင်မောင်လွင်နှင့်လဲ့လဲ့ဆွေ. .။ တင်မောင်လွင်ကိုပါ လဲ့လဲ့ဆွေနှင့်တွဲမြင်တော့ ကောင်လေးမျက်လုံးပြူးတက်သွားပြီး. .

"ဟာ. . ပါသွားပြီ. . ပါသွားပြီ. .  ဟိုကောင်နဲ့ပါသွားပြီ. . လိုက်. . လိုက်. . လိုက်ပါဟ. . "

ဆိုပြီး အားလုံးပြေးလိုက်ချိန်ကျတော့. . ။ မမီနိုင်တော့. . ကားကလေးက ဝူးခနဲမောင်းထွက်သွားလေပြီ။

"ပါပြီ. . ပါသွားပြီ. . တကယ်ပါသွားပြီဗျ"

အားလုံးရဲ့အော်ဟစ်သံ။ ကားလေးက တစစဝေးလျက်. . ။

x x x

www.foreverspace.com.mm

တစ်ခါတည်းပါကွယ်. .
ကောင်းတော့
ကောင်းသလိုပါ ပဲ. .
အင်း. .
တယ်ကောင်း. .

"ဘာ. . လဲ့လဲ့ဆွေ ဟိုကောင်နဲ့လိုက်သွားပြီ. . ဟုတ်လား"

မောင်မြင့်ဆွေရဲ့ အလန့်တကြားအော်သံ. .။ အားလုံး မျက်လုံးလေး(သူတို့ပြောသလို)ပလေကပ် ပလေကပ်နှင့် ငြိမ်နေကြသည်။

"လဲ့လဲ့ဆွေ လင်နောက်လိုက်သွားတာကို မင်းတို့ကဘယ်လိုသိတာလဲကွ. . ဟေ. . "

မောင်မြင့်ဆွေအော်သံကြားတော့ ဆိုင်သားများစားရန် ချက်ပြုတ်နေသော လေပြည်မျိုးဆင်းလာ၏။

"ဟို. . ဟိုလေ. . ကျွန်တော်တို့ ဘုရားပေါ်မှာတွေ့လိုက်လို့"

သူတို့၏အဖြေစကားကြားတော့ မြင့်ဆွေမျက်မှောင်ကျုံ့သွား၏။ ပြီးမှ အားလုံးကိုလက်ညှိုးထိုးပြီး. .

www.foreverspace.com.mm

"နေပါဦး. . မင်းတို့က ဘုရားဘာသွားလုပ်ကြတာလဲ"

မည်သူမှအဖြေမပေး၊ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြ၏။ ကောင်လေးကကတုန်ကရင် အသံကြီးနှင့် . . .

"ဒီကောင်တွေ လှဲလှဲဆွဲကိုလိုက်ချောင်းကြတာ. . ဟိုလူကြီး ဦးဖိုးထောင်တောင်ပါတယ်"

ကောင်လေးစကားကြောင့် မောင်မြင့်ဆွေ မျက်လုံးပြူးသွားပြီး

"ဟင်. . ဦးဖိုးထောင်ပါ ပါတယ်. . ဘာလိုက်လုပ်တာလဲ"

"တရားသဘောပါကွယ်. . "

ဦးဖိုးထောင် ပီတိတောထွက်တော့မည့်ရုပ်နှင့် မျက်လွှာလေးချကာပြောပြ၏။ သူ့ကိုကြည့်ကာ မောင်မြင့်ဆွေစိတ်ဆိုးသွားပြီး. .

"ဘာတရားသဘောလဲ. . လူကြီးက ကလေးကိုထိန်းရမယ့်ဟာ အခုလူကြီးကိုယ်တိုင်က မဟုတ်တဲ့ဘက်ကဦးဆောင်နေတယ်. . ကောင်း သလားဦးဖိုးထောင်. . "

"တစ်ခါတည်းပါကွယ်. . ကောင်းတော့ ကောင်းသလိုပါ ပဲ. . အင်း. . တယ်ကောင်း. . "

ဦးဖိုးထောင်က ထောင်လို့ရသော သူ့လက်ညှိုးလေးတစ်ချောင်းထောင်ရင်းပြောသည်။ ဒါကို မောင်မြင့်ဆွေက. .

"ဘာတစ်ခါတည်းလဲ. . နားကလည်းမကြား အသက်ကလည်းကြီးမှ ဆတ်စလူးက ထချင်သေးတယ်ဟုတ်လား"

သူ့စကားကို လေပြည်က ကြားဝင်လာပြီး. .

"အို. . ကိုမြင့်ဆွေကလည်း လူကြီးကို အဲလိုမပြောပါနဲ့"

လေပြည်ပါ ကြားဝင်လာတော့ မောင်မြင့်ဆွေပိုတင်းသွားပြီး

"ဩော်. . မင်းက အမျိုးထိတော့နာတယ်ပေါ့"

www.foreverspace.com.mm



သူ့စကားကို လေပြည်မျိုး ခါးထောက်လိုက်ပြီး. .

"အမျိုးထိလို့နာတာမဟုတ်ဘူး. . အခုဟာက တစ်ဖက်သတ်ကြီးပြောနေလို့ ဝင်ပြောရတာ. . ဒီကိစ္စမှာ ကိုမြင့်ဆွေအမျိုးကောင်လေးတို့လည်းပါတာပဲ. . သူတို့ကိုလည်းပြောပါလား"

လေပြည်မျိုးစကားကြောင့် မောင်မြင့်ဆွေလည်း ခါးထောက်၍ လေပြည်မျိုးဘက်လှည့်ကာ. .

"ဘာလဲ. . မင်းက အမျိုးချင်းယှဉ်တာလား"

"သဘောအဖြစ်ပြောတာ ယှဉ်တယ်ထင်လည်း ယှဉ်ပေါ့"

"ဪ. . မင်းက အမျိုးအားကိုးနဲ့ ဒီလိုတောင်ဖြစ်နေပြီပေါ့ ရတယ်. . ရတယ်. . မင်းကယှဉ်မှတော့ ငါလည်းယှဉ်ပြီ"

ဟုဆိုကာ အိမ်ပေါ်သို့ ခြေသံပြင်းပြင်းနှင့်တက်သွားလေတော့သည်။

x x x

အောင်မာ. .
တစ်ကျူလေးဝင်သွားရုံနဲ့
ဂုဏ်ယူမနေနဲ့. .
အနောက်မှာ
နှစ်လုံးကျန်သေးတယ်. .
အဲဒီနှစ်လုံးပါ
တစ်ပြိုင်တည်း
ဝင်သွားအောင်
ကြိုးစားဦး

"အခုကိစ္စဟာ ဟိုကောင် ကျော်ရဲတို့တွေ ဆက်စလူးထလို့ ဒီလိုမြန်မြန်ဆန်ဆန် ဖြစ်သွားရတာကွ. . နောက်မို့ရင် လုံ့လုံ့ဆွေ လည်း ကောက်ကာငင်ကာ လင်နောက်လိုက်မှာမဟုတ်ဘူး"

ဘီလိယက်ခုံထဲလှမ်းဝင်ရင်း ပြောလိုက်သော ကောင်လေး အသံကြားတော့ ဘီလိယက်ခုံအပေါ်ထပ်မှာ ပုန်းနေကြသော လုံ့လုံ့ ဆွေ ကြောက်အားလန့်အားနဲ့ တင်မောင်လွင်ရင်ခွင်ထဲ ပြေးဝင်ကာ

"ကိုကောင်လေးတို့လာပြီ. . ကိုကောင်လေးတို့လာပြီ. . ဘယ်လိုလုပ်ကြမလဲဟင်. ."

သူ့အမေးကို တင်မောင်လွင်က လုံ့လုံ့ဆွေခန္ဓာကိုယ်ကို တင်းတင်းပြန်ဖက်ကာ လေသံတိုးတိုးဖြင့်. .

"အသာနေ. . ငြိမ်ငြိမ်နေ. . သူတို့မသိနိုင်ပါဘူး"

www.foreverspace.com.mm

"ဟယ်. . ကြည့်လုပ်ဦး. . မိသွားမှဖြင့်. . ဆွေကြောက်တယ်"

"ဘာမှမကြောက်ပါနဲ့. . ကိုတင်မောင်လွင်ရှိတာပဲ. . ကိုယ့်ကိုဖက်ထား. . "

သူတို့ကသာဖြစ်နေတာ၊ ကောင်လေးတို့အဖွဲ့ကတော့

"ဖြစ်ပြီးတာတွေ မေ့လိုက်ပါ ကိုကောင်လေးရာ. . ကဲ. . ဘာထိုးမလဲ"

သူ့အမေးကို ဝေလင်းက. .

"ငါကတော့ စနူကာပဲထိုးမယ်ဟေ့. . ဘယ့်နှယ်လဲ. . "

"ရပါတယ်. . ဘာဖြစ်ဖြစ်ပါ. . ကောင်လေးက ပိုင်ပါတယ်"

သူတို့စကားနားထောင်ပြီး အပေါ်ထပ်က လဲ့လဲ့ဆွေတို့နှစ်ယောက်က တထိတ်ထိတ်။ ခွမ်ခနဲ ဘိလိယက်ခွဲသံကြားရ၏။

"ဟေ့ကောင်. . ဘာကြောင့်ကြည့်နေတာလဲ. . အပေါ်မှာလွတ်နေတဲ့နှစ်လုံးတွဲကိုဆွဲလေ"

ဘိုထွန်းအသံ. . ။ ဝေလင်းက. .

"ကွယ်နေတယ်ကွ. . ခါးကျင်းချောင်းနေတာ"

"ခါးကျင်းက အေးဆေးသွင်းလို့ရပါတယ်ကွာ. . အပိုင်ကျင်းပဲဟာ အခုဟာကအပေါ်နှစ်လုံးပြောင်ရှင်းနေတယ်နော့. . မှည့်ထပြီး ဝင်းလက်နေတာ"

သူတို့ကတော့ ဘိလိယက်ဘောလုံးများကို စိတ်ပါဝင်စားစွာပြောနေတာ။ အပေါ်ကနှစ်ယောက်တော့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း. .

ထောက်ခနဲထိုးလိုက်သံ။ ဂလောက်ခနဲကျသံ။

www.foreverspace.com.mm

"ဘယ်ရမလဲ. . ငါကွ"

"အောင်မာ. . တစ်လုံးရရုံနဲ့ ငြိမ်မနေနဲ့ . . နောက်တစ်လုံး မိအောင်ကြိုးစားဦး"

"ဟော့ကောင်. . အဲဒီတစ်လုံးကိုလွှတ်လိုက်. . ပန်းကိုလှည့်စား ပန်းကိုလှည့်စား"

"ကျူတိုနေတယ်ကွ. . မင်းဘာသိလို့လဲ"

"ဒါဆိုလည်း ခါးစောင်းတင်ပြီးဖိပွတ်လေကွာ. . အားစိုက်ပြီးသွင်းရင်ဝင်ပါတယ်"

ထောက်ခနဲ ဖယ်ထိုးသံ။ ဂလောက်ခနဲ ဘောလုံးကျသံ။

"ချော့(ခ်). . ချော့(ခ်)ပေးဦး . . ဒီမှာ ကျူတံပွတ်ရအောင်. . တောက်. . သွေးထွက်အောင်မှန်တယ်ဆိုတာ ဒီကျူမျိုး ကွ. . "

"အောင်မာ. . တစ်ကျူလေးဝင်သွားရုံနဲ့ ဂုဏ်ယူမနေနဲ့. . အနောက်မှာ နှစ်လုံးကျန်သေးတယ်. . အဲဒီနှစ်လုံးပါ တစ်ပြိုင်တည်း ဝင်သွားအောင် ကြိုးစားဦး"

သူတို့ဘာသာသူတို့ ဘိလိယက်အကြောင်းပြောနေတုန်း အိမ်ပေါ်ထပ်က ဂုန်းခနဲအသံကြားရ၏။ အားလုံး အပေါ်ထပ် အလန့်တကြား မော့ကြည့်ပြီး. .

"အပေါ်ထပ်က ဘာဖြစ်တာလဲကွ"

တစ်ယောက်၏အမေး. .

"ကြောင်ဆော့တာနေမှာပါကွာ. . ကဲပါ ကိုယ့်အလုပ်ကိုယ် ပိုင်ပိုင်ကြီးဆက်လုပ်ပါ. . ဒီလောက်ပိုင်နေမှတော့ ဟိုနှစ်လုံးတွဲကို ပြန်ကိုင်လေ. . "

"နေပါကွာ. . ငါက ခါးကျင်းချောင်းနေတာ"

www.foreverspace.com.mm

"ခါးကျင်းကလိမ်နေတယ်ကွ. . ခုံပေါ် ခါးစောင်းတင်ပြီး ကာတင်ရိုက်သွင်းမှဝင်မယ်"

"ကိုင်း. . ပြောနေကြာတယ်. . . ထိုးပြီကွာ"

"အား. . "

ကောင်လေးလက် သံစူးသွားသည်။ ဟိုလှည့်ဒီလှည့်လျှောက်ကိုင်ရင်း ခုံပေါ်ရိုက်ထားသော အဆက်နေရာမှ ငုတ်တုတ်ထွက်နေသောသံကို အားရပါးရသွားထောက်မိခြင်းဖြစ်၏။ ထိပ်ဖူးကြီးကို အကြီးကြီး. .။ ဘိလိယက်ခုံ အဆက်နေရာမှဖြစ်၍ သံအကြီးသုံးထားခြင်းဖြစ်မည်။

X X X

www.foreverspace.com.mm

သူ့ယောကျ်ား
တင်မောင်လွင်ကပါ
သူ့မှုပိုင် ကြွက်ကတိုး
ခိုးစားခါနီးရုပ်နှင့်
ခိုးကြောင်ခိုးဝှက်ပြုံးပြီး
လက်အုပ်ကလေး
မချိတရိချိုကာ လိုက်ပါလာ၏

"အစ်ကို. ."

လေပြည်မျိုး၏အသံ။

"ဘာလဲကွာ. ."

မောင်မြင့်ဆွေမှ စိတ်ရှုပ်သလိုဟန်နဲ့ပြန် ဖြေ၏။

"ဟို. . လဲ့လဲ့ဆွေကိစ္စပြောမလို့. ."

"ကွတ်. . ပြောမနေပါနဲ့ကွာ. . ပြေးတဲ့သူက ပြေးပြီပဲတစ်ယောက်သွားတော့တစ်ယောက်စာသက်သာတယ် . . . လူရှင်းတယ်"

"မဟုတ်သေးဘူးလေ. . ကိုယ်က မတတ်နိုင်ပေမယ့် သူတို့အမေကိုတော့ အကြောင်းကြားသင့်တာပေ့ါ. . အခုဟာက ဘယ်ရောက်လို့ ဘယ်ပေါက်နေမှန်းမသိတာ"

လေပြည်မျိုးစကားကို မောင်မြင့်ဆွေ ခေါင်းခါသည်။

"ဖြစ်ပြီးမှတော့ ဘယ်တတ်နိုင်မှာလဲ. . သူ့ထိုက်နဲ့သူ့ကံပေါ့ ကိုယ်တို့လည်း ရှာသင့်သလောက်ရှာတာပဲ. . တွေ့မှမတွေ့တာ"

"ရှာစရာမလိုပါဘူး အစ်ကိုရယ်. . ညီမတို့ပြန်ရောက်ပါပြီ"

"ဟင်. ."

သူ့စကားကိုဖြတ်ပြောလိုက်သောအသံ။ အံ့အားသင့်စွာ လှည့်ကြည့်လိုက်တော့. .

"ဟင်. . လဲ့လဲ့ဆွေ. ."

ဟုတ်ပါသည်။ လဲ့လဲ့ဆွေပါ. . ။ သူတစ်ယောက်တည်းတင် မဟုတ်။ သူ့နောက်မှာ သူ့ယောက်ျားတင်မောင်လွင်ကပါ သူ့မှုပိုင် ကြွက်ကတိုး ခိုးစားခါနီးရုပ်နှင့် ခိုးကြောင်ခိုးဝှက်ပြုံးပြီး လက်အုပ် ကလေး မခို့တရို့ချီကာ လိုက်ပါလာ၏။

"ဟင်. . နင်တို့က ဘယ်လို. . ဘယ်လို. ."

မောင်မြင့်ဆွေ၏ ကယောင်ကတမ်းစကားကို. .

"အစ်ကို့ကို လာတောင်းပန်တာပါ. . သမီးတို့ ချစ်သူ နှစ်ယောက်မခွဲနိုင်လို့ လုပ်ခဲ့မိတာပါ. . အစ်ကို့ကို အဲဒီအတွက် ကန်တော့ပြီး တောင်းပန်ပါရစေ"

ဆိုကာ နှစ်ယောက်သား မြေပြင်ပေါ် ပုဆစ်တုပ်ထိုင်ကာ မောင်မြင့်ဆွေတို့လင်မယားအား ထိုင်ကန်တော့ကြ၏။ မောင်မြင့် ဆွေမှာ. .

"မင်းတို့ကွာ. . တောက်. ."

ဟုဆိုကာ ဘာဆက်ပြောရမှန်းမသိ။ ဒါကို လဲ့လဲ့ဆွေ ယောက်ျား တင်မောင်လွင်က ခွေးသားလေး ရေတွင်းပျက်ထဲကျနေ သလိုရုပ်မျိုးနဲ့ ယက်ကန်ယက်ကန်လုပ်ကာ. .

"ဖူးစာရေးနတ်က သူ့မြားတိုနှစ်စင်းနဲ့ ကျွန်တော်တို့

www.foreverspace.com.mm

နှစ်ယောက် ကိုပစ်ခွင်းပြီးကတည်းက ကျွန်တော်တို့ချစ်သူနှစ်ယောက်ဟာ စားလည်းဒီစိတ်. . သွားလည်းဒီစိတ်. . အိပ်လည်းဒီစိတ်. . ခြင်ထောင် မိုးမှာလည်း သူ့မျက်နှာ . . ချစ်ခရီးကြမ်း လျှောက်လှမ်းတော့လည်း လှဲ့ရဲ့အမေက ကျွန်တော်နဲ့လှဲ့ကို မတူဘူး မတန်ဘူး. . ငါ့မှာ နှလုံးရောဂါအကြီးကြီးရှိတယ်. . နင်တို့ကို ခွဲလို့မှမရရင်. . "

"ဟေ့ကောင်. . ရိုးရိုးပြောကွာ"

မောင်မြင့်ဆွေက စိတ်မရှည်နိုင်စွာ ဖြတ်ပြော၏။ ဒါကိုတင်မောင်လွင်က. .

"ဟုတ်ကဲ့. . ရိုးရိုးပြောရရင်. . ကျွန်တော်တို့ နှစ်ဦးသဘောတူခိုးပြေးဖို့ ရန်ကုန်တက်လာကြပါတယ်. . ဒါ အပြတ်ပါပဲ"

"ဩော်. . တိုချင်တော့လည်းတို ရှည်ချင်တော့လည်းရှည်နဲ့ဘယ်လိုကောင်မှန်းမသိဘူး. . "

မောင်မြင့်ဆွေကသာ သက်ပြင်းချပြီး

"ကဲ. . ဖြစ်ပြီးခဲ့တာတွေထားတော့ မင်းတို့ ရှေ့ဆက်ရမယ့်ခရီး ဘယ်လိုဆက်လျှောက်လှမ်းကြမှာလဲ . . ဘာတွေလုပ်မယ်စဉ်းစားထားလဲပြော. . "

လှဲ့လှဲ့ဆွေက ရှိုးတိုးရှန့်တန့်ဖြင့်. .

"ဟိုလေ. . အခုဟာက ဘယ်လိုပြောမလဲ. . ညားခါစဆိုတော့ ရွာလည်းမပြန်ရဲ. . ဒီမှာကလည်း အလုပ်မရှိသေးတော့ ဒီဆိုင်မှာပဲခဏနေမလားလို့. . "

"ဟမ်. . "

လှဲ့လှဲ့ဆွေစကားကြောင့် မောင်မြင့်ဆွေ မျက်လုံးပြူးသွား၏။ လူများရသည့်ကြား အလိုလိုနေရင်း နှစ်ယောက်ကတိုးပြန်ပြီ။ လေပြည် မျိုးကြည့်တော့လည်း မျက်နှာအပျက်ပျက်အယွင်းယွင်း။

www.foreverspace.com.mm



ဒါကို တင်မောင်လွင်က ရင်ကော့ပြီး ပြတ်သားသောအသံဖြင့်. .

"ဟုတ်ပါတယ်အစ်ကို. . ကျွန်တော်ဟာ အရင်တုန်းက ဘာအလုပ်မှမလုပ်ဘဲ ဟိုလူ့အားကိုး ဒီလူ့အားကိုးနဲ့ ရပ်ရွာရဲ့ကူညီမှုအပြည့်အဝရယူပြီး ပေါ့ပေါ့နေပေါ့ပေါ့စား လုပ်ခဲ့မိပါတယ်. . ဒါပေမဲ့ အခု အစ်ကို့ဆီရောက်တော့ သူတစ်ပါးအားကိုးနဲ့နေရတဲ့ဘဝကို စွန့်လွှတ်ပါတော့မယ်. . "

"ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တော့မှာပေါ့. . "

မောင်မြင့်ဆွေရဲ့ ဝမ်းသာအားရအမေး။ ဒါကို တင်မောင်လွင်က ရင်ကော့ပြီး. .

"ဟုတ်ပါတယ် အစ်ကို. . အခု ကျွန်တော် သန္နိဋ္ဌာန်ချလိုက်ပါပြီ. . သူတစ်ပါးအားကိုးပြီး ပေါ့ပေါ့နေပေါ့ပေါ့စားဘဝကို စွန့်လွှတ်ပြီး အစ်ကို့တစ်ယောက်တည်းအားကိုးနဲ့ အစ်ကို့လုပ်စာတစ်ခုတည်းနဲ့ ကျွန်တော်တို့လင်မယားနှစ်ယောက် တည်ငြိမ်အေးချမ်းပြီး ပျော်ရွှင်စရာကောင်းတဲ့ မိသားစုဘဝကို တည်ဆောက်သွားပါတော့မယ်. . တစ်နည်းပြောရရင် ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်ပြီး အစ်ကို့ ဆိုင်မှာပဲလုပ်ကိုင်ရင်း လေးလေးနက်နက်စားပါတော့မယ်ခင်ဗျား. . "

"ဟမ်. . "

တင်မောင်လွင်စကားကြားတော့ မောင်မြင့်ဆွေ ဗိုင်းခနဲ ပစ်လဲမတတ်ဖြစ်သွားရ၏။

ပတ်ဝန်းကျင်အားကိုးပြီး မစားတော့ဘူးတဲ့. . ဒီတစ်ဆိုင်တည်းကလုပ်စာကိုပဲ စားတော့မယ်တဲ့။

"ကောင်းလားဟင်. . "

သူ့ကိုယ် သူပြန်မေးကြည့်သည်။

"အင်း. . ကောင်းတော့ကောင်းသလိုပဲ ခြေငြိမ်တာပေါ့"

www.foreverspace.com.mm

သူစဉ်းစားလို့မဆုံးခင်မှာ တင်မောင်လွင်က. .

"ကိုမြင့်ဆွေက မယုံသေးဘူးထင်တယ်. . ကဲ. . လွဲလွဲဆွေရေ. . တို့အလုပ်တွေကို စိတ်ဖြောင့်ဖြောင့်လုပ်နိုင်အောင် ဟာနေတဲ့ ဝမ်းလေးအရင်ဖြည့်လိုက်ကြရအောင် . . . ထမင်းလေး . . ."

ဟုဆိုကာ မောင်မြင့်ဆွေဘက်လှည့်၍. .

"ဘာချက်လဲ . ."

မောင်မြင့်ဆွေလည်း အူကြောင်ကြောင်နှင့်. .

"ဝက်သား . ."

ဟုဆိုလိုက်သည်နှင့် တင်မောင်လွင်က. .

"အချစ်ရေ ဝက်သားတဲ့. . ဗိုက်ဆာနေတာနဲ့ အတော်ပဲ. . တက်စားရအောင်. ."

ဟုဆို၍ သူတို့ဘက်လှည့်ကာ. .

"ကဲ. . အစ်ကိုလည်း ဝမ်းသာပေတော့ အစ်ကို့ဆိုင်မှာ အားကိုးရမယ့်မန်နေဂျာတစ်ယောက်ရပြီလို့သာ သဘောထားလိုက် . . . ဒါပေမယ့် . . . ကျွန်တော်အလေးအပင်မ မနိုင်ဘူးနော် . . . သက်သက်သာသာနဲ့ပိုက်ဆံများများရမယ့်နေရာမှာခိုင်း . . . ဥပမာ . . ကောင်တာထိုင်တာတို့ဘာတို့ပေါ့ . . . အလုပ်အကြောင်းပြောရတာနဲ့ဗိုက်တောင်ဆာလာပြီ . . . လာမိန်းမ ဝက်သနီချက်လေးနဲ့တက်လွေးပြီး . . . တစ်ရေးတစ်မောမှိန်းရအောင် . . . ဝါး . . . ညကအိပ်ရေးပျက်ထားတယ် . . ."

မောင်မြင့်ဆွေမှာတော့ ပါးစပ်လေးအဟောင်းနဲ့ ဘာဆိုဘာမှမပြောနိုင်. . .။

x x x

www.foreverspace.com.mm

ဟိုကောင့်ပိုကလည်း
အူကြောင်ကြောင်နှင့်
တစ်သက်လုံး
ကပ်ဝါးနေမည့်ပို

"ဒီမှာ ကိုမြင့်ဆွေ"

"ဟော. ."

အတောင့်လိုက်ကြီးရပ်နေရာမှ နံဘေးမှ လေပြည်မျိုးခေါ်သံကြောင့် ယောင်ပြီးပြန်ထူးမိ၏။

"အခုကိစ္စ ဘယ်လိုဆက်လုပ်ကြမှာလဲ"

မောင်မြင့်ဆွေ မျက်မှောင်ကျုံ့ရင်း. .

"ဘယ်ကိစ္စလဲ. ."

"ဩော်. . လဲ့လဲ့ဆွေကိစ္စပေါ့. . အခုဟာက လဲ့လဲ့ဆွေ တစ်ယောက်စာ သက်သာမယ်မှတ်နေတာ . . ခုတော့ တစ်ယောက်တင်မဟုတ်ဘဲ သူ့ယောက်ျားပါ အဖတ်တင်လာပြန်ပြီ. . သူ့ယောက်ျားကလည်း လက်ကြောတင်းမယ့်ပုံမပေါ်ဘူး ဟင်း. ."

www.foreverspace.com.mm

"အဲ. . အဲဒီတော့ ငါဘာလုပ်ရမှာလဲ"

မောင်မြင့်ဆွေ၏ အူကြောင်ကြောင်အမေး။

"ဩော်. . ဘာလုပ်ရမှာလဲ. . ဒီမှာ လူများနေရတဲ့ကြားထဲ သူတို့ကိုပါ ထပ်တင်လို့ဘယ်ဖြစ်မလဲ"

"အဲဒီတော့. . "

"အဲဒီတော့ သူ့မိဘတွေကိုအကြောင်းကြားပြီး ပြန်ခေါ်သင့် ခေါ်ခိုင်းပေါ့ရှင်ရယ်. . "

"ဟင်. . "

လေပြည်မျိုးစကားကို မောင်မြင့်ဆွေ ဘယ်လိုပြန်ပြောရမှန်း မသိဖြစ်နေ၏။ သူပြောတော့လည်း ဟုတ်သလို။ ဟိုကောင့်ပုံကလည်း အူကြောင်ကြောင်နှင့် တစ်သက်လုံးကပ်ငါးနေမည့်ပုံ။ ပြောပုံကိုက ကြည့်လေ။

"အစ်ကို့မန်နေဂျာတဲ့ . . . အလေးအပင်မ မနိုင်ဘူးတဲ့ . . ပိုက်ဆံများများရချင်သေးသတဲ့ . . . "

ဒီအတိုင်းဆိုမလွယ်။ ဒီအမျိုးတွေကိုစွန့်ပဲ ဆိုင်လည်းပြုတ်၊ လင်မယားလည်းကွဲ . . တစ်ခါတည်းသူတောင်းစားလည်းဖြစ်မယ့် ကိန်းပဲ . . . ။

"အေးလေ. . လဲ့လဲ့ဆွေတို့အမေ ဒေါ်ခင်ဆွေကိုပဲ ဖုန်းဆက် ပြောရတော့မှာပဲ . . . ဖုန်းဆက်လိုက်ရင်တော့ သူ့အမေကဒေါ်ကြီး မောကြီးနဲ့ ပြန်ခေါ်မှာပဲ . . . ဘယ်လိုဖြစ်ဖြစ်ခေါ်ရင်ပြီးပြီ . . . "

ဟုဆို၍. .

X X X

www.foreverspace.com.mm

သူတို့ လင်မယားကို
နင်တို့အိမ်ခေါ်ထား။ ။
ပောဒီဂိမ်းသုံးပွဲပြီးရင်
ငါ နင်တို့ ရန်ကုန်ကို
ချက်ချင်းတက်လာခဲ့မယ်။ ။
ဒါပဲ။ ။

“ကလင်. . ကလင်. . ကလင်. . ”

“ဟယ်လို. . ”

“ဟယ်လို. . ဒေါ်လေးလား”

“အေး. . ဘယ်သူတုံး. . ဒီမှာ ဂိမ်းဆော့လို့ကောင်းနေတုံး ဘယ်ကအပေအတေဆက်တာတုံး”

“ကျွန်တော်မြင့်ဆွေပါ ဒေါ်လေး”

“သြော်. . မြင့်ဆွေလား. . ပြောလေ. . သမီးကလိမ္မာရဲ့ လား လိမ္မာမှာပါ ပညာတတ်ကလေးပဲ. . ဟဲ့. . အိမ်မှာတီဗီ အပေါ် စက် လဲလိုက်ရတယ်သိလား. . အရင်စက်က ကျိုင်လောင်သွားတယ် ဆိုလား. . အခု ဆယ့်ခြောက်လက်မတီဗီ ထပ်ဝယ်လိုက်တယ်. . ဒေါ်လေးလည်း ဂိမ်းကစားလို့ရပြီပေါ့. . ဟဲ့. . လူကြုံရှိရင်လည်း

www.foreverspace.com.mm

ရမ်ဘိုဂိမ်းအသစ်လေးထပ်ပို့လိုက်ဦး. . ဘာပြောစရာရှိသေးလဲ. . ဒီမှာ ဒေါ်လေး ဂိမ်းအိုဗာဖြစ်တော့မယ်. . မြန်မြန်ပြော. . "

"ဟိုလေ. . "

"အင်း. . ပြောလေ. . ဩော်. . ဒီမသာကောင်တွေက တက်လာပြန်ပြီ. . ကဲဟာ. . သေစမ်း သေစမ်း"

"ဒေါ်လေးသမီး ဂိမ်းအိုဗာဖြစ်နေလို့. . "

"ဘာ. . "

"ဟုတ်. . ဒေါ်လေးသမီး ဂိမ်းအိုဗာဖြစ်သွားလို့"

"ဂိမ်းအိုဗာ ဟုတ်လား. . ဘယ်သူနဲ့လဲ. . ဘယ်ကနဲ့လဲ"

"ဟို. . ဒေါ်လေးပြောတဲ့ ဟိုအပေအတေကောင် တင်မောင်လွင်နဲ့ပဲ. . "

"ဘာ. . တင်မောင်လွင်နဲ့ . . ဟုတ်လား. . နင်မပြောဘူးလား. . လက်နက်ကြီးနဲ့မထုထည့်လိုက်ဘူးလား"

"ထုတောင်မရလိုက်ပါဘူး ဒေါ်လေးရယ်. . သူတို့က ပါဝါအရင်ရပြီး သံချပ်ကာကား ကာပြေးကြတာ. . "

မြင့်ဆွေလည်း ဘာတွေမှန်းမသိ၊ သူ့အဒေါ်နားလည်ရင်ပြီးရောသဘောပြောနေမိသည်။

"သူတို့က ပါဝါအရင်ရသွားတယ် ဟုတ်လား. . သူတို့ စလှုပ်ရှားကတည်းက နင် ခေါင်းပေါ်ကပန်းတစ်ပွင့် မစားလိုက်ဘူးလား"

"ကိုယ့်ပန်းနဲ့ကိုယ်တောင် မအားပါဘူး ဒေါ်လေးရာ. . အဲဒါဘယ်လိုလုပ်ရမလဲ. . နှစ်ယောက်လုံး ဒေါ်လေးဆီ ပြန်ပို့လိုက်ရမလား"

"ဟဲ့ ဟဲ့. . မပို့နဲ့ မပို့နဲ့. . ဒီရွာကလူတွေက အစကတည်းက ဘုရားနဲ့တရားနဲ့ တီဗီဂိမ်းနဲ့နေတဲ့ငါ့ကို မဟုတ်တမ်းတရားပြောချင်

နေကြတာ. . အခု သမီးကပါ ဖွေဖောက်ပြီး လင်နောက်လိုက်သွားတယ်ဆိုတော့ ရွာရဲ့ပါးစပ်ရာဇဝင်မှာ ခင်ဆွေစံချိန်တင်ကုန်ဦးမယ် အဲဒီတော့ သူတို့လင်မယားကို နင်ခေါ်ထား. . ငါ နင်တို့ဆီတက်လာခဲ့မယ်"

"ဟမ် . ."

"အေး ငါပဲလာခဲ့မယ်. . ခွေးထက်မိုက်တဲ့သမီး. . တီဗီဂိမ်းရန်သူထက်မိုက်တဲ့သမီး. . မိဘမျက်နှာ ဘယ်အကွက်တက်ဖျက်ရမယ်ဆိုတာအမြဲချောင်းနေတဲ့ကောင်မ. . ခင်ဆွေအကြောင်း ကောင်းကောင်းသိစေရမယ်. . ဟင်. . ငါ့လုပ်စာ တစ်သက်လုံး ပါးဖြဲနားဖြဲစားလာတဲ့ကောင်မ. . အခု ဒင်းအလှည့်. . ဒင်း ယောကျ်ား လုပ်စာ တစ်သက်လုံး ဟန်ကျပန်ကျ ငါလာစားပြမယ်"

"ဟို. . ဟို. . ဒါနဲ့. . "

"ဒါနဲ့တွေ ဘာတွေလုပ်မနေနဲ့ မောင်မြင့်ဆွေ. . သူတို့လင်မယားကို နင်တို့အိမ်ခေါ်ထား. . တောဒီဂိမ်းသုံးပွဲပြီးရင် ငါ နင်တို့ရန်ကုန်ကိုချက်ချင်းတက်လာခဲ့မယ်. . ဒါပဲ. . "

"ဝှပ်"

"ဟမ်. . "

မောင်မြင့်ဆွေ တယ်လီဖုန်းခွက်ကြီးကိုင်ပြီး ငြိမ်နေမိ၏။ ကိုယ့်မှာတော့ ပေါ့စေချင်လို့ ကြောင်ရုပ်ထိုးပါတယ်။ အခုတော့ တီဗီဂိမ်းနဲ့ နောက်တစ်ယောက်ပါ ထပ်တိုးမယ့်အပေါက်. . ။

x x x



www.foreverspace.com.mm

www.foreverspace.com.mm

> တားချိန်တောင်
> မရလိုက်ပါဘူးကွာ. .
> သူ့ခမျာလည်း
> တီဗီဂိမ်းတစ်ဖက်နဲ့
> စကားပြောရတာဆိုတော့
> အားရှာတာမဟုတ်ဘူး. .

"ဘယ့်နှယ်လဲ. . လာပြန်ခေါ်မယ်တဲ့လား"

လေပြည်မျိုးက သိချင်ဇောနှင့်မေး၏။ မောင်မြင့်ဆွေက သက်ပြင်းချပြီး. .

"လာမခေါ်တဲ့အပြင် သူ့အမေကပါ ဒီလိုက်လာမတဲ့. ."

"ဟင်. ."

လေပြည်မျိုး မောင်မြင့်ဆွေစကားကြားတော့ ကြောင်ပြီး ပါးစပ်ကလေးဟသွား၏။ အတန်ကြာမှ သတိရသွားပြီး. .

"ဟင်. . သူ့အမေပါလိုက်လာမယ်. . ရှင်မတားဘူးလား"

မောင်မြင့်ဆွေ သက်ပြင်းထပ်ချကာ. .

"တားချိန်တောင်မရလိုက်ပါဘူးကွာ. . သူ့ခမျာလည်း တီဗီဂိမ်းတစ်ဖက်နဲ့ စကားပြောရတာဆိုတော့ အားရှာတာမဟုတ်ဘူး. .

www.foreverspace.com.mm

ဂိမ်းအိုဗာဖြစ်ရင် သူလိုက်လာမယ်ဆိုပြီး ဖုန်းကိုဂွပ်ခနဲချသွားတယ်"

မောင်မြင့်ဆွေစကားကြားတော့ လေပြည်မျိုး တောင့်ခနဲဖြစ်သွား၏။ စိတ်ဆိုးသွားပုံရ၏။ နောက်မှ ခါးကိုထောက်ပြီး. .

"ဒီမှာ ကိုမြင့်ဆွေ. . "

မြင့်ဆွေက လေပြည်မျိုးကိုကြည့်သည်။ လေပြည်၏မျက်နှာက ဒေါသဖြင့် နီမြန်းနေ၏။

"ရှင့်ကိုကျွန်မယူထားတာ ရှင့်တစ်ယောက်တည်းကို ယူထားတာ. . ရှင့်တစ်ဆွေလုံးတစ်မျိုးလုံး ယူထားတာမဟုတ်ဘူး"

လေပြည်၏စကားကြောင့် မြင့်ဆွေလည်း တင်းသွားကာ မျက်နှာမာမာဖြင့်. .

"အေး. . ငါလည်း နင့်တစ်ယောက်တည်းယူထားတာ. . နင့်အမျိုးတွေမပါဘူး"

"ရှင် အဲလိုကပ်သပ်မပြောနဲ့. . အခုဟာက ရှင့်အမျိုးတွေ ပိုများလာပြီ. . ဘယ့်နှယ် ဆွေမျိုးဆိုင်ကို သာလာယံဇရပ်မှတ်နေလား မသိဘူး. . ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်းထွက်နဲ့. . "

"မင်း အဲလိုတစ်ဖက်သတ်မပြောနဲ့. . ငါလည်း သူတို့ကိုခေါ်ထားတာမဟုတ်ဘူး"

"ခေါ်ထားတာမဟုတ်လည်း မခေါ်ထားနဲ့ပေါ့. . အခုတော့ မခေါ်ဘဲလာတဲ့သူတွေပါ. . "

သူ့စကားပင် မဆုံးလိုက်. .

"ဒါ လေပြည်မျိုးတို့ဆိုင်လားဟင်. . "

ဟူသော မေးသံကိုကြား၍ လှည့်ကြည့်လိုက်တော့ . .

ဝါးပုခက်ထမ်းစင်နှင့် လူရွယ်နှစ်ယောက်. . ။ ပုခက်ထဲမှာ လူကြီးတစ်ဦး။ လေပြည်မျိုး အံ့အားသင့်သွားကာ. .

www.foreverspace.com.mm

"ဟင်. . အဘကံ. . "

ဟုတ်ပါသည်။ လေပြည်မျိုးအဖေ၏ အစ်ကိုအကြီးဆုံးကြီး အဘကံ. . ။

"အေးကွယ်. . တွေ့မှတွေ့ပါ့မလားလို့ တထိတ်ထိတ်နဲ့လာရတာကွယ့်. . အခုလိုတွေ့လိုက်ရမှပဲ စိတ်ကိုဒုန်းဒုန်းချနိုင်တော့တယ်"

"ဟင်. . အဘကံ. . ဒီ. . ဒီကိုဘာလာလုပ်. . "

လေပြည်၏ အံ့သြတကြီးအမေး။ လူကြီးက. .

"အေးကွယ်. . အဘကံလည်းကျန်းမာရေးမကောင်းလို့ ရန်ကုန်ဆေးလာကုရတာ. . . အမျိုးထဲမှာလည်း . . . အဘကံတစ်ယောက်ပဲ . . . ဒီအသက်ဒီအရွယ်ထိ အသက်ရှည်နေတော့တာ. . . အဘကံ တို့အတန်းတွေက . . . များသောအားဖြင့်ဆုံးကုန်ပါပြီ . . . အဘကံ မဆုံးခင်ပြုစုခွင့်ရတဲ့အတွက် . . . ငါ့တူမလည်း ဝမ်းသာပေတော့. . . အဘကံ ဆေးဖိုးဝါးခ ငါ့တူမစိုက်ရမှာဆိုတော့ ကုသိုလ် တွေတစ်လှေကြီးရပြီ ပေါ့. . ဟုတ်ဘူးလား. . သာဓု သာဓု သာဓု. . "

"ရှင်. . "

အဘကံစကားကြားတော့ လေပြည်မျိုးမျက်ဖြူဆိုက်ပြီး ဗိုင်းခနဲ ပစ်မလဲသွားတာကံကောင်း. . ။

မောင်မြင့်ဆွေ ခြေသံပြင်းပြင်းနှင့် အိမ်ပေါ်တက်သွား၏။

x x x

www.foreverspace.com.mm

ဟာ . . နင်ကလည်း
ဝေးလိုက်တာ . .
ဝေလင်းဘကြီး
ဦးကျော်လေး . .
တစ်သက်လုံး
မွေးရာပါပိုလီယိုဖြစ်လာတာ . .
သူ့ထက်မမာတာ
ရှိဦးမလား

"တောက် . . ဒါ ဟိုဘက်အမျိုးက သက်သက်ကျောတာ"

ကောင်လေး၏ မကျေမနပ်စကားသံ။ ဒါကို ဝေလင်းက . .

"ဘာဖြစ်လို့လဲ ကိုကောင်လေး"

"ဘာဖြစ်ရမှာလဲကွ . . ဟိုမှာကြည့်လေ . . ငါ့ညီမ လဲ့လဲ့ဆွေ လင်ရောက်လာတာမကျေနပ်လို့ သူတို့ဘက်က လူမမာကြီး မရမက ဆွဲတင်လာတာ"

သူ့စကားကို ဦးပေစိကပါ ဝင်ပြီး . .

"တင်ချင်တိုင်းတင်လို့ရမလားကွ . . ဒါ သူတို့တစ်ဦးတည်း ပိုင်ဆိုင်မှုမဟုတ်တာ . . တို့ဘက်ကလည်း တစ်ခြမ်းပိုင်တာပဲ . . "

သူတို့စကားကို အိမ်ပေါ်တက်လာသော ဒေါ်တင်မေက ပါ . .

www.foreverspace.com.mm

"ကျုပ်လည်း အဲဒါပြောမလို့တော်. . ဘယ့်နှယ်. . သူများအလုပ်လုပ်နေတဲ့ဆိုင်ပေါ် ဘာမှသုံးမရတဲ့လူမမာကြီး ဆွဲတင်လာရတယ်လို့. . သူတို့မို့ အားမနာလျှာမကျိုး. . . ဒါသက်သက်ငြင်းမရအောင် အကျပ်ကိုင်တဲ့သဘောနဲ့ . . . လူမမာကိုသက်သက်တင်လာတာပဲ . . ."

"ဒါဆို ကျွန်တော်တို့ဘယ်လိုလုပ်မှာလဲ. . လက်စားချေမှဖြစ်မယ်"

ကောင်လေး၏စကား။ အားလုံး ခဏတော့ငြိမ်သွားကြသည်။ အတန်ကြာမှ ဦးပေစိက. .

"ငါသိပြီ. . "

အားလုံး၏ခေါင်းများ သူ့ဘက်လှည့်သွားကြ၏။

"သူတို့တောင် ငြင်းလို့မရအောင် လူမမာတစ်ယောက်တင်ရင် တို့ဘက်ကလည်း တစ်ယောက်တင်ရမှာပေါ့"

သူ့စကားကို ဒေါ်တင်မေက. .

"တင်တာတော့ဟုတ်ပါပြီ. . ဘယ်မှာလဲ လူမမာက. . "

"ဟ. . နင်ကလည်း ဝေးလိုက်တာ. . ဝေလင်းဘကြီး ဦးကျော်လေ. . တစ်သက်လုံး မွေးရာပါပိုလီယိုဖြစ်လာတာ. . သူ့ ထက်မမာတာ ရှိဦးမလား"

ဦးပေစိစကားကြောင့် အားလုံး မျက်လုံးအရောင်များ ဝင်းလက်သွား၏။ ပြီးမှ. .

"ဟုတ်တယ်ဟေ့. . ဝေလင်းဘကြီး ဦးကျော်ရှိတာပဲ. . "

"ဒါဆို အမြန်သွားခေါ်မှဖြစ်မယ်"

"ဟုတ်တယ်. . ဦးကျော်ကို အမြန်သွားခေါ်ရမယ်. . သူတို့အမျိုးရေရှည်ကျောတာတော့မခံနိုင်ဘူး"

www.foreverspace.com.mm

ဟုဆိုကာ ဦးပေစိက အားလုံးကိုငြိမ်သွားရန် လက်ကာပြပြီး

"ဒါဆို ဘယ်သူသွားခေါ်မှာလဲ. ."

သူ့အမေးကို ဝေလင်းနှင့်ကောင်လေးက ရင်ကော့၍. .

"ဦးကျော်သွားခေါ်ဖို့တာဝန် ကျုပ်တို့တာဝန်ထား. . ကျုပ်တို့ နှစ်ယောက်သွားခေါ်မယ်. . နေ့ချင်းပြန်ကို လူမမာရစေရမယ်"

သူတို့နှစ်ယောက်၏ ပြတ်သားသောစကားကို အားလုံးထောက်ခံကြ၏။

x x x

www.foreverspace.com.mm

နောက်တစ်နေ့ မနက်စောစောတွင် တစ်သက်လုံး လူမမာ ဦးကျော်ကို အားရပါးရ ဒရွတ်တိုက်ခေါ်လာသော ကောင်လေးနှင့် ဝေလင်းကိုတွေ့ရ၏။ သူတို့နောက်တွင်မှ လှဲ့လှဲ့ဆွေမိခင် ဒေါ်ခင်ဆွေ

"မောင်မြင့်ဆွေရေ. . ဟေး. . မောင်မြင့်ဆွေ. . "

ဒေါ်ခင်ဆွေ၏ ကျယ်လောင်သောခေါ်သံကြောင့် မြင့်ဆွေ အိမ်ပေါ်မှဆင်းကြည့်သည်။

"ဟင်. . ဒေါ်ဒေါ်. . ဟာ. . ဦးကျော်. . "

ဒေါ်ခင်ဆွေရော ရာသက်ပန်လူမမာ ဦးကျော်ပါ တစ်ပြိုင်တည်းတွေ့လိုက်ရ၍ မြင့်ဆွေအံ့အားသင့်သွားသည်။

"ဟင်. . ဘယ်ကဘယ်လို. . "

မြင့်ဆွေ နှစ်ယောက်လုံးကို အတုံးလိုက်အတစ်လိုက်မြင်

www.foreverspace.com.mm



လိုက်ရ၍ ဘယ်ကစပြောရမှန်းမသိဖြစ်နေမိ၏။ ဒါကို ကောင်လေးက. .

"ရှူး. . ကိုမြင့်ဆွေ အသာနေ. . ဟိုဘက်အမျိုးကို ဆုံးမရမယ်လာ. . ဦးကျော်. . "

ဟုဆိုကာ ဦးကျော်ကို အိမ်ပေါ် ဆွဲတင်သွားကြ၏။

"ဖြည်းဖြည်းလုပ်ကြပါကွယ်. . ခါတိုင်းဆို ဦးကျော်ကချည်း သူများကျွေးတာ အချောင်စားပြီး မင်းတို့ကိုသနားတယ် သနားတယ် လို့ပြောလာတာပါ. . အခု အခုတော့ ဦးကျော်ကိုပြန်သနားကြပါဦး"

ဟုရေရွတ်ကာ အိမ်ပေါ် ဒရွတ်တိုက်ပါသွားလေသည်။ ထိုတော့မှ ဒေါ်ခင်ဆွေက အားလုံးကိုငေ့ကြည့်ကာ. .

"အောင်မလေး မောင်မြင့်ဆွေရယ်. . မင်းဆီလိုက်လာဖို့ ပြင်ရဆင်ရတာနဲ့တင် ကြာသွားတာ. . "

ဒေါ်ခင်ဆွေစကားကြောင့် မြင့်ဆွေမျက်လုံးပြူးသွားကာ. .

"ဟင်. . ဘာတွေပြင်ဆင်နေရလို့လဲ. . "

ဒေါ်ခင်ဆွေက မျက်နှာရှုံ့မဲ့ကာ. .

"ဟဲ့. . ငါက ဒီမှာရာသက်ပန် ဒီမှာနေပြီး ခေါင်းချမှာဆိုတော့ ရွာက အိမ်ဝိုင်းလေးရောင်းချ အတွင်းပစ္စည်းတွေပါ ပေါင်နှံခဲ့ရတာပေါ့"

"ဗျာ. . "

ဒေါ်ခင်ဆွေရဲ့စကားကြောင့် မောင်မြင့်ဆွေ တက်မတတ်ဖြစ်သွား၏။ ဒေါ်ခင်ဆွေမှပင် ဆက်၍. .

"ဟဲ့. . ဒါပဲနော်. . ငါ့ကို ဂိမ်းစက်အသစ်ဝယ်ပေးရမယ်. . ငါက ဂိမ်းမဆော့ရရင်မနေတတ်ဘူး"

"ဟင်. . ဒီအရွယ်ကြီးကျမှ တီဗီဂိမ်းနဲ့. . "

www.foreverspace.com.mm

မောင်မြင့်ဆွေ အလန့်အကြားအမေး။ ဒါကို ဒေါ်ခင်ဆွေက

"မင်းဘာသိလို့လဲ. . ဟဲ့. . ဒါနဲ့ အန်တီက မင်းကြီး မင်းလေး ကိုးကွယ်တော့ ဝက်သားမစားဘူးနော်"

"အင်. . "

ရှာကခြံဝင်းလည်းရောင်းခဲ့ပြီ။ ဂိမ်းစက်လည်း ဝယ်ပေးရဦး မယ်။ ဝက်သားလည်းမစားဘူး။ ဒီမှာလည်း တစ်သက်လုံးနေဦးမယ်။ ဘာတွေမှန်းမသိတော့။ မြင့်ဆွေခေါင်းထဲ ရှုပ်ယှက်ခတ်ကုန်၏။

"ဟဲ့. . ဒါနဲ့. . နင့်ဆိုင်က အလုပ်သမားများလှချည်လား. . ဘယ်ကအလေနတောတွေလဲ. . ကြည့်စမ်း. . သာလာယံဇရပ်ကျနေ တာပဲ. . ဥဒဟိုဝင်ထွက်နေလိုက်ကြတာ. . အောင်မလေး. . ဒီအတိုင်းဆို စီးပွားဖြစ်ဦးမယ်. . ဘယ်ကဘယ်ကတွေ ဘယ်လိုကပ်စားနေမှန်း မသိ"

အမှန်တော့ သူသိထားပြီးသားဖြစ်၏။ ဒီမလာခင်ကတည်း က သူ့ကို ကောင်လေးနှင့်ဝေလင်းတို့က ပြောပြထားပြီးသား။ ဒါကို သိသိကြီးနှင့် ရန်စလိုက်ခြင်းဖြစ်၏။

အောင်မြင်ပါသည်။

သူ့စကားကို လေပြည့်ကြီးတော် ဒေါ်မူမူကြားသွားပြီး. .

"ဒီမှာ ဒီမှာ. . စကားကို. . မန်ဒါလီအီးပန်းသလို ဗရမ်း ဗရမ်း မပြောပါနဲ့ ဒီမှာအလကားကပ်ရပ်နေတဲ့လူ တစ်ယောက်မှမပါ ဘူး. . နောက်မှရောက်လာသူတွေကသာ အလုပ်မရှိအလုပ်ရှာ စားသောက်ချင်နေတာ"

ဒေါ်မူမူစကားကို ဒေါ်ခင်ဆွေအနာပေါ်တုတ်ကျသွားပြီး. .

"ဟဲ့. . ကောင်မ. . နင်လူပါးဝလှချည်လား. . နင်ကရော ဘယ်ဓာတ်တိုင်မှီ မီးလင်းနေရတာလဲ. . ရာရာစစ ငါ့ကို ခံပက် သေး. . ကိုယ့်ဘာသာကိုယ် ဘယ်အတန်းအစားက လာတယ်ဆိုတာ

www.foreverspace.com.mm

သိအောင်လုပ်ပါဦး. . "

ဟုဆိုကာစားပွဲပေါ်မှ ငါးဖယ်တစ်တုံးကို ပလောက်ခနဲ ကောက်ဝါးလိုက်သည်။ ဒါကိုမြင်တော့ ဒေါ်မူမူက. .

"အောင်မယ်. . အောင်မယ်. . ဒင်းလို လည်သလိုလုပ်စားနေတဲ့ ကောင်မကများ အဆင့်အတန်းအကြောင်းပြောသေး. . အိုးစွပ်ခွက်စွပ်က စားသေး. . "

"ဟဲ့. . ဒါက ခွေးလေးသနားလို့ ဝါးကျွေးမလို့ဟဲ့. . "

"ခွေးကျွေးဖို့ ဝါးကျွေးတယ်ဆိုပြီး ကိုယ်တိုင်မျိုမိသွားရင် ကိုယ်ဘာကောင်ဖြစ်သွားမယ် စဉ်းစားနော်"

ဒေါ်မူမူစကားကြောင့် ဒေါ်ခင်ဆွေတင်းသွားပြီး. .

"ဟေ့ကောင်မ. . နင်ဘာစကားပြောတာလဲ"

"ဘာစကားပြောတယ်ထင်လို့လဲ. . သတ္တိရှိရင်လာခဲ့. . "

ဒေါ်မူမူက ယောက်မနှင့်အသင့်စောင့်၏။ ဒေါ်ခင်ဆွေကလည်း အာဂပဲ. . ဘာရမလဲ. .

"အေး. . ငါလာပြီ"ဆိုပြီး ခွေးဝါးကျွေးမည်ဆိုသော ငါးဖယ်တုံးကိုမျိုချပြီး ခုန်ဝင်သွားသည်။ သို့သော် ဖြစ်ချင်တော့ သူ့ဘာသာသူ အရှေ့က ခွေးခြေခုံခလုတ်တိုက်ပြီး ဟပ်ထိုးဟပ်ထိုးနဲ့လဲကျသွားလေသည်။

"ဟာ. . လုပ်ကြပါဦး လုပ်ကြပါဦး. . ဒေါ်လေးလဲသွားလို့"

မောင်မြင့်ဆွေအော်သံ။ အားလုံး ရုတ်ရုတ်သဲသဲဖြစ်ကုန်၏။ ထိုအချိန်ကျမှ နောက်ဖေးတွင်အလုပ်ရှုပ်နေသော လေပြည်မျိုးလည်း အိမ်ရှေ့ထွက်ကြည့်ရာ. .

အားလုံးရုတ်ရုတ်သဲသဲ အနေအထားမြင်တော့ လန့်ပြီးမေ့လဲကျသွားလေသည်။

X X X

www.foreverspace.com.mm

နှစ်ဖက်အမျိုး
ကိစ္စများဖြင့်ပင်
သူ့ကိုမုန်းသွားပြီလားဟု
တွေးမိရင်း
မျက်ရည်များ
ရစ်ဝိုင်းလာမိသည်

သတိမေ့နေရာမှ လေပြည်မျက်လုံးဖျတ်ခနဲပြန်ပွင့်လာသည်။ မြင်ကွင်းအစိမ်း၊ ပတ်ဝန်းကျင်အစိမ်းကြီးမြင်ရတော့ ရုတ်တရက် ကြောင်သွားပုံရ၏။

"ဟင်. . ကျွန်မ. . ကျွန်မဘယ်ရောက်နေတာလဲဟင်"

"ဆေးခန်းရောက်နေတာပါ"

"ဟင်. ."

နံဘေးနားက ပြန်ပြောသံကြားတော့ လေပြည်အံ့အားသင့်သွားသည်။ သူ့နံဘေးမှာလည်း ဆရာဝန်နှင့်နပ်(စ်)မများ. .

"ကျွန်မဘာဖြစ်သွားတာလဲဟင်. ."

သူ့အမေးကို ဆရာဝန်က . . .

"ရုတ်တရက် ထိတ်လန့်စရာမြင်ရလို့ မေ့မျောသွားတာပါ. . ဘာမှတော့မဖြစ်ပါဘူး. . အဲ. . ဒါပေမဲ့ အခုလိုအနေအထား

www.foreverspace.com.mm

မှာ အနေအထိုင်ဆင်ခြင်ဖို့တော့လိုပြီ"

ဆရာဝန်ရဲ့စကားကြောင့် လေပြည် ဇဝေဇဝါဖြစ်သွားရ၏။

"ဘာ. . ဘာဖြစ်လို့လဲဟင်. . ကျွန်မဘာဖြစ်လို့လဲ"

ဆရာဝန်က နားကြပ်ကိုခေါက်သိမ်းရင်း. .

"ကလေးမမှာ ကိုယ်ဝန်ရှိနေပြီလေ. . အဲဒါကြောင့် အနေအထိုင်ဆင်ခြင်ဖို့ပြောတာပါ"

"ရှင်. . "

ကိုယ်ဝန်ရှိနေပြီစကားကြားတော့ လေပြည်အံ့အားသင့်သွားသည်။ နောက် ဝမ်းသာအားရဖြင့်. .

"ဟင်. . ဟုတ်လား. . ဝမ်းသာလိုက်တာ. . သားလေးလား သမီးလေးလားဟင်. . "

သူ့အမေးကို ဆရာဝန်ကပြုံးလိုက်ပြီး. .

"ဒီအချိန်ကတော့ ဘယ်သိရဦးမှာလဲ နောက်တော့သိရမှာပေါ့ ကိုယ်ဝန်ကအခုမှသုံးလလောက်ဆိုတော့ မသိသာသေးဘူး လေ"

"ဟင်. . သုံးလလောက်ရှိပြီ"

"ကျော်နေပြီ ကလေးမရဲ့"

လေပြည်ဝမ်းသာသွားကာ. .

"ဒါ. . ဒါဆို. . ကျွန်မပြန်တော့မယ်. . ကိုမြင့်ဆွေသိရင် ဝမ်းသာ မှာပဲ. . အား ကျွတ်ကျွတ်. . "

ရုတ်တရက်ထလိုက်သည်နှင့် ခေါင်းကမိုက်ခနဲဖြစ်သွားသည်မို့ ထ၍မရဖြစ်နေသည်။ ဒါကို နံဘေးက နပ်(စ်)မလေးက. .

"အရမ်းမထနဲ့ဦးလေအစ်မ. . အခု သွေးလေကမမှန်တော့ ထလို့သွားလို့မဖြစ်သေးဘူး. . ခဏလောက်နားပြီးမှ အိမ်ပြန်ပေါ့"

ဆရာဝန်၏စကားကြောင့် လေပြည် စိတ်မကောင်းဖြစ်သွား

www.foreverspace.com.mm

သည်။ နောက် သူ့ရဲ့ခင်ပွန်း မောင်မြင့်ဆွေမျက်နှာကို မြင်ယောင်မိသည်။

သူ ဆေးခန်းဘာလို့မလိုက်လာလဲ. .

နှစ်ဖက်အမျိုး ကိစ္စများဖြင့်ပင် သူ့ကိုမုန်းသွားပြီလားဟု တွေးမိရင်း မျက်ရည်များရစ်ဝိုင်းလာမိသည်။ သူကသာ သတိရနေတာ. . ဟိုဘက်မှာတော့. .

x x x

www.foreverspace.com.mm

ကြိုက်တာမှာ ရှိရင်စားနော့ ။
မရှိရင်ခွင့်လွှတ်နော့ ။
အနှိပ်တိလည်းဧည့်သည်ပဲ
ဘာရမယ်တိတိကျကျမသိဘူးနော့ ။
ဟဲ့ ။ ဟိုကောင်လေးတွေလုပ်
ပါဟေ့ ။

"ဟဲ့ . . ဟိုမှာ ရှင်းမယ်တဲ့ . . ငတုံးလေးတွေ မတွက်တတ်ဘူးလား . . မုန့်ဟင်းခါး အကြော်နဲ့နှစ်ရာ၊ ဆေးလိပ်ပါသေးလား . . အဲဒါ ကိုယ့်ဘာသာကိုယ်ပေါင်းလိုက်လေ . . "

ဆိုင်တွင်းမှာ ဒေါ်ခင်ဆွေ၏အသံများသာ ဆူပွက်နေသည်။ ဩဇာလည်းရှိပုံရသည်။ သူပြောတာ ဘယ်သူမှထမလုပ်။ ကိုယ့်ဘာသာကိုယ် လုပ်ချင်တာလုပ်နေကြသည်။ ဖြစ်ချင်တော့ မြင့်ဆွေကလည်းရှိမနေ။ လေပြည်မျိုး ဆေးခန်းရောက်နေတော့ ဆိုင်အတွက် လိုအပ်သည့်ပစ္စည်း သူကိုယ်တိုင်ထွက်ဝယ်နေရသည်။

"ဟေ့ . . ဟိုမှာ တစ်ယောက်ဝင်လာပြီ . . မောင်လေးဘာစားမလဲ . . မုန့်ဟင်းခါး၊ မုန့်ဖတ်သုပ်၊ ထမင်းကြော်၊ အာလူးပူရီ၊ တိုရှည် အာလူးကတ်တလိပ်၊ ပဲပလာတာ၊ သကြားပလာတာ၊

ကီးမားပလာတာ၊ စမူဆာ၊ အီကြာကွေး၊ ဆိပ်စွပ်၊ ပဲနံပြား၊ ကော်ပြန့်ကြော်၊ ကော်ပြန့်စိမ်း၊ ပေါက်စီ၊ ပီဇာ၊ ဘဲသားမုန့်၊ ဆိတ်သားမုန့်၊ အုန်းနို့ခေါက်ဆွဲ၊ အိုဆာကာ၊ နန်းကြီးသုပ်၊ နန်းပြားသုပ်၊ ရခိုင်မုန့်တီ၊ မော်လမြိုင်ရေစိမ်မုန့်တီ၊ မြိတ်ကတ်ကြေးကိုက်၊ မြီးရှည်၊ တို့ဟူးနွေး၊ ရေစိမ် ရှမ်းခေါက်ဆွဲ၊ ဖက်ထုပ်၊ ဆီချက်. . ဘာကျန်သေးလဲ. . ကြိုက်တာမှာရှိရင်စား. . မရှိရင်ခွင့်လွှတ်. . အန်တီလည်း ဧည့်သည်ပဲမို့ ဘာရ မယ်တိတိကျကျမသိဘူး. . ဟဲ့. . ဟိုကောင်လေးတွေလုပ်ပါဟ. . ဟိုမှာဝိုင်းသိမ်းပါဟ. . အား. . အောင်မလေးလေး . . ကျွတ်. . . ကျွတ် . . . နင်တို့ကိုကုန်းအော်ရတာနဲ့ "

ဒေါ်ခင်ဆွေ၏ မဟာစီမံချက်ကြောင့် သူတို့အမျိုးများက လူမမာဦးကျော်နေမကောင်းဟု အကြောင်းပြကာ ပြုစုချင်ယောင်ဆောင်ခိုင်းပြီး လေပြည့်အမျိုးများကိုဖိခိုင်းနေခြင်းဖြစ်သည်။ ဒေါ်ခင်ဆွေ အကြောနှင့် လုပ်ပုံကိုင်ပေါက်များက တစ်ဖက်အမျိုးများအား အကြီးအကျယ် အထိနာစေလေပြီ။

"ဟဲ့ . . . ဟိုငတုံးလေးတွေ . . . "

သူ့အော်သံကြားသည်နှင့် သူ့ကိုကြည့်မရသော လေပြည်မျိုး၏ အမျိုးများက. .

"ခင်ဗျားဘာသာခင်ဗျားလုပ်. . ဟိုမှာ အဘကံရောဂါအသည်းအသန်ဖြစ်လာလို့ သွားပြုစုရဦးမယ်"

"ဟုတ်တယ်ဟေ့ . . . ဟိုမှာအမောဖောက်နေပြီ. . . လာကြဟေ့ . . . "

ဆိုကာ အိမ်ထဲပြေးဝင် ပျောက်ကွယ်သွားကြ၏။ သူတို့လုပ်ဆောင်ချက်ကိုသိချင်သော မြင့်ဆွေအမျိုး ကောင်လေးတို့လည်း ကပ်လျက်ပြေးတက်သွားကြ၏။ အပေါ်ရောက်တော့ လေပြည့်အမျိုး

www.foreverspace.com.mm

များဖြစ်သော ကျော်ရဲ၊ စပါယ်အုံး၊ မျိုးမြင့်ထွန်းတို့က ကပျာကယာ ယာန်ဖြင့်. .

"ဟာ. . . အဘကံ. . . အဘကံ မျက်ဖြူကြီးလန်နေပြီ. . မျက်ဖြူကြီးလန်နေပြီ. . လုပ်ကြပါဦး . . . ဒေါ်ခင်ဆွေခင်ဗျား တစ်ယောက်တည်းပဲ အားတဲ့သူရှိတော့တာ . . . ခင်ဗျားပဲ ဆိုင်ကို ခဏ ထိန်းထားလိုက်ဦးနော် . . ."

"နှလုံးရပ်သွားပြီးလား မသိဘူး . . . သူငယ်အိမ်မမြင်ရတော့ဘူး . . ."

သူတို့စကားကြောင့် အဘကံ ငေါက်ခနဲထရန်ပြင်ရင်း. .

"အိပ်. . အိပ်နေတာပါကွယ်. . ဘာဖြစ်လို့လဲ. . ဘာဖြစ်လို့လဲ"

သူ့စကားကို ဘယ်သူမှဂရုမစိုက်ကြဘဲ. .

"ဟာ. . တောင့်တောင့်ကြီး တက်လာတာ. . တောင့်တောင့်ကြီးတက်လာတာ. . ဦးဖိုးထောင် ခြေမချိုးပါဗျ. . ဦးအောင်ကြီး ယပ်ခတ်ပေးစမ်းပါ. ."

"အားလားလား. . ကျိုးပါပြီဗျ. . ဝိုင်းချိုးနေကြတယ်. . ဒီမှာ ဝိုင်းသတ်နေကြတယ်. . ကယ်ကြပါဦးဗျ. ."

အဘကံ၏ ငယ်သံပါအော်သံ။ ဒါကို ကျော်ရဲတို့က . . .

"အာ. . လူမမာက ကယောင်ကတမ်းတွေပြောနေပြီ. . လူလည်း တုန်တက်နေပြီ. . ဝိုင်းဖိထားကြ. ."

အဘကံရင်ဘတ်ကို မျိုးမြင့်ထွန်းနှင့် ကျော်ရဲက တက်ခွထိုင်ထားကြသည်။ ဒါကို အဘကံနှင့်ပါလာသော ဦးအောင်ကြီးက . .

"ဟဲ့. . အဲဒါအတွင်းတက်ကွ. . နှာနှာဖိထား. . နှာနှာဖိထား"

"အောင်မလေးဗျ. . သေပါပြီ. . ဖိ. . ဖိ. . လူကို . . .

တုံး အောက်ကဖားဖြစ်အောင်ဖိ . . . "

အဘကံအော်သံကို စပါယ်အုံးက . .

"ဟာ. . အဘကံမျက်လုံးပြာနေပြီတဲ့. . လုပ်ကြပါဦး . . ခြေမချိုးပါဗျ ဦးဖိုးထောင်ရ. . "

ဦးဖိုးထောင်က ခြေမအတင်းဆွဲချိုးပြန်၏။

"အား. . အား. . ဒီညာခြေမချည်းပဲ ချိုးနေတာလား. . သေပါပြီဗျ. . သေပါပြီ. . ဘယ်ဘက်လည်းပြောင်းချိုးကျပါဦး . . . နင်တို့လုပ်တာနဲ့ ညာခြေမလည်းအမြစ်ကနေပြုတ်ထွက်တော့မယ်"

အဘကံ၏အော်သံမဆုံးခင် ဒေါ်ခင်ဆွေအိမ်ပေါ်ပြေးတက်လာပြီး

"ဟင်. . နင်တို့ ဒီမှာစုပြီးဘာလုပ်နေကြတာလဲ. . အရှေ့မှာ အလုပ်များတဲ့အချိန် ဒီမှာလာပြီးခေါင်းရှောင်နေကြတာလား. . "

သူ့စကားကို နောက်ရောက်လာသည့် ဦးအောင်ကြီးက

"ဟဲ့. . ဟဲ့. . တိုးတိုးလုပ်ပါဦး. . တော်ကြာ အဲဒီငှက်ဆိုးထိုးသံကြီးကြားမှ တို့လူမမာ လန့်သေသွားပါဦးမယ်. . လုပ်စရာရှိရင် ဟိုဘက်လူမမာအတုကို ပြုစုချင်ယောင်ဆောင်နေတဲ့ နင်တို့အမျိုးတွေခေါ်သွား. . "

ဟုဆိုကာ ထာဝရလေဖြတ်သမားကြီး ဦးကျော်နား ပြုစုချင်ယောင်ဆောင်နေသော ကောင်လေးတို့အဖွဲ့ကို လက်ညှိုးထိုးပြသည်။ ဒါကို ကောင်လေးတို့က မခံမရပ်နိုင်စွာ . . .

"အောင်မာ. . တို့လူမမာကိုများ. . လူမမာအတုလေးဘာလေးနဲ့. . မင်းတို့လူကြီးလူမမာဖြစ်တာ ဘယ်နှနှစ်ရှိပြီလဲ. . အဲသည်လိုလေးပဲ ဖြစ်သလိုလေးမေးလိုက်မယ်. . "

ကျော်ရဲက ဆတ်ဆတ်ထိမခံပြန်ဖြေ၏။

www.foreverspace.com.mm

"ဟေ့ကောင်. . ဆယ်နှစ်ရှိပြီကွ. . ဆယ်နှစ် . . . ဆယ်နှစ်"

ကျော်ရဲက လက်နှစ်ဖက်ကိုထောင်ပြရင်း မာန်ပါပါပြော၏။ ဒါကို ကောင်လေးက

"ဆယ်နှစ်. . ဟုတ်လား. . ဟား ဟား. . ရယ်ဖို့တောင်ကောင်းသေး. . တို့လူမမာက လူသက်ခြောက်ဆယ့်ငါး. . ဖျားသက်ခြောက်ဆယ့်ငါးကွ. . ဟား ဟား. . နောက်ဖျားတဲ့လူကအရင်သေမပြချင်ပါနဲ့ကွာ. . ဟား ဟား . . ငွား . . ငွား . ."

ကောင်လေး၏ အပေါ်စီးဆန်သောအပြောကို ကျော်ရဲက တင်းသွားပြီး

"အောင်မာ. . ဘယ်သူအရင်ဖျားဖျား . . . အရင်သေတဲ့လူကရောဂါကြီးတယ် . . . ဘယ်သူအရင်သေမလဲ လောင်းတောင်လောင်းလိုက်ချင်သေး. ."

ကောင်လေးက အင်္ကျီလက်ကို ဆွဲတင်လိုက်ပြီး . .

"စိန်လိုက်လေ. . မင်းတို့အဘက်ပဲ အရင်သေမလား. . တို့ဦးကျော်ပဲ အရင်သေမလား. . နှစ်လေးတစ်လေးတောင် လောင်းလိုက်ချင်သေး. . ဦးကျော်. . ဒီအမျိုးတွေ ကျုပ်တို့ကိုကျောတာတော့မခံနိုင်ဘူး. . အဲဒီတော့ ဦးကျော်ကတိပေးစမ်း. . ဦးကျော် ဘယ်တော့သေမလဲလို့ ကတိပေးစမ်း. ."

ဦးကျော်က စိတ်အားထက်သန်သောအမျိုးများကို ငိုမလိုယိုမလိုမျက်နှာပေးနှင့်ပတ်ကြည့်ရင်းလေသံယဲ့ယဲ့ဖြင့်

"နှစ်ထောင့်ရှစ်. . နိဗ္ဗာန်ဝင်ဘာမှပါကွယ်. . မလောကြပါနဲ့"

ဦးကျော်စကားကြားတော့ ဟိုဘက်အမျိုးတွေ အားရပါးရခွက်ထိုးခွက်လှန်ရယ်ကြရင်း

"ဟား ဟား. . နှစ်ထောင့်ရှစ်. . နိဗ္ဗာန်ဝင်ဘာဟုတ်လား. .

www.foreverspace.com.mm

ဟား ဟား. . ဟော့ကောင် စပါယ်အုံး. . တို့လူနာရဲ့ ခေတ်မှန်ထုတ်ပြ လိုက်စမ်း. . အသည်းတစ်ခြမ်းပဲရှိတော့တာကွ. . အသည်းတစ်ခြမ်း ပဲရှိ တော့တာ. . ဆရာဝန်ကိုယ်တိုင် တစ်လမခံဘူးလို့ အာမခံထား လို့ အာမခံထားလို့ ဆေးရုံကပြန်ခေါ်ချလာတာ. . ဟား ဟား. . လူနာကိုမသိပါစေနဲ့ဆိုလို့ တို့ကလျှို့ဝှက်ထားတာ. . မှတ်ထား. . ဟား ဟား"

ထိုစကားလည်းကြားရော အဘတံမျက်ရည်ဝိုင်းသွားပြီး . .

"ဟင်. . ဆရာဝန်ကိုယ်တိုင် အဲလိုပြောလိုက်ပြီ. . ဟင် . . ဒါဆို . . ငါ. . ငါ. . "

ဆိုပြီး ကြောက်လွန်းလွန်းထင် ဖုတ်လိုက်ဖုတ်လိုက်ပါဖြစ်နေ၏။ ဒါကိုကြည့်ပြီး ကောင်လေးတို့က ဝမ်းသာသွားကာ . . .

"ဟော. . တွေ့လား. . တွေ့လား. . မင်းတို့ ငါတို့အမျိုးကို လာကျောလို့မရပါဘူးကွာ. . ဟား ဟား. . တို့လူနာက ဖုတ်လိုက် ဖုတ်လိုက်တောင်ဖြစ်နေပြီ. . . အဘတံ . . . ဆရာဝန်ကိုယ်တိုင်က ပြောထားပြီးပြီပဲအဘတံရယ် . . . ဒီတောင်ကိုကျော်မနေနဲ့တော့ . . သိလား . . ဟိုကောင်တွေဟင်ခနဲ ဟာခနဲဖြစ်သွားအောင် အခု ပက်ခနဲ သေပြလိုက်စမ်းပါဗျာ . . . "

ဆိုတော့ ကောင်လေးတို့ကလည်း အခြေအနေအရပ်ရပ်က သူတို့ဘက်က ဘာမှအားရစရာမရှိ၍ မချိတင်ကဲသံကြီးဖြင့် ဦးကျော်၏ပခုံးကိုလှုပ်ကာ . . .

"ဦးကျော်ရာ. . နှစ်ထောင့်ရှစ်တွေ. . နိဝင်ဘာတွေ ဘာတွေ စောင့်မနေပါနဲ့. . ခင်းတို့အမျိုးမျက်နှာတွေကို လက်ညှိုးငေါက် ငေါက်ထိုးပြီး မင်းတို့ကိုသနားတယ်. . ဦးကျော်က မင်းတို့ကိုသနား တယ်. . သနားတယ်. . အာဟ. . အာဟဆိုပြီး ခေါက်ခနဲသေပြလိုက်

စမ်းပါဗျာ. . "

သူ့စကားကို ဦးကျော်က တုန်ရင်သောအသံဖြင့် . . .

"ခဏနေကြပါဦးကွယ်. . ဦးကျော်ရဲ့သမီးလေးကို အမွေကလေးတော့ ပေးပါရစေဦး. . "

"ပေးမနေပါနဲ့ဦးကျော်ရာ. . ဦးကျော်ပေးလို့လည်း ဘာမှတိုး တက်လာတာမဟုတ်ပါဘူး. . သေပစ်လိုက်စမ်းပါ. . မြန်မြန်သာ သေပစ် လိုက်စမ်းပါ. . ကိုယ်လုပ်ချင်တာတွေလည်း အားရပါးရ လုပ်ပြီးနေမှပဲ . . . မင်းတို့ကိုသနားတယ်. . သနားတယ် အာဟ. . အာဟဆိုပြီး သေသာ သေပစ်လိုက်စမ်းပါ. . "

ဟိုဘက်မှာအမျိုးများလည်း မနေပေါင်ဆိုတဲ့ အမျိုးတွေထဲကပဲကို . . . ဘယ်နေလိမ့်မတုံး . . .

"အဘကံ. . အသက်ကိုတဖြည်းဖြည်းလျှော့ချပြီးအသက်အောင့်ပစ်လိုက်စမ်းပါဗျာ. . သေရင်ပြီးပြီဗျ. . သေရင်ပြီးပြီ. . ဟား ဟား . . အားမနာနဲ့. . နောက်လည်းသေရမယ့်တူတူ မြန်မြန်သာ သေပစ်လိုက်ပါ. . သေရင်ပြီးပါပြီ. . ကျွန်တော်တို့အားလုံးအားရအောင် သေပြလိုက်စမ်းပါ. . "

ဆိုတော့ အဘကံခမျာလည်း ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်နေရာကနေ . . .

"ဩော်. . မင်းတို့ အားရအောင် သေပြရမယ်. . ဟုတ်လား ကောင်းပေ့ကွာ. . ကောင်းပေ့. . နေပါဦးကွာ. . အသက်ကို ဘယ်အပေါက် က ထုတ်ရမယ်ဆိုတာ စဉ်းစားပါရစေဦး. . "

"လုပ်စမ်းပါဗျာ. . ဖင်ကထုတ်ထုတ်. . ခေါင်းကထုတ်ထုတ် ထွက်ဖို့ကအဓိကပါ. . ထွက်ရင်ပြီးပြီ. . ညစ်သာထုတ်လိုက်စမ်းပါ"

"ဦးကျော်. . ထွက်တော့မယ်. . နည်းနည်းဆက်ညစ်စမ်းပါ"

www.foreverspace.com.mm

"ဟုတ်ပြီ. . အဘကံ ကြီးစားထား. . စိတ်ကိုလျှော့ချလိုက်"

သူတို့အားလုံး ကိုယ့်လူနာကိုယ်ကြည့်ပြီး အားပေးနေချိန် မောင်မြင့်ဆွေပြန်ရောက်လာပြီး. .

"ဟင်. . ရှေ့မှာမနေဘဲ ဒီမှာဘာလာလုပ်နေကြတာလဲ"

မောင်မြင့်ဆွေအသံကြားတော့ အားလုံးလန့်ဖျတ်ခေါင်းထောင်လာကြသည်။ နောက်မှ စပ်ဖြဲဖြဲမျက်နှာနှင့်. .

"ဟဲ ဟဲ. . ဒီမှာ ဘယ်လူနာအရင်ဆုံးမလဲလို့ ပြိုင်နေတာပါ"

"ကိုမြင့်ဆွေ နာရီဝက်ပဲစောင့်. . ဒီမှာ အရှုံးအနိုင်အဖြေပေါ်တော့မှာ. ."

မြင့်ဆွေလည်း စိတ်ဆိုးသွားပြီး. .

"ခင်ဗျားတို့ ဆိုင်ပစ်ပြီး ဒီလိုလုပ်စရာလားဗျ. . ခင်ဗျားတို့အသိဉာဏ်မရှိကြဘူးလား. . ဟိုလူကြီးတွေကလည်း ကြီးကြီးကြီးတွေနဲ့ ကလေးတွေနဲ့ပြိုင်နေတယ်"

ထိုအချိန်မှာမှ ကိုယ်ဝန်ရှိနေပြီသတင်းနှင့် ဝမ်းသာအားရပြန်လာသော လေပြည်မျိုးရောက်လာပြီး သူ့အမျိုးများဘက်လှည့်ပြီး လက်ညှိုးငေါက်ငေါက်ထိုး ပြောနေသော မောင်မြင့်ဆွေကိုမြင်တော့ စိတ်ဆိုးကာ. .

"ဒီမှာ ကိုမြင့်ဆွေ. . ရှင်လွန်လွန်းပြီ"

လေပြည်၏ ခက်ထန်သောမျက်နှာမြင်တော့ မောင်မြင့်ဆွေအံ့အားသင့်သွားသည်။

"ရှင်ပြဿနာဖြစ်တိုင်း ကျွန်မအမျိုးတွေချည်း ရှင်လက်ညှိုးငေါက်ငေါက်ထိုးပြောနေတာ ဘာသဘောလဲ"

"ဟ. . ငါ အားလုံးကိုပြောနေတာပဲ"

"ဘာအားလုံးလဲ ရှင့်လက်ညှိုး ရှင်ပြန်ကြည့်စမ်း"

ဟုတ်တော့လည်း ဟုတ်သည်။ လေပြည်မျိုး၏အမျိုးများက အပေါက်ဝတွင်ရှိနေသည်ဆိုတော့ သူ့လက်ညှိုးက လေပြည့်အမျိုးတွေ ထံသာ. .

"ရှင့်ကိုကျွန်မ မပြောချင်လို့ကြည့် နေတာကြာပြီ. . ဘာဖြစ်ဖြစ် ကျွန်မအမျိုးတွေချည်း လှည့်ပတ်ပြဿနာရှာနေတယ် . . ကဲ. . ရှင် ဘာဖြစ်ချင်လဲပြော. ."

"အေး. . မင်းကရော ဘာဖြစ်ချင်လဲ"

အခြေအနေကရုတ်ချည်းတင်းမာသွား၏။ ဒါကို နံဘေးနားက အမျိုးများကပါ. .

"ရှုပ်ပါတယ်ကိုမြင့်ဆွေရာ ဒီလောက်တောင် ဗြိုဟ်ထောင်နေမှတော့ ကွဲလိုက်တာပဲကောင်းပါတယ်"

သူတို့စကားကို ဟိုဘက်အမျိုးတွေကလည်း အားကျမခံ. .

"ဩော်. . မင်းတို့က ဒီလိုလား. . မင်းတို့ကတောင် ကွဲနိုင်ကွာနိုင်ရင် တို့ဘက်ကလည်း ဘာလို့မကွဲနိုင်ရမှာလဲ. . မိန်းကလေးဘက်ကပဲ. . ဘာမှနာစရာမရှိဘူး. ."

လေပြည်မျိုး၏ အမျိုးများစကားကို မောင်မြင့်ဆွေတို့ဘက်မှလည်း. .

"အောင်မာ. . တို့မြင့်ဆွေက ယောကျ်ားလေးပဲ ရေချိုးလိုက်ရင်ပြီးပြီ. . ဒီလို အလုပ်အကိုင်လုပ်တတ်ပုံနဲ့ကတော့ . . ဒါတောင် ကျန်းမာရေးမကောင်းသေးလို့"

သူတို့၏စကားကို ဟိုဘက်ကလည်းမလျှော့. .

"အောင်မာ. . မင်းတို့လူကတောင် တောင်ရှည်ရမ်းရဦးမယ် "

သူတို့စကားတွေက ဘယ်ရောက်လို့ရောက်ကုန်မှန်းမသိ။

www.foreverspace.com.mm

ဘာအဓိပ္ပာယ်တွေလဲမသိကြတော့။ တစ်ဖက်နှင့်တစ်ဖက် အနိုင်ရရန်သာ ဦးတည်နေကြသည်။ ဒါကို မောင်မြင့်ဆွေက. .

"ကဲ. . မင်းသဘောကဘယ်လိုလဲ လေပြည်"

လေပြည်မျိုးကလည်း အမျိုးမျိုးရှေ့ မလျှော့ချင်၍ထင့်၊ ခေါင်းကိုမော့ပြီး. .

"ဒါကတော့ ရှင့်သဘောပဲ. . ကျွန်မဘက်ကတော့ မလျှော့နိုင်ဘူး"

လေပြည်မျိုး၏အပြောကို မြင့်ဆွေစိတ်ဆိုးသွားပြီး. .

"အေး. . ဒါဆို ပြတ်ပြီကွာ ပြတ်ပြီ. . ကဲ. . ပြီးရော"

မြင့်ဆွေစကားကြားတော့ လေပြည်မျိုးလည်းတင်းပြီး ခါးထောက်ကာ. .

"သြော်. . အခုတော့ ပြတ်ပြီဟုတ်လား. . ဟင် ဟိုအရင်တုန်းက ခြင်ထောင်ထဲ တစ်ယောက်လေလည်မိရင်တောင် နှစ်ယောက်ခွဲရှူရမယ်ဆို. ."

"နင်ကပိုလွှတ်နေတော့ ငါမခံနိုင်ဘူး. . ဘယ့်နှယ် မန်ယူနဲ့ အာဆင်နယ်ကစားတာကျနေတာပဲ. . သူချည်း နှစ်လုံးကျော သုံးလုံးကျောပေးနေတာ. . တိန်တိန်မြည်လို့ လှည့်မကြည့်နဲ့ ဒင်းချည်းပဲ"

"သြော်. . ရှင်က ဒီလိုလား. . ရှင်ပြတ်ရင် ကျုပ်ကလည်း ပြတ်ပြတ်ပဲ. . ကဲ. . လက်ထက်ပွားတွေကို ဘယ်လိုခွဲမလဲ"

"နင်လိုချင် နင့်ဘာသာ ဆိုင်တစ်ဝက်ခွဲယူ. . ငါကတော့ ငါ့ဘက် အခြမ်း ငါယူမယ်"

"အေး. . ကောင်းပြီ. . အခုချိန်က စခွဲပြီ"

ဟုဆိုကာ ဓားမတစ်ချောင်းယူ၍ သူတို့ဆိုင် ဆိုင်းဘုတ်ဖြစ်သော ဆွေမျိုးကို အလယ်တည့်တည့်မှနေ၍ ခွမ်းခနဲခွဲချလိုက်လေသည်။

www.foreverspace.com.mm

"ရော့. . ဒီမှာ ရှင့်နာမည် ရှင်ယူ. . ကျွန်မနာမည် ကျွန်မ ယူမယ်"

ဟုဆိုကာ မြင့်ဆွေကို တစ်ခြမ်းပစ်ပေးလိုက်သည်။ နောက် ဆိုင်အလယ်တည့်တည့်ကို စည်းတားကာ. .

"အဲဒီဘက်အခြမ်း ရှင့်အခြမ်း. . ဒီဘက်ကအခြမ်း ကျွန်မ အခြမ်း. ."

"အေး. . ပြီးရော. . ကတိတော့တည်ပါစေ"

"တည်တယ် တည်တယ်. . ကျွန်မကတော့ခပ်တည်တည်ပဲ"

"ငါလည်း ခပ်တည်တည်ပဲ. . နင်သိပါတယ်"

"သိပါတယ်. . သိပါတယ်. . လုပ်ကြည့်လိုက်. . လုပ်ကြည့် လိုက်"

"လုပ်ကြည့်မယ်. . လုပ်ကြည့်မယ်"

"ရှင်ဘာစကားပြောတာလဲ"

"ငါ့အလုပ်ကိုပြောတာ. ."

"အေး. . ဒါဆိုလည်းပြီးရော . ."

ထိုသို့ဖြင့်. .

ထိုနေ့မှစ၍ ယခင်ဆွေမျိုးဆိုင်နေရာတွင် ဆွေတစ်ဆိုင် မျိုး တစ်ဆိုင်နှင့် နှစ်ဆိုင်ပေါ်ထွက်လာလေသည်။ အပေါ်က ဆွေနှင့် မျိုးက ပြဿနာမရှိ။ အောက်က လက်ဖက်နှင့် ရည်ကတော့ နည်း နည်းထောင့်တောင့်နိုင်လှသည်။ (ဆွေလက်ဖက်နှင့် မျိုးရည်ဖြစ်နေ သည်ကိုး)

x x x

www.foreverspace.com.mm

ဟိုကောင်
တိုက်ပုံ မီးပုံထဲ
သွားပစ်ထည့်လိုက်တာက
ကြာဦးမယ်။ ။
ကျုပ် ဒီဦးထုပ်နဲ့
စားပွဲခုံ
သုတ်ပစ်လိုက်ရမလား

"လာပါ အစ်ကို. . ဒီဘက်ကိုလာပါ"

"ဒီခုံမှာထိုင်ပါ အစ်ကို. . ဒီခုံမှာထိုင်ပါ. . "

မနက်ဆိုင်ဖွင့်သည်နှင့် ဆွေဆိုင်နှင့်မျိုးဆိုင် ညွှန့်သည်နှင့် ပြဿနာတက်နေ၏။ ဟိုဘက်ကလည်း သူ့ဆိုင်ဘက်ခေါ်၊ ဒီဘက်ကလည်း သူ့ဆိုင်ဘက်ဆွဲနှင့် ရှုပ်ယှက်ခတ်နေသည်။

"ဟ ဟ. . နေကြပါဦး. . ငါ့ဘာသာငါ ထိုင်ချင်တဲ့ခုံထိုင်မှာပေါ့. . မင်းတို့ကလည်း အတင်းချည်းပဲ"

ညွှန့်သည်၏စကားကို သူတို့ဂရုမစိုက်၊ ဒီဘက်ကကောင်လေးက သေချာစေရန် ညွှန့်သည်၏ဦးထုပ်ကို လှမ်းဖြုတ်လိုက်သည်။ ဟိုဘက်က ကျော်ရဲတို့ကလည်း ညွှန့်သည်၏တိုက်ပုံကို အတင်းချွတ်ယူသည်။

www.foreverspace.com.mm

"ဟာ. . ဟင်. . ဖြည်းဖြည်းလုပ်ကြပါကွ. . မင်းတို့ဟာက ခေါးပြတိုက်နေကြတာလား"

"မဟုတ်ပါဘူးခင်ဗျာ. . ဖောက်သည်ရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းတာပါ. . လာပါ. . ဒီဘက်ကိုလာပါ"

"အဲဒီဘက်မှာမထိုင်ပါနဲ့. . ဒီဘက်ကိုလာပါ"

သူတို့အတင်းဆွဲနေရာကနေရုန်းပြီး ဧည့်သည်က. .

"ဖယ်စမ်းပါကွာ. . ငါ့ဘာသာငါ ထိုင်ချင်တဲ့နေရာထိုင်မယ်"

ဆိုပြီး လေပြည်တို့အခြမ်းဘက်တွင်ဝင်ထိုင်သည်။

"လက်ဖက်ရည်တစ်ခွက်. ."

ဧည့်သည်က မှာသည်။ ဒါကို မျိုးမြင့်ထွန်းက. .

"လက်ဖက်ရည် ဒီမှာမရဘူးခင်ဗျာ. . ဒီမှာ ခေါက်ဆွဲတို့ နန်းကြီးတို့ပဲရတယ်"

ဆိုတော့ ဧည့်သည်မျက်မှောင်ကျုံ့ နောက်လှည့်ကြည့်ပြီး

"ဟ. . . ဟိုဟာက လက်ဖက်ရည်ဖျော်ခုံမဟုတ်လားကွ. . လက်ဖက်ရည်က ဘာလို့မရတာလဲ"

"လက်ဖက်ရည်က ဟိုဘက်ဆိုင် ဒီဘက်ဆိုင်မှာမရောင်းဘူး"

စပါယ်အုံးစကားကို ဧည့်သည်အံ့အားသင့်သွားပြီး. .

"မင်းတို့က တစ်ဆိုင်တည်းမဟုတ်လား"

သူ့အမေးကို ဘိုထွန်းက. .

"အရင်ကတော့တစ်ဆိုင်တည်းပဲ အခုတော့စီးပွားခွဲလိုက်ပြီ"

www.foreverspace.com.mm

ဧည့်သည်လည်း စိတ်ညစ်သွားကာ. .

"ကဲကွာ ဒါဆိုလည်း လက်ဖက်ရည်ရတဲ့ဆိုင်ပဲထိုင်တော့မယ်"

ဆိုကာ ကောင်လေးတို့ဘက် ပြောင်းလာ၏။

"ဟေး. . ဒါမှ တို့ကိုကိုကွ. . ကဲ. . ကိုကိုဘာသောက်မလဲ"

ဘိုထွန်း၏ကန္ဒဲ့ကလျှအမေး။ ဧည့်သည်က စိတ်ရှုပ်သလိုဖြင့်

"လက်ဖက်ရည်တစ်ခွက်နဲ့ နန်းကြီးသုပ်တစ်ပွဲပေးကွာ. ."

ဧည့်သည်စကားကြားသည်နှင့် ဘိုထွန်းမျက်နှာ ပြန်မာသွားပြီး

"ဒီဆိုင်မှာ နန်းကြီးသုပ်မရဘူး"

"ဟမ်. ."

ဘိုထွန်း၏ ခပ်မာမာစကားကြောင့် ဧည့်သည်လည်းကြောင်သွားပြန်၏။ နောက်မှသတိရပြီး. .

"ဟင်. . နန်းကြီးသုပ်မရဘူး. . ဒါ. . ဒါဆို. ."

"လက်ဖက်ရည်ပဲရမယ်. . လက်ဖက်ရည်ပဲသောက်သွား"

ကောင်လေးစကားကို ဟိုလူက. .

"ဟင်. . ဒါဆို နန်းကြီးသုပ်စားပြီး လက်ဖက်ရည်သောက်ချင်ရင်. ."

"အလယ်စည်းမှာ ခွထိုင်လိုက်. ."

"အင်. ."

ဖြတ်ပြောလိုက်သော ကျော်ရဲစကားကြောင့် လူကြီးကြောင်သွား၏။ နောက်မှ ခေါင်းကုတ်ပြီး. .

"တော်ပြီကွာ. . လက်ဖက်ရည်ပဲ သောက်တော့မယ်. . လက်ဖက်ရည်တစ်ခွက်ပေး. ."

www.foreverspace.com.mm

ဆိုတော့ ဟိုဘက်က စပါယ်အုံးက. .

"ဟိုလူကြီး. . "

ထိုသူလှည့်ကြည့်၏။ စပါယ်အုံးက မျက်နှာမာမာနှင့်. .

"ခင်ဗျားခုန နန်းကြီးသုပ်စားမယ်လို့ပြောတယ်မဟုတ်လား"

ဟိုလူက မျက်မှောင်ကျုံ့ ခေါင်းညိတ်ပြီး. .

"ပြောမိတယ်လေ. . ဘာဖြစ်လို့လဲ. . "

စပါယ်အုံးက လက်ထဲကတိုက်ပုံမြှောက်ပြကာ. .

"ဒါဘာလဲ. . "

ဟိုလူကလည်း ကမန်းကတန်းဖြင့်. .

"ငါ့. . ငါ့တိုက်ပုံ. . ငါ့တိုက်ပုံလေ. . "

"ဟေး. . ခင်ဗျား ကျုပ်တို့ဆိုင်မှာ နန်းကြီးသုပ်မစားရင် ဟောဒီတိုက်ပုံ မီးဖိုထဲသွားပစ်ထည့်လိုက်မယ်"

"ဟမ်. . "

စပါယ်အုံးစကားကြောင့် ဟိုလူမျက်လုံးကြီးပြူးတက်သွား၏။ နောက် ကြောင်တောင်တောင်နှင့် စပါယ်အုံးကိုကြည့်သည်။ ဟို ကောင့်ပုံက တကယ်လုပ်မယ့်ပုံ။ ဒါကြောင့် ကမန်းကတန်းပြန်ထ ပြီး. .

"ဟင်. . အဲလို တော့မလုပ်ပါနဲ့. . အဲဒီတိုက်ပုံက အလှူအိမ်သွားဖို့ ငှားလာတဲ့တိုက်ပုံပါ"

"အေး. . အဲလိုမလုပ်ချင် ဒီဘက်ဆိုင်ကိုကြွ. . "

ထိုစကားသံကြားသည်နှင့် လူကြီးခမျာ ကြိမ်စကြာနှင့်အတို့ ခံလိုက်ရသူသဖွယ် ကပျာကသီထပြီး. .

"ဩော်. . အင်း. . အင်း. . လာခဲ့ပါ့မယ်. .  လာခဲ့ပါ့မယ်"

တိုက်ပုံအဆုံးမခံနိုင်၍ထင့် စပါယ်အုံးတို့စားပွဲမှာပြေးထိုင်

၏။ ထိုတော့မှ စပါယ်အုံးကပြုံးပြီး . .

"ဒီလိုပဲဖြစ်ရမှာပေါ့ . . ဟော့ . . တို့အစ်ကိုကြီးစားဖို့ နန်းကြီးသုပ်တစ်ပွဲဟော့ . . "

သူ့အော်သံပင်မဆုံးလိုက်။

"ဟိုလူကြီး . . "

ကြည့်လိုက်တော့ ကောင်လေးခေါ်သံ။ ထိုသူလှည့်ကြည့်ပြီး . .

"ခင်ဗျာ . . "

ဟု ရိုရိုသေသေပြန်ထူး၏။ ဒါကို ကောင်လေးက သူ့လက်ထဲကဟာကို မြှောက်ပြပြီး . .

"ဒါဘာလဲ . . "

ကောင်လေးလက်ထဲကဟာမြင်တော့ လူကြီးမျက်လုံးပြူးသွားပြန်ပြီး . .

"ငွေဦးထုပ် . . ငွေဦးထုပ် . . "

လူကြီး၏ရေရွတ်သံ။ ဒါကို ကောင်လေးက . .

"ဟိုကောင် တိုက်ပုံ မီးပုံထဲသွားပစ်ထည့်လိုက်တာက ကြာဦးမယ် . . ကျုပ် ဒီဦးထုပ်နဲ့စားပွဲခုံသုတ်ပစ်လိုက်ရမလား"

ကောင်လေးစကားကြားတော့ လူကြီးမျက်လုံးပြူးသွားပြန်ပြီး . .

"ဟာ . . အဲလိုတော့ . . အဲလိုတော့မလုပ်ပါနဲ့ . . ဒါလေးငွေချည်းစားဟောင်းလေးဝယ်ပေးထားတာ . . မလုပ်လိုက်ပါနဲ့ . . ဒါလေးနဲ့ အလွမ်းဖြေနေရတာပါကွာ"

သူ့စကားကို ကောင်လေးက . .

"အေး . . အဲလို စားပွဲခုံအသုတ်မခံချင်ရင် ဒီဘက်လာပြီး

www.foreverspace.com.mm

လက်ဖက်ရည် အေးအေးဆေးဆေးလာသောက်လိုက်ပါ"

ကောင်လေးစကားလည်းကြားရော ဟိုလူကြီး ထိုင်ရမလို ထရမလိုဖြစ်သွားပြီး. .

"ဟင်. . အဲဒီမှာ လက်ဖက်ရည်လာသောက်ရမယ် . . အေး အေး. . ဒါဆို . . . လာပြီ လာပြီ. ."

စားသုံးသူ ထရန်အပြင်. .

"ဟိုလူကြီး. . တိုက်ပုံ. ."

စပါယ်အုံးအသံကြားတော့ ဟိုလူကြီး ပြန်တွန့်ဝင်သွား၏။

"ဟင်. . တိုက်ပုံ. . တိုက်ပုံ. . ငွား . . ငွားလာတာ. ."

"ဦးထုပ်နော် . ."

"ဦးထုပ်. . ဦးထုပ်က ရည်းစားပေါင်း . ."

လူကြီး ဟိုဘက်ပြေးရမလို ဒီဘက်ပြေးရမလိုဖြစ်နေ၏။ အတန်ကြာမှ ဝေခွဲမရတော့ဟန် ငိုသံကြီးဖြင့်. .

"ဟင်. . တစ်ဖက်က တိုက်ပုံ၊ တစ်ဖက်က ဦးထုပ်. . ငါဘာ လုပ်ရမှာလဲ. ."

ဆိုတော့ ကောင်လေးက. .

"ဟေ့ကောင်. . မင်းယူထားတဲ့ တိုက်ပုံပြန်ပေးလိုက်"

သူ့စကားကို စပါယ်အုံးက. .

"မင်းဦးထုပ်သာ ပြန်ပေးလိုက်စမ်းပါ"

"မပေးနိုင်ဘူး. . တောက်. . လက်ယားလာပြီနော်. . ခုံဆွဲ သုတ်ထည့်လိုက်မှဖြင့်. ."

"ကြာပါတယ်. . တိုက်ပုံ မီးပုံထဲသွားပစ်ထည့်လိုက်မယ်. . ကိုင်း. . မြန်မြန်သာညှိစမ်းကွာ . ."

www.foreverspace.com.mm

ဆိုတော့ ကောင်လေးက. .

"ဒါဖြင့် ဒီလူကြီးကို အလယ်စည်းခွထိုင်ခိုင်းလိုက်. . မင်းလည်း မင်းဘက်အခြမ်းချ. . ငါလည်း ငါ့ဘက်အခြမ်းငါချမယ်"

"အေး. . ဒါဆိုလည်း ပြီးရော"

ဟုဆို၍ညိုကာ စားသုံးသူကို. .

"ဒီမှာ ဦးကြီး. ."

"ခင်ဗျာ. ."

"ခင်ဗျားပစ္စည်းနှစ်ခုလုံး ပြန်လိုချင်တယ်မဟုတ်လား"

"လိုချင်တာပေါ့ဗျာ. . အဖိုးတန်တွေပဲ. ."

"ဒါဆို. . ဟောဒီ ဆိုင်အလယ်စည်းမှာ ဖိနပ်တစ်ဖက်စီ ချပြီး ခွထိုင်လိုက်"

"ဟင်. . ဒီအလယ်စည်းမှာ ဖိနပ်ခွထိုင်ရမယ်"

လူကြီးအမေးကို ကောင်လေး မိန့်မိန့်ကြီးခေါင်းညိတ်ကာ. .

"ဟုတ်တယ်. . ဒီမှာခွထိုင် ဟိုဘက်လည်း တစ်လက်မ မစွန်းနဲ့. . ဒီဘက်လည်း တစ်လက်မ မစွန်းနဲ့. . အလယ်စည်းနဲ့ ဖင်ကြား တစ်သားတည်းကျပါစေ. ."

"ဩော်. . အင်း. . မစွန်းစေရပါဘူး. . မစွန်းစေရပါဘူး"

ဟုဆိုကာ ဖိနပ်ကလေးချွတ်၊ ဖင်ခုထိုင်လိုက်သည်။ ထိုတော့ မှနှစ်ယောက်သား လက်ဖက်ရည်နှင့် နန်းကြီးသုပ်ချကာ. .

"ဒီလိုဖြစ်ရမှာပေါ့. . ဒါပေမဲ့ လက်ဖက်ရည်သောက်ချိန် ဟိုဘက်ကို ခေါင်းမကျော်ရဘူး. . နန်းကြီးသုပ်စားချိန် ဒီဘက်ကို ခေါင်း မကျော်လာနဲ့. . အဲဒါတော့ဂရုစိုက်. ."

"ဩော်. . အဲဒီလိုလား. ."

ဟုဆိုကာ လူကြီးခမျာ အလယ်စည်းခွထိုင်၍ စားရသောက်

ရလေသည်။ ဤတွင်တောင် ရိုးရိုးစားရသည်မဟုတ်။ ဟိုဘက်က နန်းကြီးသုပ်တစ်ဇွန်းစားပြီး ဒီဘက် လက်ဖက်ရည်သောက်ရန် ခေါင်း ရောက်လာပြီဆို. .

"ပါးစပ်ဟစမ်း"

ဟပြရသည်။

"ကျန်သေးတယ်. . ဟိုဘက်ကဟာ ကုန်အောင်ဝါးပြီးမှ ခေါင်းဒီဘက်လှည့်"

ကုန်အောင်ဝါးရ၏။

"ဟစမ်း. ."

ဟပြရပြန်သည်။

"အင်း. . ကုန်ပြီ သောက်"

"သောက်ပြီးပြီလား"

"ပလုတ်ကျင်းဦး. . ပြီးမှ ဒီဘက်ပြန်လှည့်"

အဲဒီလို။ မြင့်ဆွေနှင့်လေပြည်က အဲဒီအဖြစ်ကိုမမြင်၍ မဟုတ်။ မြင်သည်။ သို့သော် တစ်ယောက်ကိုတစ်ယောက် အမုန်းပွားစိတ်နှင့် ဘာမှဝင်မပြော။ ဒီအတိုင်းကြည့်နေသည်။ နှစ်ဖက် အမျိုးများက လည်း မုန်းပြီဆို. .

"ဟိုကောင်. . မင်းအရိပ် ငါတို့ဘက်ကျနေပြီ. . ပြန်ဆုတ်စမ်း မဆုတ်ရင် မင်းအရိပ်ကိုငါဖိနပ်နဲ့ချမှာနော်. . သြော်. . ပြောနေကြပါတယ် ဒီလောက်ကျူးကျော်နိုင်တဲ့အရိပ် အင်းဟာ. . အင်းဟာ"

ဆိုပြီး ဖိနပ်နဲ့ချတဲ့အဆင့်. .

x x x

www.foreverspace.com.mm

ဟိုမှာလေ. .
ဇွဲတူကို
ဟိုကောင်မ
ဖားလက်တက်က
သရက်ပင်အောက်မှာ
ဖြားယောင်းနေတာ

ကြာပြီ. . ကြာခဲ့ပါပြီ။ မြင့်ဆွေနှင့် လေပြည်မျိုးတို့ တစ်အိမ်တည်းနေ တစ်ရေတည်းသောက်ပြီး တစ်ယောက်ကိုတစ်ယောက် မခေါ်မပြောတာ ကြာလှပါပြီ။

နေ့စဉ်မြင်နေရပါလျက်၊ နေ့စဉ် ကောင်တာချင်းကပ်လျက် ထိုင်နေပါလျက်နဲ့ တစ်ယောက်ကိုတစ်ယောက် မခေါ်မပြောတာ ကြာပါပြီ။

သူတို့ရဲ့ဆိုင်ကလေးဟာလည်း အရင်က ကြိတ်ကြိတ်တိုး စည်ကားခဲ့ပါလျက်နဲ့ အခုတော့ အဆင်မပြေမှုများစွာတို့ကြောင့် တစ်စတစ်စ တိတ်ဆိတ်ခြောက်ကပ်နေခဲ့လေပြီ။ လင်နဲ့မယား လျှာနဲ့သွား မဟုတ်လား။ အဆင်မပြေတော့လည်း ခဏပေါ့။ ကြာတော့လည်း နေ့စဉ်မြင်တွေ့နေပါလျက်နှင့် မခေါ်မပြောဖြစ်တော့ မရိုးမရွ ဖြစ်လာသည်။ ထို့ကြောင့်. . ။

www.foreverspace.com.mm

"ချွတ် ချွတ်. . "

မြင့်ဆွေ၏တိုးတိုးဖွဖွခေါ်သံ။ လေပြည်ကလှည့်မကြည့်။

"ချွတ် ချွတ် ချွတ်. . "

မြင့်ဆွေ အသံအနည်းငယ်ထပ်မြှင့်၍ခေါ်သည်။ လေပြည်က လေသံလေးနဲ့

"ဘာလဲ"

ဟူ၍မေး၏။ မြင့်ဆွေက အနောက်ဘက်ကိုသွားရန် လက်နှင့်ညွှန်ပြ၏။ လေပြည်က မလိုက်နိုင်ကြောင်းခေါင်းခါသည်။ မြင့်ဆွေက စားပွဲပေါ် မှောက်အိပ်သယောင်ဖြင့်. .

"ပြောစရာရှိလို့. . "

ဟု တိုးတိုးကပ်ပြော၏။ လေပြည်က မျက်နှာကိုတမင်သုန်မှုန်ထား၏။

"အရေးကြီးတဲ့စကားပြောစရာရှိလို့ အနောက်ကို ခဏလာခဲ့ပါ"

လေပြည်က ခပ်ဆတ်ဆတ်ခေါင်းညိတ်ပြသည်။ ထိုတော့မှ မြင့်ဆွေဝမ်းသာသွားပြီး ဆိုင်အနောက်ဘက် ကုပ်ချောင်းချောင်းနှင့် ထွက်သွားလေသည်။

အရိပ်ကောင်းသော ခြံထောင့်မှသရက်ပင်အောက် မြင့်ဆွေစောင့်နေသည်။ သိပ်မကြာလိုက်ပါ ခြေဖွနင်းရင်း လေပြည်ရောက်လာ၏။ ပြီးတော့ တမင်မှုန်ထားသောမျက်နှာဖြင့်. .

"ဘာပြောစရာရှိလို့လဲပြော. . "

မြင့်ဆွေက သုန်မှုန်နေသောမျက်နှာကိုကြည့်ရင်း. .

"လွမ်းလိုက်တာ လေပြည်ရာ. . "

www.foreverspace.com.mm

ဟုဆို၍ လေပြည့်လက်ကလေးကိုဆွဲကိုင်၏။ ဒါကို လေပြည်က ဟန်လုပ်ရုန်းရင်း. .

"အဲဒါပြောဖို့ပဲလား . . အဲဒါပြောဖို့ပဲဆိုရင်ပြန်မယ်"

ဆိုပြီး လှည့်ထွက်ရန်ပြင်တော့ မြင့်ဆွေကလက်ကိုဆွဲ ရင်း. .

"ခဏ. . ခဏလေးပါ လေပြည်ရာ. . ကိုယ်ပြောစရာရှိသေးလို့ပါ"

လေပြည် မြင့်ဆွေဘက်ပြန်လှည့်လာ၏။

"ကိုယ်တို့နှစ်ယောက်လည်း နီးလျက်နဲ့ဝေးနေရတာယ်နော်"

လေပြည်ခေါင်းငုံ့နေသည်။ ဘာမှတော့ပြန်မပြော. . ။

"ကိုယ်တို့ ဒီအတိုင်းဆက်သွားရင် မလွယ်လောက်တော့ဘူးနော် လေပြေ. ."

"အဲဒီတော့ ဘယ်လိုလုပ်ချင်တာလဲ"

"အဲဒီတော့ . . "

မြင့်ဆွေ ခေတ္တစဉ်းစားရင်း စကားတွေစီနေ၏။

"နောက်ဆို ကိုယ်တို့ သားတွေသမီးတွေပါရလာရင်. . "

သားတွေသမီးတွေဆိုသည့်အသံကြားသည်နှင့် လေပြည်မျက်ခုံးအစုံ မြင့်တက်သွား၏။ ဟုတ်သား. . သူ့မှာ ကိုယ်ဝန်ရှိနေပြီဖြစ်ကြောင်း သူ မြင့်ဆွေကိုပြောမှမပြောရသေးတာ။ ထို့ကြောင့် မြင့်ဆွေ လက်ကို အားရပါးရဆွဲကိုင်ပြီး. .

"သားသမီးဆိုလို့ပြောရဦးမယ် . . "

ဟု အစချီ ပြောမည်ကြံတုန်းမှာပင်. .

"ဟိတ် . . မပြေးနဲ့"

အော်သံကြား၍လှည့်ကြည့်လိုက်တော့ ဒေါ်ခင်ဆွေ. . ခါးကြီးထောက်ပြီး သူတို့နှစ်ယောက်ကိုကြည့်နေ၏။

www.foreverspace.com.mm

"ဟိုကောင်မ. . နင်ပျောက်သွားကတည်းက နင် ဘယ်အပေါက်ချိုးမလဲဆိုတာ ငါသိပြီးသား. . ခင်ဆွေတဲ့နော်. . တစ်သက်လုံး ဂိမ်းကစားလာတာ. . ဘယ်ခြေလှမ်းတာနဲ့ ဂိမ်းအိုဗာဖြစ်မယ်ဆိုတာ သိပြီးသား. . ဟား ဟား. . ဒီလိုလိုမ့်လို့ဘယ်ရမှာလဲ. . မိပြီကွ. . မိပြီ"

သူ့အော်သံကြားတော့ မြင့်ဆွေက တိတ်တိတ်နေရန် တောင်းပန်မည်ကြံသေး၏။ ကျန်သည့်အမျိုးတွေကပါ ပြေးလာပြီး. .

"ဘာဖြစ်တာလဲကွ . . ဘာဖြစ်တာလဲ. . "

အော်သံများဖြင့် ရောက်လာကြ၏။ သူတို့နှစ်ယောက်ကိုလည်းမြင်ရော အားလုံးအံ့အားသင့်သွားကြသည်။

"ဟင် . . ဘယ်လိုဖြစ်ကြတာလဲ"

"ဘာ . . ဘာလုပ်နေကြတာလဲ"

ဟူသောအမေးကို ဒေါ်ခင်ဆွေက လူတတ်ကြီးလုပ်ပြီး. .

"ဟိုမှာလေ. . ငါ့တူကို ဟိုကောင်မ ဖားလက်တက်က သရက်ပင်အောက်မှာ ဖြားယောင်းနေတာ"

သူ့စကားလည်းကြားရော လေပြည်၏ကြီးတော် ဒေါ်တင်မေ တင်းသွားပြီး. .

"ဟင်. . ငါ့တူမကိုများ ဖားလက်တက်လေး ဖြားယောင်းသလေးနဲ့ပြောတယ်. . နင့်တူ အလေနတောက မျှားခေါ်သွားလို့ ငါ့တူမ ပါသွားတာဟဲ့. . "

သူ့စကားက မြင့်ဆွေ၏အမျိုးများကို ဆွပေးလိုက်သလိုဖြစ်သွားပြီး. .

"အောင်မာ. . တို့ကိုမြင့်ဆွေကိုများ အလေနတောတဲ့ . . နင်တို့မှ အုတ်ကြားမြက်ပေါက်. . လမ်းဘေး ရေအိုးစင်သောက်

. . နေတဲ့ အမျိုးကများ. . "

ဟိုဘက်ကလည်းမခံ. . ။

. . နင်တို့ အမျိုးကမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဘာကူညီဖူးလဲ ရွာမှာအလုပ်မရှိလို့ မြို့မှာ အလေလာလိုက်နေတဲ့ အမျိုးကများ . . "

"ဟေ့. . စကားပြောရင် ကောင်းကောင်းပြော. . အမျိုး တော့ မထိနဲ့"

"ထိတော့ဘာဖြစ်လဲ . . "

"ထိတော့ ဟောသည်လိုဖြစ်တယ်ကွာ. . "

အခြေအနေက ချက်ချင်းဝုန်းဒိုင်းကြဲကုန်၏။ တစ်ဖက်ကို တစ်ဖက် ကုတ်ကြဖဲ့ကြနှင့် မြင့်ဆွေနှင့်လေပြည်မျိုးတို့လည်း ဝင်ဆွဲ၍ မနိုင်တော့။ ဘယ်လောက်ထိလဲဆို အိမ်ပေါ်က လူမမာ ဦးကျော် ကပါ နှစ်ထောင့်ရှစ် နိုဝင်ဘာမှသေမည့်အစား သူ့ပိုလီယိုလက်တို ကြီးနှင့် ဘေးနားက အဘက်ကို လည်ပင်းထညှစ်နေသေး၏။ ဤမျှ အမျိုးချစ်ပုံ. . ။

x x x

နောက်နေ့ ဆိုင်ခုံမှာထိုင်ရင်း လေပြည် လူအလစ်သာ ချောင်းနေ၏။ မနေ့ကရန်ဖြစ်၍ မြင့်ဆွေကို မပြောလိုက်ရသော စကားကို ပြောချင်နေပုံရသည်။ အမျိုးများကလည်း ဒဏ်ရာကိုယ်စီနှင့် ငူငူငိုင်ငိုင်ထိုင်နေကြသည်။ တစ်ဖက်နှင့်တစ်ဖက် ရန်စောင်နေတုန်း . .

"ချွတ် ချွတ် ချွတ် . . "

မြင့်ဆွေလှည့်မကြည့်။

"ချွတ် ချွတ် ချွတ် . . "

ဒီတစ်ခါတော့ မြင့်ဆွေမနေနိုင်တော့ လှည့်ကြည့်ပြီး . .

"ဘာလဲ . . "

ဟု အသံတိတ်မေး၏။ ဒါကို လေပြည်က အနောက်ဘက်သွားရန်မျက်စပစ်ပြသည်။ မြင့်ဆွေမှ မနေ့ကအဖြစ်အပျက်ကိုသတိရ

သွား၍ ခေါင်းခါပြသည်။ လေပြည်က. .

"ပြောစရာရှိလို့. . "

မြင့်ဆွေခေါင်းခါသည်။ လေပြည်အကြံအိုက်သွားသည်။ နောက်မှ သတိရသွားပြီး. .

"ဟိတ်. . ဒီမှာကြည့်စမ်း"

မြင့်ဆွေလှည့်ကြည့်သည်။ လေပြည်က ကလေးချီပြီး လွဲသည့်ပုံလုပ်ပြသည်။ ထိုအပြုအမူကိုမြင်တော့ မြင့်ဆွေဝမ်းသာသွားပြီး. .

"တကယ်လား"

အသံတိတ်မေး၏။ လေပြည်က ရှက်ပြုံးနှင့် ခေါင်းညိတ်ပြ၏။ ထိုတော့မှ မြင့်ဆွေ ထိုင်နေသောခုံမှထကာ. .

"ဒါဆို ကိုယ် မနေ့ကသရက်ပင်အောက်ကစောင့်မယ်"

ဟုဆို၍ လူရိပ်လူခြေကြည့်ကာ ကမန်းကတန်းထွက်သွား၏။

သိပ်မကြာခင်အချိန်အတွင်း မြင့်ဆွေစောင့်နေသော သရက်ပင်အောက် လေပြည်ရောက်လာ၏။ မြင့်ဆွေခမျာ ဟန်ပင် မဆောင်နိုင်ဘဲ လေပြည့်ပခုံးကိုဆွဲကာ . . .

"တကယ်ပဲလားဟင်. . တကယ်ပဲလား. . "

ဆိုတော့ လေပြည်က ရှက်ဟန်နှင့်ခေါင်းငုံ့ပြီး. .

"တကယ်ပေါ့. . ဒါလိမ်စရာလား . . "

"ဟား. . ကိုယ်တော့ သိပ်ဝမ်းသာသွားပြီကွာ. . ဟား ဟား မြင့်ဆွေတို့ လူဖြစ်ပြီကွ. . "

သူ့စကားကို လေပြည်က သူ့ပခုံးကိုပုတ်ပြီး. .

"အိုး . . ဒါပြောစရာလား"

ဟုဆိုကာ ပြုံးရင်းခေါင်းငုံ့နေ၏။

x x x

ဒီ အမျိုးတွေနဲ့
ဘယ်လိုလုပ်ရမှန်းကို
မသိတော့ဘူး . .
လေပြည့်ကိုယ်ဝန်ကလည်း
ဂျူးဒိတ်တောင်
ဘယ်လောက်မှ
မလိုတော့ဘူး

ဤသို့နှင့် ရာသီစက်ဝန်းက မဆိုစလောက်ရွေ့လျားရင်း တွားတက်ခဲ့တာတစ်ပတ်လည်လုပေါ့ . . . လေပြည်၏ . . . ချပ်ရပ်သွယ်လျတဲ့ကိုယ်ခန္ဓာကလည်း မိုးဦးကျဖားခုံညင်းကြီးများလို . . . ဝတပတလေးဖြစ်လာ၏။ တစ်နေ့တခြား ဆူဖြိုးလာသော လေပြည့်ဝမ်းဗိုက်ကလေးက မြင့်ဆွေအတွက်အမောပြေစရာ။ သို့သော်လည်း နှစ်ဖက်အမျိုးများကြောင့် လွတ်လပ်စွာတွေ့ချင်တိုင်းမတွေ့ရ တာချင်တိုင်းလည်း မတာရသော ဇနီးမောင်နှံဘဝက . . . . ဆားမပါသောဟင်းလို လိုတိုတိုကြီးဖြစ်နေ၏။ ဒီနေ့လည်း အရင်အခါများလို တွေ့နေကျ သရက်ပင်ကြီးအောက်တွင် နှစ်ယောက်သားခိုးကြောင်ခိုးဝှက်နှင့် ချိန်းတွေ့နေကြရပြန်သည်။

"အဲ. . ဒါနဲ့ ကိုယ်တို့ရှေ့ဆက်ရမယ့်ဘဝအတွက် ဘယ်လို

www.foreverspace.com.mm

လုပ်ကြမလဲ"

သူ့အမေးကို လေပြည်ကလည်း. .

"အင်းနော်. . လေပြည်လည်း အဲဒါပဲစဉ်းစားနေတာ. . ဒီအမျိုးတွေနဲ့ ဘယ်လိုလုပ်ရမှန်းကိုမသိတော့ဘူး . . လေပြည့်ကိုယ်ဝန်ကလည်း . . . ဂျူးဒိတ်တောင် ဘယ်လောက်မှမလိုတော့ဘူး . . . တစ်ခုခုတော့ ပြတ်ပြတ်သားသားဆုံးဖြတ်မှဖြစ်တော့မယ်ထင်တယ်"

"ဆုံးဖြတ်မယ်ဆိုတော့လည်း နှစ်ဖက်အမျိုးတွေက . . . ဘယ်လိုမှ ညှိလို့ရမှာမဟုတ်ဘူး . . ."

"သူတို့ကိုငဲ့မလား . . . ကိုယ့်ဘဝကိုယ်ငဲ့မလား ရွေးချယ်ရတော့မယ် . . ."

မြင့်ဆွေ နဖူးကြောထောင်လောက်အောင်စဉ်းစားရင်း

"အင်း . . . ဒါဖြင့် . . . ဒီလိုလုပ်ကြရအောင်"

နောက် သူတို့ခေါင်းနှစ်ခု ပူးကပ်ကုန်၏။ ပြောနေသူက မြင့်ဆွေ။ နားထောင်သူက လေပြည်။ မျက်မှောင်လေးကျုံ့သွားလိုက် "ဖြစ်ပါ့မလား"ဟု ပြန်မေးလိုက်ဖြစ်နေ၏။

နောက်. . ဆွေးနွေးပြီး၍ အတည်ပြုချက်ယူပြီးမှ နှစ်ယောက်သား ပျော်ရွှင်သွားကြ၏။

မောင်မြင့်ဆွေက လေပြည့်ဝမ်းကြာတိုက်ထဲမှ လှုပ်လှုည့်ကာ ဆော့ကစားနေသော သားကလေးကိုပွတ်သတ်နေ၏။ နောက်တော့။

x x x

www.foreverspace.com.mm

ဒေါ့။ ။
ကောင်မလေး
အရောင်းအဝယ်ကပါး။ ။
မလုပ်တတ် မကိုင်တတ်နဲ့
မွဲသွားပြီမှတ်တယ်။ ။
သူဌေးအတုတွေ။ ။
ဘယ်လောက်တင်းခံနိုင်မှာလဲ။ ။
နော။ ။

နောက်တစ်နေ့မနက် နေမြင့်မှ မြင့်ဆွေအိပ်ရာမှနိုးလာ၏။ သူ့ကိုစောင့်နေသော ဦးပေစိမှ. .

"ဘယ့်နှယ်လဲ မောင်မြင့်ဆွေရ. . ဆိုင်ဖွင့်ဖို့ မင်းကိုစောင့်နေတာ. . ဒီအချိန်မှအိပ်ရာထတော့ ဆိုင်ကိုဘယ်အချိန်ဖွင့်မှာလဲ"

ဦးပေစိအမေးကို မောင်မြင့်ဆွေက. .

"ဆိုင်မဖွင့်တော့ပါဘူးဗျာ. . အရောင်းအဝယ်ကလည်း မကောင်း. . အရင်းအနှီးကလည်းကုန်နဲ့ မဖွင့်နိုင်တော့ပါဘူး"

သူ့စကားကို ဘေးနားရှိနေတော့ ဒေါ်ခင်ဆွေက. .

"ဟဲ့. . ဟိုဘက်ဆိုင်ပိတ်ထားတုန်း ဆိုင်ခင်းပါလား. . ဒါဆို တို့တစ်ဦးတည်း ပိုရောင်းကောင်းမှာပေါ့"

www.foreverspace.com.mm

"ဟိုဘက်ဆိုင်လည်း ပိတ်တာလား. ."

လေပြည် သူ့စကားနားထောင်သည့်အတွက် မြင့်ဆွေဝမ်း သာသွား၏။

"အေး. . ကောင်မတွေ အရောင်းအဝယ်ကပါး. . မလုပ်တတ် မကိုင်တတ်နဲ့ မွဲသွားပြီမှတ်တယ်. . သူဌေးအတုတွေ. . ဘယ် လောက် တင်းခံနိုင်မှာလဲ . . နော. ."

"ဒီစီးပွားပျက်ပုံနဲ့ ဒီကောင်မလေး ကလေးတောင်မွေးနိုင် မယ်မထင်ဘူး . ."

ဒေါ်မူမူ၏မဲ့ရွဲ့ကာပြောသည့်စကား။ မြင့်ဆွေဝမ်းသာနေ သည့်ကြားကမှ မျက်နှာကို အိုချလိုက်ပြီး. .

"သူတို့မွဲသလို ကျွန်တော်လည်းမွဲနေတာပဲဗျာ. . အခုဆို နို့ဆီ တစ်လုံးဖိုးတောင်မရှိတော့ဘူး"

သူ့စကားကြားတော့ အားလုံး တစ်ယောက်မျက်နှာ တစ် ယောက်ကြည့်ကြသည်။ အတန်ကြာမှ ကောင်လေးက. .

"ဒါဆို ထမင်းစားဖို့ကရော. ."

"ထမင်းစားဖို့ကတော့ ဆိုင်မှာရောင်းမကုန်လို့ ကျန်နေတဲ့ မုန့်သာ ကုန်အောင်စားကြ. . ဆန်ဝယ်ဖို့တောင် ပိုက်ဆံမရှိတော့ဘူး"

အားလုံး ပါးစပ်အဟောင်းသားနှင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြပြန်သည်။ ဘာမှဆက်မပြောကြတော့။ ငူငူ ငိုင်ငိုင်နှင့် တစ်ယောက်တစ်ထောင့် ထိုင်နေကြလေသည်။

x x x

www.foreverspace.com.mm

ဟွဲ. . လွဲလွဲဆွေ. .
ဒီအတိုင်းနေလို့ကတော့
ပထမဆုံးငေါ်သေတဲ့
မသာစာရင်းထဲမှာ
ငါတို့ပါသွားတော့မယ်. .

နေမြင့်ပြီ။

အားလုံး အလွန်အမင်းဆာလောင်နေဟန်နှင့် တစ်ယောက်ကို တစ်ယောက်ကြည့်ကြသည်။ မောင်မြင့်ဆွေနှင့် လေပြည်တို့ကတော့ စားပွဲတွင် စိတ်ပျက်လက်ပျက် မှောက်အိပ်နေဟန်နှင့် စားပွဲထဲကြိုထည့်ထားသော မုန့်များကိုခိုးစားနေကြသည်။ ပြီးလျှင် မျက်နှာသေကလေးနှင့် ပေကလပ် ပေကလပ်ဖြင့် သနားစဖွယ်လိုက်ကြည့်နေသည်။

ကျန်သည့်အမျိုးတွေကတော့ အာရည်တရွဲရွဲ ချွေးတသီးသီးနှင့် နေမထိထိုင်မသာဖြစ်နေကြပုံရ၏။ စားစရာ မုန့်ပဲသားရေစာများကလည်း မြင့်ဆွေနှင့်လေပြည် ကြိုတင်သိမ်းထားပြီးပြီမို့ ဘာမှထွေထွေထူးထူး စားစရာမရှိ။ ဝမ်းနုတ်ထားသောမျောက်ကို အဝေးမှငှက်ပျောသီးပြနေသည်နှင့်ပင် တူနေသေး၏။

www.foreverspace.com.mm

နေဝင်ခါနီးပြီ။

ဒေါ်ခင်ဆွေမနေနိုင်တော့. . ။

"ဟဲ့. . လဲ့လဲ့ဆွေ. . ဒီအတိုင်းနေလို့ကတော့ ပထမဆုံး ငတ်သေတဲ့ မသာစာရင်းထဲမှာ ငါတို့ပါသွားတော့မယ်. . နင့်ယောကျ်ား တင်မောင်လွင်ကိုခေါ်စမ်း. . နယ်မှာပဲ လည်သလို ပြန်လုပ်စားတာကမှ ကိစ္စအေးဦးမယ်. . အခုနေပြန်ရင် ညကားတော့ မီသေးတယ်. . တို့တွေ ရွာပြန်ရအောင်. . "

ဆိုတော့ ကောင်လေးတို့ကပါ သက်ပြင်းချပြီး. .

"အင်း. . ဟုတ်ပါရဲ့. . ရွာမှာဆိုရင် ဒီလိုအဖြစ်မျိုးဖြစ်ရင် တောင် ကြိုက်တဲ့အိမ်တက်စားလို့ရတယ်. . ရန်ကုန်မှာက အသိမရှိ ဘာမရှိနဲ့. . ကြာရင်မလွယ်လောက်ဘူး. . ရွာပြန်တာပဲကောင်းပါ တယ်"

သူ့စကားကို ဦးပေစိက. .

"ဟုတ်ပါ့ကွာ. . ရွာမှာကအရက်မကောင်းပေမယ့် ရေတော့ မရောဘူးကွ. . ငါလည်းဒီမှာ ရေရောတဲ့အရက်သောက်နေရတာ ငြီးငွေ့လာပြီ. . ရွာပြန်တာပဲ အေးပါတယ်"

ဟုဆို၍ ကိုယ့်အထုပ်ကိုယ်ဆွဲယူလိုက်ကြသည်။ ပြီးနောက် ကောင်တာစားပွဲပေါ် ငူငူငိုင်ငိုင်နှင့်ထိုင်နေသော မောင်မြင့်ဆွေကို. . .

"မြင့်ဆွေရေ ငါတို့ပြန်တော့မယ်. . နောက်တော့မှ အဆင် ပြေမှပဲ လာလည်တော့မယ်"

ဆိုတော့ မြင့်ဆွေက တမင်ငယ်ထားသော မျက်နှာငယ် ကလေးဖြင့်. .

"တစ်ရက်နှစ်ရက်လောက် နေကြပါဦးဗျာ . . . ကျွန်တော် ကြံဖန်ကြည့်ပါဦးမယ် . . . "

www.foreverspace.com.mm

သူ့စကားလည်းကြားရော အားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး. .

"တော်. . တော်ပါပြီ. . ဒီမှာ တစ်ရက်တည်းနဲ့တင် ဗိုက်ထဲမှာ လမ်းကြိတ်စက်နှစ်စီး ခေါင်းချင်းဆိုင်တိုက်မိသလို ဖြစ်နေပါပြီ. . နှစ်ရက် သုံးရက်ဆို. . အင်း. . နာရေးကူညီမှုအသင်းကို ကြိုအကြောင်းကြား ထားရမယ်. . ကဲ. . သွားပြီ သွားပြီ"

အမျိုးများခပ်ဟဟမင်မပြုံးနိုင်ဘဲ ခပ်သွက်သွက် ထွက်သွားကြလေသည်။ မြင့်ဆွေ တို့ဘက်မှအမျိုးများအားလုံး ထွက်သွားသည်ကိုကြည့်ပြီး လေပြည်တို့ဆိုင်ဘက်မှ ကျော်ရဲတို့ကလည်း. .

"အင်း. . ဟိုဘက်ဆိုင်က လူတွေကတော့ အမြင်မှန်ရပြီး ပြန်ကြကုန်ပြီ. . ငါတို့လည်း ဒီမှာဆက်နေရင် မလွယ်လောက်တော့ဘူး။ တက်လမ်းလည်း ရှိလာမှာမဟုတ်ဘူး. . ရွာမှာနေရင် ကိုယ့်ဘာသာကိုယ် ငေါ်နေပွေးနေလို့ရသေးတယ်. . ဒီမှာလူအများကြီး နဲ့က ငေါ်ပွေးဖို့ဆိုတာ အတော်မလွယ်တဲ့ကိစ္စ။ နောက်ပြီး ရွာမှာ အပ်ထိုးဆရာလုပ်နေရင် တင်ပါးလေးဘာလေး မြင်ရသေးတယ်. . ဒီမှာက ချောက်ချောက်ကြီး. . ဒီတော့ ရွာပြန်ပြီး ငေါ်နေပွေးနေတာ ပဲ ကောင်းပါတယ်. . "

သူ့စကားကို အားလုံးကလည်း. .

"ဟုတ်ပါ့ကွာ. . ဒီမှာနေတာအတော်ကြာပြီ ကိုယ့်အတွက် ဘာမှကျန်တာလည်းမဟုတ်ဘူး. . ရွာပြန်ပြီး မိဘလက်ငုတ် ပြန်လုပ်စားတာပဲကောင်းပါတယ်"

ဟုဆိုကာ ကိုယ်စီအထုပ်ကလေးများဆွဲ၍. .

"လေပြည်ရေ. . တို့ပြန်တော့မယ်ကွယ်. . ရွာမှာပဲ ရှိရင်းစွဲ အလုပ်တွေ ပြန်လုပ်တော့မယ်"

"သွားပြီ မမလေပြည်ရေ. . "

ဟုဆိုကာ အသီးသီးနှုတ်ဆက်သွားကြလေသည်။ လေပြည်ကလည်း ဝမ်းသာစိတ်ကိုမျိုသိပ်၍ မျက်နှာငယ်ကလေးဖြင့်. .

"သွားကြတော့မှာလား . . တစ်ရက်နှစ်ရက်နေပါဦး"

ဆိုတာကိုတောင် ဘယ်သူမှလှည့်မကြည့်ကြတော့။ '

အားလုံးလူရှင်းပြီး နှစ်ယောက်တည်းကျန်သောအခါမှ မြင့်ဆွေနှင့် လေပြည်မျိုးတို့နှစ်ယောက်လုံး ပျော်ရွှင်စွာ ထလာကြသည်။ ပြီးနောက် တစ်ယောက်ကိုတစ်ယောက်ပြုံးကြည့်ပြီး. .

"ကဲ. . ဒီနေ့ကစပြီး တို့နှစ်ယောက်ဘဝတစ်ခု ပြန်တည်ဆောက်တော့မယ် . . ဘယ်သူ့ကိုမှအားမကိုးဘဲ တို့တွေတက်ညီလက်ညီနဲ့ ပြန်လည်ချီတက်ကြမယ်"

"ဟုတ်တယ်နော်. . ဖြစ်ပြီးတာတွေအားလုံးကို မေ့ပစ်ပြီး. . ပျော်ရွှင်တဲ့ဘဝကို ပြန်လည်တည်ဆောက်ကြတာပေါ့. . "

လေပြည်မျိုး၏ထောက်ခံစကားကို မြင့်ဆွေက. .

"ကဲ. . အခုအချိန်ကစပြီး ဆွေနဲ့မျိုး ပြန်လည်ပေါင်းစပ်ပါပြီခင်ဗျား"

ဟုဆိုကာ ဆွဲထားသော ဆွေတခြား မျိုးတခြားဖြစ်နေသောဆိုင်းဘုတ်ကို ပြန်လည်ပေါင်းစပ်လိုက်လေသည်။ နောက် ကြိုးတစ်ချောင်းကို အလျင်အမြန်ရှာကာ. .

"ရော့. . လေပြည် ခဏလောက်ကြိုးကိုကိုင်ထားပေးပါ"

မြင့်ဆွေစကားကြောင့် လေပြည်ကြောင်သွားပြီး. .

"ဟင်. . ဘာလုပ်ဖို့လဲဟင် . . "

မြင့်ဆွေက အိကြာကွေးညှပ်သည့် ကတ်ကြေးသွားယူလာပြီး. .

www.foreverspace.com.mm

"ပြန်လည်ပေါင်းစည်းရေးအတွက် ဖဲကြိုးဖြတ်ရမှာလေ. . "

ဆိုတော့ လေပြည် အားရပါးရရယ်ပြီး. .

"သူသိပ်စိတ်ကူးယဉ်တာပဲ"

ဟုဆိုသည်။ မြင့်ဆွေက လေပြည်ကိုင်ထားသောကြိုးကို ကတ်ကြေးနှင့်တော့ကာ. .

"ကဲ. . ဆွေမျိုးပြန်လည်ပေါင်းစည်းရေး ဖဲကြိုးဖြတ်ဖွင့်လှစ်လိုက်ပါပြီ"

"ဝေး ဟေး ဟေး. . "

"ရှိုး ဖြောင်း ဖြောင်း. . "

"ရှိုး ဖြောင်း ဖြောင်း. . "

"ဝမ်းစမိုး"

"ကိုဆွေနဲ့ မမျိုးစီးပွားတိုးပါစေ"

"ကိုယ်ဆွေကိုယ်မျိုးစီးပွားတိုးပါစေ"

"ဟင်. . "

ဘေးနားက ကျယ်လောင်သောအော်သံ လက်ခုပ်သံများကြား၍ လှည့်ကြည့်လိုက်ရာ. .

"ဟင် . . "

"ဟာ . . "

ခုနက ပြန်ပြီဆိုသောအမျိုးများ အထုပ်အပိုးကိုယ်စီနှင့် ပြန်ရောက်နေခြင်းဖြစ်၏။ မြင့်ဆွေနှင့်လေပြည်တို့လည်း ထင်မှတ်မထားသော အမျိုးများကိုမြင်၍ အံ့အားသင့်သွားပြီး. .

"ဟင် . . ခင်. . ခင်ဗျားတို့ ပြန်ကြပြီဆို. . ဘယ်က. . ဘယ်လို. . "

"ဟင်. . သူတို့. . သူတို့ ဘယ်လိုပြန်ရောက်. . "

www.foreverspace.com.mm

သူတို့၏ အံ့ဩတကြီးအမေးကို အမျိုးများက. .

"ပြန်လာတာပေ့. . ပြန်လာကြတာ"

အမျိုးများစကားကို မြင့်ဆွေက. .

"ဟင်. . ခင်ဗျားတို့ ခုနက ပြန်ကြပြီဆို. ."

ဟူသောအမေးကို ဒေါ်ခင်ဆွေက. .

"အစကတော့ ပြန်ကြမလို့ပါပဲ. . ဒါပေမဲ့ မောင်မြင့်ဆွေတို့ လေပြည်တို့အပေါ်မှာ တို့မှားခဲ့တာတွေ. . ဆိုင်ကိုပျက်စီးအောင်. . စီးပွားပျက်အောင်လုပ်ခဲ့မိတာတွေကိုစဉ်းစားမိပြီး အမြင်မှန်ရလို့ အခု တို့အမျိုးတွေ ရှိသမျှပစ္စည်းလေးတွေကိုစုပြီး ဆိုင်ပြန်ထောင်ပြီး ညီညီညွတ်ညွတ်လုပ်စားကြဖို့ ပြန်လာတာ. ."

ဒေါ်ခင်ဆွေစကားလည်းကြားရော မြင့်ဆွေ မျက်လုံးပြူး သွားပြီး. .

"ဟာ . . မလို. . မလို. ."

သူ့စကားပင်မဆုံးလိုက်။ လေပြည့်ထံမှ "အား"ခနဲအော်သံ ကြားရ၏။

မြင့်ဆွေက လေပြည့်ကိုပြန်ကြည့်ရင်း. .

"ဟင်. . လေပြည် ဘာဖြစ်လို့လဲ"

လေပြည်က သူ့ဗိုက် သူကိုင်ရင်း. .

"ဗိုက်. . ဗိုက်. ."

မြင့်ဆွေလည်း လန့်သွားပြီး. .

"ဟာ. . လေပြည်ဗိုက်နာလို့တဲ့ လုပ်ကြပါဦး"

အမျိုးများအားလုံး ပျာယာခတ်ကုန်ပြီး. .

"ဟာ. . လေပြည်ဗိုက်နာလို့တဲ့. . မွေးချင်လို့လားမသိဘူး"

"ဟဲ့. . ဒါဆို ကားခေါ်တဲ့လူခေါ်. . လိုအပ်တာထည့်တဲ့လူ ထည့်လေ. . "

"ဟဲ့. . ဟဲ့. . ခေတ်ဘူးမေ့ဦးမယ်. . ခေတ်ဘူး. . "

အမျိုးများအားလုံး ရှုပ်ယှက်ခတ်ကုန်၏။ ဟိုဟာယူ ဒီဟာဆွဲနှင့် မလဲမကွဲကုန်တာကံကောင်း. . ။

x x x

www.foreverspace.com.mm

အောင်မလေး. .
လုပ်ပါဦး. .
ဗိုက်. .
ဗိုက်နာလို့. . .

"အား. . . ကျွတ် ကျွတ် ကျွတ် . . ."

လေပြည့်ကိုဆေးရုံအတွင်းသို့ အမျိုးတစ်စု သယ်ပိုးရင်းရောက်လာကြသည်။ ဒေါ်တင်မေကအဝတ်ထုပ်ကြီးရွက်လို့ ဒေါ်မူမူက ဖျာလိပ်ကြီးပိုက်ကာ ဟိုတိုက်သည်တိုက်၊ ဦးပေစိကစောင်၊ ဝေလင်းက ခေါက်ဘူး၊ ကောင်လေးက ကလေးကစားစရာများ၊ မျိုးမြင့်ထွန်းက ချိုဘူး၊ လဲ့လဲ့ဆွေနှင့်တင်မောင်လွင်က ထမင်းအိုး ဟင်းအိုးများ၊ ဒေါ်ခင်ဆွေက ဆွဲခြင်းများစသဖြင့် မလွတ်တမ်း လွယ်ပိုးလာကြ၏။

"အောင်မလေး. . လုပ်ပါဦး. . ဗိုက်. . ဗိုက်နာလို့. . ."

လေပြည့်၏ နာကျင်စွာ အော်ဟစ်သံနှင့်အတူ. . .

X X X

www.foreverspace.com.mm

အေး . . .
ငါ့သားတော့ငါ့သားပဲ
ဒါပေမယ့်
နင်တို့ဘက်
မျိုးရိုးလိုက်လို့
ပြောနေတာ . . .

# အခင်း၏အဆုံး

"အဲဒါပါပဲဗျာ. . အဲဒါက လေပြည် ပထမအကြိမ် ဆေးရုံ တင်ရတာ . . . ကျွန်တော်ပထမဆုံးပြောခဲ့တာက လေပြည်ကလေး မွေးတာ. . ဟောဒီ မျိုးဆွေဆိုတဲ့ သားကိုလေ. . "

"အမျိုးတွေကတော့ သူနဲ့ကျွန်တော် စညားကတည်းက အိမ် ရောက်နေတယ်လို့ပဲ ပြောရမှာပဲ. . အခုတော့လည်း စည်းစည်းလုံး လုံး ချစ်ချစ်ခင်ခင်နဲ့ နေသားကျသွားပါပြီ"

"ဆွေမျိုးဆိုင်ကိုလည်းသူတို့တွေပဲဦးဆောင်လုပ်ပြီး တိုးတက် လာပါပြီ. . အခုဆိုရင် ကျွန်တော်တို့ ဆိုင်ခွဲတောင်ဖွင့်ဖို့ တိုင်ပင်နေ ကြပြီ. . ကျွန်တော်နဲ့လေပြည်ကတော့ ကြီးကြပ်ရုံ ကြီးကြပ်ရတော့ တာပေါ့. . အမျိုးညီညွတ်တော့လည်း စီးပွားဖြစ်တာပေါ့"

www.foreverspace.com.mm

"အားလုံးကိုလည်း ဒီနေရာကိုဖိတ်ခေါ်ပါတယ်။ အားလုံး ရန်ကုန်ရောက်ခဲ့ရင် ကျွန်တော်တို့ ဆွေမျိုးဆိုင်ကိုကြွခဲ့ပါ.. ဆွေအရင်း မျိုးအရင်းလို ပြုစုမယ့်အပြင် အစားအသောက်တွေစားပြီးရင် မိတ်ဆွေတို့နှုတ်ကိုက အားရပါးရကြီး.."

"ကိုယ်ဆွေကိုယ်မျိုး"

လို့ကို ရေရွတ်မိကြမှာပါ..

"ရှု . . . ရှု . . . ဘာနံ့ကြီးလဲ"

ပြောနေရင်းမောင်မြင့်ဆွေ နှာခေါင်းရှုံ့၏။ ပြီးနောက်ခပ်ဝေါက်ဝေါက်အသံဖြင့် . . .

"ဟင် . . . နံလိုက်တာ . . . ဘယ်သူလုပ်တာလဲကွဟေ"

လေပြည်၏ဖြေရှင်းသံ . . . .

"ရှင့်သားပဲဖြစ်မှာပေါ့ . . . ထိုင်နေတာ ရှင်ရယ် ကျွန်မရယ် သူရယ်ပဲရှိတာပဲ . . ."

"ဟင်. . . ဒီကလေးအီးက ဒီလောက်တောင်နံသလား"

"ဒါတော့ဘယ်သိမှာလဲ . . . ရှင့်ဘာသာရှင်ရှုကြည့်"

"ဟ . . . ရှုနေရလို့ပြောတာပေါ့ကွ. . . တောက် . . . မျိုးကိုက မကောင်းတာ. . ."

"ရှင်မျိုးရိုးကိုတော့မစော်ကားနဲ့ . . . ဒါရှင့်သားပဲမဟုတ်လား. . ."

"အေး . . . ငါ့သားတော့ငါ့သားပဲ . . . ဒါပေမယ့်နင်တို့ဘက် မျိုးရိုးလိုက်လို့ပြောနေတာ. . ."

"ရှင့်ကို ကျွန်မပြောထားပြီးသားနော် . . . မျိုးရိုးကိုမထိနဲ့လို့ . . ."

"ထိတော့ဘာဖြစ်လဲ"

"အေး . . . ထိတော့ဟောဒီလို"

"ခလွမ်"

"ဩော် . . . နင်ကဒီလိုလား . . . ဒီလိုဆိုတော့ငါကလည်း ဒီလို"

"ဝုန်း"

"ဟော့ . . . ဟိုမှာဆော်ကုန်ကြပြီကွ . . ."

"ဟော့ကောင်တွေ . . . ငါ့အမျိုးကိုမထိနဲ့ . . ."

"ထိတယ် ဘာလုပ်ချင်လဲ. . . . . . . . . . . . . . ."

"ထိရအောင် ငါ့အမျိုးနဲ့နင်နဲ့ တူလို့တန်လို့လား . . . ဟင် . . . နံ့သာဆီနံ့အီး ဖွတ်မြီးနံ့ပြောင်းဆန် ကွာချင်တိုင်းကွာနေတဲ့ ဟာတွေကများ"

"အောင်မာ ကောင်မ ဒီလောက်ပညာပေးထားတာတောင် စာမတတ်တဲ့ကောင်မ ငါလာပြီ . . ."

". . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ."

ဟုတ်ကဲ့ . . အားလုံးကိုကျေးဇူးတင်ပါတယ်။

**လေးစားစွာ ကြိုးစားလျက်**

**အကြည်တော်**

(၂၉. ၄. ဝ၇)

